# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိမိကိုယ်ကို ချစ်ရာရောက်

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၉၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့အား တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ဦးဆောင်သောအဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ဦးဆောင်သောအဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့၏ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာ သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✻

# မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ လုပ်ကြံဖန်တီးထားသည့် သတင်းအမှားများ ပျံ့နှံ့လျက်ရှိသဖြင့် သတိရှိကြရန်လိုအပ်ကြောင်း အယ်ဂျာဇီးယားရုပ်သံမှ ထုတ်လွှင့်




နေပြည်တော် ဇန်နဝါရီ ၆

ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ လုပ်ကြံဖန်တီးထားသည့် မှတ်တမ်းဓာတ်ပုံအမှားများဖြင့် သတင်းများ ထုတ်လွှင့်လျက်ရှိသဖြင့် သတိရှိကြရန် လိုအပ်ကြောင်း အယ်ဂျာဇီးယားရုပ်သံက ထုတ်လွှင့်ခဲ့သည်ဟု သိရသည်။

ထိုသို့ ထုတ်လွှင့်ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီး သတင်းထုတ်ပြန်ချက်တွင် အယ်ဂျာဇီးယားရုပ်မြင်သံကြားသတင်းဌာန၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် **Tweeter In Chief #Rohingya Fake News on AJNews Grid** အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ **Leah Harding** က ထိုသို့ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အစီအစဉ်တင်ဆက်သူ **Leah Harding** က ဓာတ်ပုံဖြင့် ဖော်ပြထားသော ၎င်းဖြစ်စဉ်ဖြစ်ရပ်မှာ လူမှုကွန်ရက်တွင် လူအများစိတ်ဝင်စားမှု ရရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် ထိုသို့ လူအများစိတ်ဝင်စားမှုသည် သတင်းမှားအတော်များများကို ပျံ့နှံ့စေနိုင်သည်ကို သတိထားရန်လိုအပ်ကြောင်း၊ မိမိတို့ **AJNews Grid** အစီအစဉ်သို့ အလွန်တရာပင် စိတ်ရှုပ်ဖွယ်ရာကောင်းသည့် ဓာတ်ပုံအတော်များများ ရောက်ရှိလာခဲ့ပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ရွှေပြည်နန်း** သနပ်ခါး

" မဲ့ခြောက်နေလောင် ဓမ္မဝေါင် ... ရှင်မတောင် အမြဲသုံး အလှသုံး "



ဒေါ်တင်စန္ဒာဝင်း

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မ မျက်နှာမှာ နေလောင်ကွက်နဲ့ မဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ)၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။



ထပ်ဆင့်ထောက်ခံအပ်ပါသည်

ဒေါ်တင်တင်မြင့်(အလယ်တန်းပြ)၊ အမှတ်(၃)၊ စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

အတိတ်သည် ပစ္စုပ္ပန်၏ မြစ်ဖျားခံရာဖြစ်သကဲ့သို့ ပစ္စုပ္ပန်သည်လည်း အနာဂတ်ကို ပုံကြမ်းလောင်းပေးပါသည်။ သို့ဖြစ်၍ တိုင်းပြည်အရေးကို ဆောင်ရွက်လိုသော ပုဂ္ဂိုလ်တိုင်းသည် တိုင်းပြည်၏ အတိတ်သမိုင်းကို လေ့လာသုံးသပ်ရန် လိုအပ်သကဲ့သို့ ပစ္စုပ္ပန်ကိုလည်း မျက်ခြည်မပြတ်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ အတိတ်သမိုင်းကို လေ့လာ၊ ပစ္စုပ္ပန်ကို မျက်ခြည်မပြတ်မှသာ တိုင်းပြည်၏ အနာဂတ်ကို တွေးဆပုံဖော်နိုင်မည်ဖြစ်ပါသည်။ နယ်ချဲ့ဗြိတိသျှ၏ ကျွန်ဘဝသို့ မြန်မာနိုင်ငံကျရောက်ခဲ့ရခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နယ်ချဲ့ဗြိတိသျှတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နှိုင်းယှဉ်ပါက မနှိုင်းသာအောင် ခေတ်နောက်ကျကျန်ရစ်ခဲ့သောကြောင့် ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုရာ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်လက်နက် နည်းပညာအပါအဝင် ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ အကျုံးဝင်ပတ်သက်ပါဝင်ပါသည်။ သို့ဖြစ်၍ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုနှစ်ရပ် အားနည်းခြင်းသည် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရခြင်း၏ ရည်ညွှန်းကိန်းနှစ်ရပ်ဖြစ်ပါသည်။

ပစ္စုပ္ပန်ကာလ တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာ၌လည်း အဆိုပါရည်ညွှန်းကိန်းနှစ်ရပ်သည် အခရာနေရာမှ ပါဝင်လျက်ပင် ရှိပါသည်။ တိုင်းပြည်၏ နေဥစ္စာတို့ကို ဖွံ့ဖြိုးတိုးတက်အောင် မစွမ်းဆောင်နိုင်ပါက တိုင်းပြည်၏ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖန်တီးပုံဖော်နိုင်မည်မဟုတ်သည်မှာ ပေါ်လွင်ထင်ရှားပါသည်။ မျက်မှောက်ကာလ၌ စစ်လက်နက်နည်းပညာအပါအဝင် နည်းပညာရပ်နယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသည်ဖြစ်၍ ဤဖွံ့ဖြိုးတိုးတက်မှုတို့ကို အမီလိုက်နိုင်ရန်မှာမူ တိုင်းပြည်၏ နေဥစ္စာတို့ကို ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းပြည်၏ အချုပ်အခြာအာဏာကာကွယ်နိုင်စွမ်းကို လေ့လာသုံးသပ်ပါက တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။

အထက်၌ တင်ပြထားသော ရည်ညွှန်းကိန်းနှစ်ရပ်သည် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရာတွင် ရုပ်ဝတ္ထုရှုထောင့်မှ သုံးသပ်ထားသော ရည်ညွှန်းကိန်းနှစ်ရပ်ဖြစ်ပါသည်။ သို့သော် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်ရာ၌ ရုပ်ဝတ္ထုသက်သက်စွမ်းဆောင်၍ မရသည်မှာ အထူးထုတ်ဖော်တင်ပြစရာမလိုသော ကိစ္စရပ်ဖြစ်ပါသည်။ ဤသို့ ဆိုသည်နှင့် တစ်ပြိုင်တည်း ကာကွယ်ရေးစွမ်းရည်ကို ပြေးမြင်ကြမည်ဖြစ်ပါသည်။ တိုင်းပြည်၏ အချုပ်အခြာအာဏာကာကွယ်ရေးအတွက် ကာကွယ်ရေးစွမ်းရည်သည် အရေးကြီးသည်မှာ မှန်သကဲ့သို့ ရုတ်တရက် ချက်ချင်းအတွေးအာရုံထဲ ပေါ်လာလေ့မရှိသော ကိစ္စရပ်ကိုလည်း ထောက်ပြလိုပါသည်။ ဤသည်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံရေးအရ ညီညွတ်မှုရှိခြင်းဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုကြား နိုင်ငံရေးအရ ညီညွတ်မှုပြိုကွဲမှုကြောင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။ အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုအောက်၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး နိုင်ငံရေးအရ ညီညွတ်ခဲ့သောကြောင့် ဆုံးရှုံးခဲ့သော တိုင်းပြည်၏ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသော ပစ္စုပ္ပန်ကာလသည် တိုင်းရင်းသားပြည်သူလူထုကြား နိုင်ငံရေးညီညွတ်မှုရှိရန် အထူးတလည် လိုအပ်နေသောကာလဖြစ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးက ဤနိုင်ငံရေးညီညွတ်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းတင်ပြအပ်ပါသည်။ ။




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

## Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဆိုင်ခန်းများ အစမ်းဖွင့်ကြပြီ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ ဇန်နဝါရီ ၇ ရက် (စနေနေ့)နှင့် ၈ ရက် (တနင်္ဂနွေနေ့)တို့တွင် Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဈေးတန်း၌ ဖွင့်လှစ်ရောင်းချမည့် ပုဂ္ဂလိက စာအုပ်ဆိုင်များသည် ယနေ့မွန်းလွဲပိုင်းမှ စတင်ကာ ဆိုင်ခန်းများ ခင်းကျင်းကာ အစမ်းဖွင့်ကြပြီဖြစ်သည်။

အစမ်းဖွင့်လှစ်ကြသည့် ဆိုင်ခန်းအများစုမှာ သိမ်ဖြူလမ်း(အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)ရှိ ဝန်ကြီးများရုံးမျက်နှာစာ မြောက်ဘက်ခြမ်း ဆိုင်ခန်းအမှတ် ၁ မှ ၄၄ ထိ နှင့် ဝန်ကြီးများရုံးတောင်ဘက်ခြမ်းရှိ ဆိုင်ခန်းအမှတ် ၄၅ မှ ၈၉ ထိ ဆိုင်ခန်းအချို့တို့ ဖြစ်ကြသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ခန်းများ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် သိမ်ဖြူလမ်း ဗဟိုပုံနှိပ်စက်ရုံဝင်းမျက်နှာစာ၌ ဆိုင်ခန်းအမှတ် ၉၀ မှ ၁၂၃ ထိ ဆိုင်ခန်းနေရာများ ရေးဆွဲသတ်မှတ်ထားသည်ကို တွေ့ရသည်။

အဆိုပါ စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း စာအုပ်ဈေးရောင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း စာအုပ်ဈေးရောင်းပွဲကို ၂၀၁၇ ခုနှစ် ဧပြီလအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သုတ၊ ရသစာအုပ် စာပေဘာသာရပ်မျိုးစုံ (အသစ်၊ အဟောင်း)ကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ စာအုပ်စာပေ ချစ်မြတ်နိုးသူတိုင်း မည်သူမဆို လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။

စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာ ထွန်းကားပြန့်ပွားတိုးတက်စေရေးနှင့် လူကြီး၊ လူရွယ်၊ ကလေးငယ်များမှအစ အရွယ်သုံးပါးစလုံး စာဖတ်ရှိန်မြင့်မားကာ စာပေအသိပညာဖြင့် ဘဝအောင်မြင်မှုလမ်းတွင် အသုံးချ၊ အသုံးတတ်နိုင်ရေးကို ရည်ရွယ်ကာ ၂၀၁၆ ခုနှစ်အတွင်း နေပြည်တော်၌ ကလေးစာပေပွဲတော်၊ ရန်ကုန်မြို့၌ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲများကို စာအုပ်ဈေးရောင်းပွဲတော်နှင့် အတူ ကျင်းပခဲ့သည်မှာ အထူးအောင်မြင်မှုရခဲ့သည်။

ထိုနည်းတူ ယခု ရန်ကုန်မြို့သိမ်ဖြူလမ်း၌ကျင်းပမည့် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဈေးရောင်းပွဲ၊ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပမည့် နိုဘယ်လ်-မြန်မာစာပေပွဲတော်နှင့် မန္တလေးမြို့ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်တို့သို့ စာပေချစ်ပြည်သူများ တစ်ခဲနက် လာရောက်အားပေးကြမည်ဟု ယုံကြည်ပါကြောင်း။

**ကိုချစ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၉ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၄ · ၂၉ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉၂ |
| တရုတ် | တစ်ယွမ် | ၃၀၁ · ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၁၉၅ · ၉၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီခွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



✳ *ရှေ့ဖုံးမှ*

**ပေးအပ်လှူဒါန်း**

ထို့နောက် အငြိမ်းစားသံအမတ်ကြီး ဦးညွှန့်မောင်ရှိန်နှင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်တို့က ကိုယ်ပိုင်စုဆောင်းထားသည့် မြန်မာ့နိုင်ငံခြားဆက်ဆံရေးဆိုင်ရာမှတ်တမ်းများကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့သည်။

**တက်ရောက်**

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

**မှတ်တမ်းများ ပေးအပ်လှူဒါန်း**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အငြိမ်းစားသံအမတ်ကြီး ဦးညွှန့်မောင်ရှိန်နှင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်တို့က ကိုယ်ပိုင်စုဆောင်းထားသည့် မြန်မာ့နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ မှတ်တမ်းများ ပေးအပ်လှူဒါန်းစဉ်**

(သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်များ**

၆-၁-၂၀၁၇

ဟားခါးမြို့
၃ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့
၅ ဒီဂရီစင်တီဂရိတ်
တီးတိန်မြို့
၆ ဒီဂရီစင်တီဂရိတ်

-------------------

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

တောင်ငူမြို့
၀ ဒသမ ၉၁ လက်မ
ကော့သောင်းမြို့
၀ ဒသမ ၆၇ လက်မ

# နှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Alex G. Chua အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေး ခရီးစဉ်များသွားလာရေး၊ နှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၃ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် National Democratic Institute (NDI)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M. Manikas အား လက်ခံတွေ့ဆုံပြီး NDI ၏ လွှတ်တော်လုပ်ငန်းများ ခိုင်မာအားကောင်းလာစေရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးမှုများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Alex G. Chua အား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

**မိမိတို့ အစီအစဉ်အဖွဲ့သားများအနေဖြင့် ယင်းဓာတ်ပုံများ၏ မူလဇာစ်မြစ်ကို အတည်ပြုနိုင်ရန် ကြိုးစား ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတင်ပြခဲ့သည့်အတိုင်း လွန်ခဲ့သောငါးနှစ်ခန့်က နိုင်ဂျီးရီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သောဓာတ်ပုံများကို ရခိုင်ပြည်နယ်က လူမဆန်သောလုပ်ရပ်များအဖြစ် စွပ်စွဲပြောဆိုမှုများ ဖြစ်နေကြောင်း၊ ထိုသို့သတင်းမှားများ အများအပြား မြင်တွေ့နေရသည့် အတွက် ရခိုင်ပြည်နယ်မှ သတင်းများဟု လူသိများစေရန် Hastag တွဲမည်ဆိုပါက အထူးသတိထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။**




**၎င်းတို့သည် အစီအစဉ်ထုတ်လုပ်သူအား တွေ့ဆုံပြီး ဤကဲ့သို့ လုပ်ကြံဖန်တီးထားသော မှားယွင်းသည့် ဓာတ်ပုံအချို့ရှိနေကြောင်း တင်ပြခဲ့ကြောင်း၊ အစီအစဉ် ထုတ်လုပ်သူက ထိုသို့ မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်းများကို ပေးပို့နေသူ တစ်ဦးရှိကြောင်း၊ ၎င်းမှာ သူ့ကိုယ်သူ လူမျိုးတစ်မျိုး (မြန်မာနိုင်ငံတွင် တရားမဝင်သော လူမျိုးအမည်) ဟု ပြောကြောင်း၊ ၎င်း၏ အမည်မှာ Ro Nay San Lwin ရိုနေဆန်းလွင်ဟု ခေါ်ကြောင်း၊ ယင်းမတိုင်မီ Human Rights Watch အဖွဲ့က အဆောက်အအုံများ မီးလောင်ထားသော ဂြိုဟ်တုဓာတ်ပုံများ ထုတ်ပြန်ပြီးနောက် ဤ(မဟုတ်မမှန်) ဓာတ်ပုံများကို တင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။**

**အယ်ဂျာဇီးယားရုပ်မြင်သံကြားသတင်းဌာန၏ အင်္ဂလိပ်ဘာသာဖြင့် Tweeter In Chief #Rohingya Fake News on AJNews Grid အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ Leah Harding ၏ ပြောကြားချက်ကို Leah Harding ယူကျူ စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။ ယင်းသတင်းကြည့်ရှုရန် အင်တာနက်လိပ်စာမှာ https://www.youtube.com/watch?v=EBhXhOsbMJc ဖြစ်သည်။**

**ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ သတင်းမှားများ ဖြန့်ချိလျက်ရှိသော Ro Nay San Lwin သည် ကာကွယ်ဆေး အစမ္မထိုးနှံရာမှ ကလေးငယ်တစ်ဦး သေဆုံးရသည်ဟူ၍ မဟုတ်မမှန် လုပ်ကြံဖန်တီးထားသော သတင်းကို စတင်ဖြန့်ချိခဲ့သူလည်း ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသတွင် အောက်တိုဘာ ၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့် သတင်းမှားကို ဖြန့်ချိလျက်ရှိရာ ထိုသတင်းမှားများကြောင့် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထိုသို့ သတင်းမှားများကို ဦးဆောင်ဖြန့်ချိနေသူများမှာ မြန်မာနိုင်ငံ ပြင်ပတွင် နေထိုင်နေကြသူများဖြစ်ပြီး လူမျိုးအမည်တစ်ခုကို အကြောင်းပြု၍ အကျိုးဆောင်သူများအဖြစ် အလှူရှင်နိုင်ငံများ၊ အလှူရှင်အဖွဲ့အစည်းများ၊ အလှူရှင် လူပုဂ္ဂိုလ်များထံမှ ငွေကြေးနှင့်ထောက်ပံ့ကူညီမှုများစွာ ရရှိလျက်ရှိကြောင်း၊ ပြည်ပရောက်ရှိနေကြသူများဖြစ်၍ ထောက်ပံ့ကူညီမှုများ အသုံးပြုကာ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ဖြစ်ပေါ်လာစေရန်၊ ပဋိပက္ခများ ငြိမ်သက်သွားပါကလည်း ပြန်လည် ဖြစ်ပွားလာစေရန် သွေးထိုးပေးနေခြင်းဖြစ်ကြောင်း သိရှိရသည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။**

(သတင်းစဉ်)

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် National Democratic Institute (NDI) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M. Manikas နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၃ နာရီတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီး H.E.Mr. Alex G. Chua အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း National Democratic Institute (NDI) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M. Manikas အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် NDI ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် National Democratic Institute (NDI) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Peter M. Manikas နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



တွေ့ဆုံစဉ် NDI အနေဖြင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်သွားနိုင်ရေး၊ ပြည်ထောင်စုလွှတ်တော်နှင့် NDI အကြား လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာဆိုင်ရာ ကိစ္စရပ်များ၊ JCC ဖွဲ့စည်းထားရှိမှု အခြေအနေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ JCC နှင့် NDI ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား အီဂျစ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Khaled Mohamed Abdelrahman Abdelsalam က ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စဆောင်ရွက်နေမှု၊ (၂၁)ရာစုပင်လုံညီလာခံ ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ထိလွယ်ရှလွယ်သော ရခိုင်ပြည်နယ်အရေးကိစ္စများကို ညင်သာစွာကိုင်တွယ်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံနယ်နိမိတ်တည်ငြိမ်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xiong Shaowei ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေး ဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆင့်မြင့် စစ်ဘက်နည်းပညာ အကူအညီပေးရေးနှင့် နှစ်နိုင်ငံနယ်နိမိတ်တည်ငြိမ်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း ၅၁၅၀၀၀ နှင့် လယ်ယာသုံးစက်ကိရိယာများ တန်ဖိုးငွေကျပ် ၁၁၄၁၉ သန်း ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၆**

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း ၅၁၅၀၀၀နှင့် လယ်ယာသုံးစက်ကိရိယာများ တန်ဖိုးငွေကျပ် ၁၁၄၁၉သန်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ထုတ်ချေးပေးခဲ့သော အသေးစားအရင်းအနှီးချေးငွေများအား ပျက်ကွက်သူမရှိ ရာနှုန်းပြည့်ပြန်လည်ပေးဆပ်ကြသည့်အတွက် သမဝါယမအသင်းသားတောင်သူဦးကြီးများ၊ သမဝါယမဦးစီးဌာနနှင့် အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ အပြေအကျေပေးဆပ်ကြသည့် အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ အသင်းသားများထံသို့ စိုက်ပျိုးရာသီအချိန်မီ လက်ဝယ်အရောက် မြန်နိုင်သည်ထက်မြန်အောင် ပြန်လည်ထုတ်ချေးပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ဝိုင်းကြီးချုပ်အဖွဲ့ကလိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

သမဝါယမအသင်းနှင့် အသင်းသားများပိုင်ဆိုင်သည့် လယ်ယာမြေများအား စနစ်တကျ အဆင့်မြင့်စက်မှုလယ်ယာမြေများအဖြစ် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီဖော်ထုတ်ရာတွင် ပွင့်လင်းရာသီအတွက် ရည်မှန်းထားသည့် လယ်ကေများရရှိစေရေး အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများဖြစ်သော စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ကလည်း အချိတ်အဆက်မိမိဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

တောင်သူများ အဓိကရင်ဆိုင်နေကြရသည့် သီးနှံများ ဈေးကွက်အမှန်ရရှိစေရေးအတွက် ထွက်ရှိလာသော သီးနှံများအား သမဝါယမအသင်းများက ငွေကြေးစိုက်ထုတ်ကူညီပေးသည့်ပုံစံမျိုးဖြင့် ဆောင်ရွက်ပေးကာ ဈေးကွက်အမှန်ရရှိချိန်တွင် ရောင်းချပြီး သမဝါယမသို့ ပြန်လည်ပေးဆပ်သည့် စနစ်မျိုးကဲ့သို့သော လမ်းကြောင်းများ ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားများအား ထုတ်ချေးပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း ၅၁၅၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများ တန်ဖိုး ငွေကျပ် ၁၁၄၁၉ သန်းကို ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**မက္ကဆီကိုပြည်ထောင်စုသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စကလောဒီယာရူးစ်မာဆီယောဆာလီနားစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အပြန်အလှန်နားလည်မှုနှင့် ခွေးထွေးစွာပြောဆိုဆက်ဆံ မှုများမှတစ်ဆင့် နှစ်နိုင်ငံသာယာဝပြောမှုကို ဆောင်ကြဉ်းပေးမည့်ဆက်ဆံရေးကို ဆက်လက်အားဖြည့်သွားနိုင်မည်ဖြစ်ပါသည်ဟု ဖော်ပြထားသည်။

**ကာတာနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမိုဟာမက်ဘင်အဗ္ဗဒူရာမန်အယ်လ်သာနီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင်မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်အခမ်းအနားတွင် အလေးအနက်ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင်ကို ပေးပို့ခွင့်ရသည့်အတွက် များစွာကျေနပ်ပျော်ရွှင်မိပါသည်။ ခင်မင်ရင်းနှီးသည့် နှစ်နိုင်ငံချင်းဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး အတူတကွလုပ်ဆောင်သွားရန် စောင့်စားလျက်ရှိနေပါသည်ဟု ဖော်ပြထားသည်။

**တူရကီသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာလက်ကာဘူတိုကလူးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်က နွေးထွေးစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းစကားပေးပို့လိုပါသည်။ နှစ်နိုင်ငံရင်းနှီးသည့် ဆက်ဆံရေးလက်ရှိအနေအထားမှသည် နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုအသစ်များ ထပ်မံဖြစ်ပေါ်လာရန်နှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှသည် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှုကို မြှင့်တင်နိုင်ရန် ဆန္ဒပြုပါသည်။

မြန်မာနိုင်ငံအတွင်းရှိ များစွာသောတိုင်းရင်းသားလူမျိုးစုများပါဝင်သည့် ပြီးပြည့်စုံသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆွေတော်၏ အင်အားစိုက်ထုတ်မှုကို တူရကီကအကူအညီပေးအပ်မှုများ ဆက်လက်လုပ်ဆောင်သွားပါမည်ဟု ဖော်ပြပါရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

***ကျောဖုံးမှ***



**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောမြို့နယ် ကျီးကန်းပြင် နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများရရှိရန် ဆောင်ရွက်ထားရှိမှုကို အပြန်အလှန်မေးမြန်းညှိနှိုင်းဆွေးနွေးစဉ်** (သတင်းစဉ်)

ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော အဖွဲ့ဝင်များသည် နေပြည်တော်မှ စစ်တွေမြို့သို့ ရောက်ရှိကြပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာနှင့် မြို့သူကြီးကျေးရွာများသို့ ဆက်လက်သွားရောက်၍ စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်က အဆိုပါ ကျေးရွာနေ နူမာမောက်၏နေအိမ်သို့ ဂေါ်ဇီရာမောက်ပါ ၁၅ ဦးက လာရောက်၍ နေအိမ်အတွင်းရှိ လူများအား ရိုက်နှက်ပြီး အသက် ၁၈ နှစ်နှင့် ၁၂ နှစ် အရွယ် နူမာမောက်၏ သားနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြပြီး ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသားများ၏ ခံစားချက်နှင့် လိုအပ်ချက်များကို မေးမြန်းစုံစမ်း၍ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့နှင့်အတူ လိုက်ပါလာသည့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ကျေးရွာအတွက် ဆန် ၉၉ အိတ်နှင့် ၁၂ ပြည်၊ ကုလားပဲ ၁၆ အိတ်နှင့် ၁၂ ပိဿာတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ထောက်ပံ့ပေးအပ်သည်။ အဆိုပါ ဇင်ပိုင်ညာကျေးရွာအုပ်စု၌ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ပြီး အိမ်ခြေ ၉၂၀ ရှိကာ လူဦးရေ ၈၈၂၁ ဦး နေထိုင်ကြောင်း သိရသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာ၏ လုံခြုံရေးနှင့် လူမှုစီးပွား အခြေအနေ၊ ရောင်းဝယ်ဖောက်ကားမှု အခက်အခဲများ၊ ကူးသန်းသွားလာမှု အခက်အခဲများ၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းခြင်းများ လွတ်လပ်စွာ ပြုလုပ်ဆောင်ရွက်နိုင်ရေး အခြေအနေများကို တွေ့ဆုံမေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့သည် အဆိုပါကျောင်းဝင်းအတွင်း၌ ကျေးရွာနေ အစ္စလာမ်ဘာသာဝင် အမျိုးသမီးများအား တွေ့ဆုံ၍ ဖြစ်စဉ်များတွင် အမျိုးသမီးများအား အကြမ်းဖက်တိုက်ခိုက်ခံရမှုအခြေအနေများ ဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိကို လွတ်လပ်ပွင့်လင်းစွာဖြင့် သီးခြားစီတွေ့ဆုံ၍ မေးမြန်းခဲ့ကြရာ ဒေသခံအမျိုးသမီးများက ၎င်းတို့ ကျေးရွာများတွင် ယင်းဖြစ်စဉ်မျိုး လုံးဝဖြစ်ပွားခဲ့ခြင်း မရှိကြောင်း၊ ပတ်ဝန်းကျင်၌ သူပြောကိုယ်ပြော ကောလာဟလအနေဖြင့်သာ ကြားသိရပါကြောင်း စသည်ဖြင့် ဖြေကြားကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြို့သူကြီးကျေးရွာအနီး လုံခြုံရေးစစ်ကြောင်းမှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် အကြမ်းဖက်တိုက်ခိုက်သူ ၂၀ ခန့်က တုတ်၊ ဓားလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်သူ အလောင်း ခုနစ်လောင်း၊ လုပ်သေနတ်အတို တစ်လက်၊ ကျည်သုံးတောင့် ရရှိခဲ့သည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မြို့သူကြီးကျေးရွာအုပ်စု၌ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်ပြီး အိမ်ခြေ ၁၂၄၀ ရှိကာ လူဦးရေ ၈၇၇၉ ဦး နေထိုင်ကြောင်း သိရသည်။ မြို့သူကြီးကျေးရွာအုပ်စု၌ အိမ်တစ်လုံးမှ မီးလောင်ကျွမ်းခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျေးရွာသူ ရွာသားများမှာလည်း အေးချမ်းစွာ၊ သွားလာနေထိုင်လျက်ရှိကြောင်း မြင်တွေ့နေရသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မောင်တောမြို့နယ် ကျီးကန်းပြင် နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများ ရရှိရေးအတွက် ရင်ဆိုင်တွေ့ကြုံရသော စိန်ခေါ်မှုများ၊ လိုအပ်ချက်များ၊ ပြည်နယ်အဆင့်မှ ဆောင်ရွက်ထားမှုများ၊ နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ပေးသင့်သည်များကို အပြန်အလှန်မေးမြန်းညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ကော်မရှင်၏ လုပ်ငန်းတာဝန်များ၊ ကြားဖြတ်အစီရင်ခံစာ တင်ပြထားမှု၊ အပြီးသတ်အစီရင်ခံစာ တင်ပြရာ၌ ပြည့်စုံမှန်ကန်မှုရှိရန် လိုအပ်သည့်အတွက် ဒေသတာဝန်ခံများနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက အကြမ်းဖက်မှုဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးနှင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် နိုင်ငံသားစိစစ်ရေး ကိစ္စတို့အား ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့ပြင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ဒေသခံရခိုင်တိုင်းရင်းသူများနှင့် လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးသာညဏ်နှင့် ဦးစောသလေးစောတို့သည် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးဧည့်ခန်းမ၌ အစ္စလာမ်ဘာသာဝင်များနှင့်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ဟိန္ဒူဘာသာဝင်များနှင့် လည်းကောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၌ မောင်တောမြို့ပေါ်ရှိ ဆရာတော်ကြီးများနှင့် လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် ဦးညွှန့်ဆွေတို့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ မောင်တောမြို့ပေါ်ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များ၊ INGOs အဖွဲ့များ၊ ဒေသခံလူမှုရေး အသင်းအဖွဲ့များနှင့်လည်းကောင်း အဖွဲ့များခွဲ၍ သီးခြားစီတွေ့ဆုံခဲ့ကြသည်။

ကော်မရှင်အနေဖြင့် အပြီးသတ်အစီရင်ခံစာရေးသားရာ၌ ပြည့်စုံခိုင်လုံရေးအတွက် မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်တို့၏ သဘောသဘာဝအရ ဥပဒေနှင့်မညီသော ပြုလုပ်မှုများ ပါရှိလာနိုင်သည့် အခြေအနေများကို လည်းကောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကောလာဟလသတင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို လည်းကောင်း အစဉ်သတိပြုလျက် လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေကူမြို့နယ်အားကစားကွင်း၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

**ရွှေကူ ဇန်နဝါရီ ၆**

ကချင်ပြည်နယ် ရွှေကူမြို့တွင် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၈ မိနစ်က အမှတ် (၄)ရပ်ကွက် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းချစ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ စုစုပေါင်း ၄၀ ခန့်တက်ရောက်ခဲ့ပြီး မြို့နယ်ဒုရဲမှူးမြင့်ဆွေ ဦးစီးသည့်အဖွဲ့က နိုင်ငံတော်အလံတင်အလေးပြုလွှင့်တင်ခြင်းပြုလုပ်ခဲ့ပြီး နံနက် ၇ နာရီတွင် မြို့နယ်အားကစားကွင်း၌ နိုင်ငံတော်သမ္မတက လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့ပြီး ဦးဇာနည်မင်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ မြို့နယ်ရဲမှူး တင်မောင်လတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့ပေါ် လေးရပ်ကွက်မှ ပြည်သူများ စုစုပေါင်း ၁၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E.Mr. Alex G.Chua အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံအသိုင်းအဝိုင်း ပိုမိုခိုင်မာရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်**

# အာရှတစ်ခွင် နှစ်စဉ်ကျင်းပသည့် ဂျပန်ရုပ်ရှင်ပွဲတော် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၆**

Japan Image Council (JAPIC) သည် Agency of Cultural Affairs ဂျပန်သံရုံးတို့နှင့် ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိသော (၁၃) ကြိမ်မြောက် ဂျပန်ရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်ကို နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပမည်ဖြစ်ပြီး တက်သစ်စရုပ်ရှင်ရိုက်ကူးသူများနှင့် နာမည်ကျော် ရုပ်ရှင်ရိုက်ကူးသူများက ရုပ်ရှင်ဇာတ်လမ်းတိုများ၊ ဇာတ်လမ်းရှည်များ၊ ကာတွန်းရုပ်ရှင်များ ပြသသွားမည် ဖြစ်သည်။

ယခုကျင်းပသော (၁၃) ကြိမ်မြောက်အစီအစဉ်အား မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပခြင်းဖြစ်ပြီး ယခင်ပွဲတော်များကို ကိုရီးယား၊ ဗီယက်နမ်၊ တူရကီ၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည်။

"ဒီနှစ်ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံမှာ ကျင်းပတော့မှာဖြစ်တဲ့အတွက် အလွန်ပဲဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ မြန်မာနဲ့ ဂျပန် နှစ်နိုင်ငံအကြားဆက်ဆံရေးက အရင်နှစ်ပေါင်းများစွာကတည်းက တည်တံ့ခိုင်မြဲနေတာဖြစ်ပြီး ဒီအစီအစဉ်က ကျွန်တော်တို့နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ပိုမိုအားကောင်းလာစေဖို့ အထောက်အပံ့ဖြစ်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဂျပန်သံရုံးမှ အချက်အလက်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပထမအတွင်းဝန်ဖြစ်သူ Mr. Yusuke Matsuoka က ပြောကြားသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားများ ပြသရုံသာမက ရုပ်ရှင်ပွဲတော် တက်ရောက်လာသည့် ဒါရိုက်တာများ၏ ဟောပြောမှုများ၊ တက်ရောက်လာကြသူများနှင့် အမေးအဖြေကဏ္ဍများအပါအဝင် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန် အကူအညီပေးမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် လူငယ်များအကြား အမြင်ဖလှယ်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ မြန်မာ့ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လည်း မျှော်လင့်ထားသည်။

"ဒီရုပ်ရှင်ပွဲတော်မှာ ဂျပန်ရုပ်ရှင်ကားအမျိုးမျိုးကို ပြသသွားမှာဖြစ်တဲ့အတွက် ပရိသတ်တွေအနေနဲ့ ဂျပန်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို ပိုမိုထိတွေ့သိမြင်လာမှာဖြစ်တဲ့အတွက် အလွန်အရေးပါတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ဖို့နဲ့ မြန်မာပရိသတ်တွေ ပိုစိတ်ဝင်စားလာအောင်ပြသမယ့် ရုပ်ရှင်ကားတွေအားလုံးမှာ မြန်မာစာတန်းထိုးထားပါတယ်" ဟု JAPIC ၏ ဥက္ကဋ္ဌဖြစ်သူ Katsue Tomiyama က ပြောပြသည်။

ယခုအစီအစဉ်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်က ထွက်ရှိခဲ့သည့် Hitoshi Ohne ရေးသားရိုက်ကူးထားသော ဆုရ Live-Action ရုပ်ရှင်ဇာတ်ကား Bakumen ဖြင့် ပြသဖွင့်လှစ်သွားမည်ဖြစ်သည်။ ရုပ်ရှင်ပွဲတော်တွင် ဆန်းသစ်သော လူကြိုက်အများဆုံး ဂျပန် သည်းထိတ်ရင်ဖို၊ ရိုမန့်တစ်၊ လူငယ်ဒရမ်မာ၊ အက်ရှင်ဇာတ်ကားတို့နှင့် အန်နီမေးရှင်းအမျိုးအစား ဇာတ်ကားများကို ပြသသွားမည်ဖြစ်သည်။

၂၀၀၄ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ကိုရီးယားနိုင်ငံရှိ ဂျပန်မီဒီယာများ၏ ဆင်ဆာဖြတ်တောက်မှုများကို (၄) ကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း၏ အကျိုးဆက်အနေဖြင့် Agency for Cultural Affairs - Japan သည် "Korean Independent Cinema 2004" အခမ်းအနားကို ၂၀၀၄ ခုနှစ်က တိုကျိုမြို့၌ ကျင်းပခဲ့ပြီး နောက်နှစ်တွင် ဂျပန်-ကိုရီးယား နှစ် ၄၀ ပြည့် နှစ်နိုင်ငံချစ်ကြည်ရေး "Japan-Korea friendship year 2005" အတွက် "Japanese Cinema-Love and Youth ၁၉၆၅-၁၉၉၈ကို ကျင်းပခဲ့သည်။

ယင်းသည် စီမံကိန်းတစ်ခုလုံး၏ မူရင်းအစီအစဉ်ဖြစ်ပြီး ထိုအချိန်မှစတင်၍ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ တူရကီ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများ အပါအဝင် နိုင်ငံများစွာ၌ ကျင်းပလျက်သည်။ ၂၀၁၂ ခုနှစ်မှစ၍ တစ်နှစ်တွင် တစ်နိုင်ငံတည်း၌သာ ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်က ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ လည်းကောင်း၊ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌လည်းကောင်း၊ ၂၀၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တို့၌လည်းကောင်း ကျင်းပခဲ့သည်။

**ခင်ရတနာ**

# ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၂၉၁/၂၀၁၆)သင်တန်းဆင်းပွဲကျင်းပ

**ပြည် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၂၉၁/၂၀၁၆) သူရတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**(အောက်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၁၈ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**







# Training of Trainers Program ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ပညာရေးကဏ္ဍအဆင့်မြှင့်တင်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ရွှေတောင်လုပ်ငန်းစုတို့ပူးပေါင်း၍ Training of Trainers Program ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကြို့ကုန်းအရှေ့ရုပ်ကွက်နည်းပညာတက္ကသိုလ်ရှိ Human Resources Development Centre (HRD Centre, YTU )၌ ကျင်းပသည်။ **(ဝဲပုံ)**

ဖွင့်ပွဲတွင်ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်းက အမှာစကားပြောကြားပြီး ရွှေတောင်လုပ်ငန်းစုဥက္ကဋ္ဌ ဦးအိုက်ထွန်းက Training of Trainers Program နှင့် ပတ်သက်၍ လည်းကောင်း၊ အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ် ပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းကြည်နှင့်တာဝန်ရှိသူများက အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ အဆိုပါ Training of Trainers Program ကို ဇန်နဝါရီ ၁၃ ရက်အထိ အမေရိကန်နိုင်ငံမှ အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာ အထူးပြုပါမောက္ခခြောက်ဦးတို့က Methodology of the teaching of English Course ကို သင်ကြားပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမဦးရေ ၁၅၀ တက်ရောက်သင်ယူလေ့လာကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သို့ တက်ရောက်ခွင့်ရသည့် ဆရာ ဆရာမများအနေဖြင့် အတွေ့အကြုံကောင်းများ၊အသိပညာနှင့်သင်ကြားမှုနည်းစနစ်များကို လေ့လာသင်ယူပြီး နိုင်ငံတကာဘာသာစကားတစ်ခုဖြစ်သည့် အင်္ဂလိပ်စာကို တက္ကသိုလ်ကျောင်းသားကျောင်းသူများအား ပိုမိုထိရောက်စွာသင်ကြားနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## လှိုင်းအသင့် အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၆**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးမှ ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုမေးမြန်းခြင်းနှင့် အဆိုတစ်ခု တင်သွင်းရာ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း၏ ရှမ်းပြည်နယ် အတွင်း၌ တရားဥပဒေစိုးမိုးမှုကိုလည်း အထောက်အကူဖြစ်စေရန်အတွက် သက်ငယ်၊ သက်ကြီးမုဒိမ်းမှုများမဖြစ်စေရန် အသိပညာပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် မီးလောင်မှုမဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုများ မည်ကဲ့သို့ပြုလုပ်ထားကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပင်းတယမြို့နယ် မဲနယ်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးပြီး (၉၀×၃၀×၁၂) ပေ ကျောင်းဆောင်အသစ်ဆောက်လုပ်ရန်အတွက် ငွေကြေးအကူအညီပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်း၏ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများ၏ အိမ်ရာအဆောက်အအုံတိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် နမ့်ခမ်းမြို့နယ်တွင် ကျေးလက်ကျန်းမာရေး ဦးစီးဌာနခွဲ ငါးခုအား ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ မိုင်းပျဉ်းမြို့အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးကျောင်းအတွက် လိုအပ်လျက်ရှိသည့် သိပ္ပံဆောင်ဆောက် လုပ်ခွင့် ရရှိရေး အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းများမေးမြန်းရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြား ကြသည်။

ထို့နောက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုးဟိန်း၏ အစီရင်ခံစာအား ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ယင်းအစီရင်ခံစာအား လွှတ်တော်က မှတ်တမ်းတင်ထားရှိကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း၏ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်း မြို့နယ် ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံ လူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အဆိုကို ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်နှင့် မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်းတို့က ထောက်ခံဆွေးနွေးပြီး ယင်းအဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်က ရှင်းလင်းဆွေးနွေးကာ အဆိုကို အတည်ပြုပေးနိုင်ရန် ပြည်နယ်လွှတ်တော်သို့တင်ပြရာ လွှတ်တော်၏သဘောထားရယူရာ ပြည်နယ်လွှတ်တော်က သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**(ပြည်နယ် ပြန်/ဆက်)**

---

**○ *ကျောဖုံးမှ***

"မုံရွာမြို့ကားလေးဝင်းအရှေ့ဘက်က အင်းကြီးထဲမှာဆိုရင် အရင်သုံးနှစ်လောက်က ဆောင်းခိုငှက်အမျိုးအစား စုံစုံလင်လင်ကို တွေ့ခဲ့ရပေမယ့် အခု ၂၀၁၆ ခု အကုန်ပိုင်းနဲ့ ၂၀၁၇ နှစ်စပိုင်း ဆောင်းရာသီမှာ ငှက်ဝင်ရောက်မှုဟာ သိသိသာသာ နည်းသွားတာ တွေ့ရပါတယ်။ အဓိကနည်းသွားရတဲ့အကြောင်းက ငှက်တွေ ကျက်စားလေ့ရှိတဲ့အင်းတွေထဲမြေဖို့ပြီး လူတွေလာနေကြတာ များလာလို့ပါပဲ။ ငှက်တွေအများအပြား ကျက်စားတတ်လေ့ရှိတဲ့ မုံရွာစီးပွားရေးတက္ကသိုလ် အရှေ့ဘက်က အုပ်လိုက်ရှိနေတဲ့ သစ်ပင်အုပ်တွေကိုလည်း အတွဲချိန်းကြတာများလို့ဆိုပြီး ချုံရှင်းတာနဲ့အတူ သစ်ပင်ကိုပါ ရှင်းလိုက်ကြတာ လာနေကျငှက်တွေမလာတော့ပါဘူး။ လောလောဆယ်အနည်းအကျဉ်းတွေ့ရတာက ဒေါင်းလန်းခြေထောက်ငှက်၊ ခရုတုတ်ငှက်၊ ခရုစုတ်ငှက်တွေကိုတွေ့ရပြီး ဗျိုင်းတွေကိုပုံမှန်တွေ့ရသလို လူနေတဲ့ရပ်ကွက်တွေထဲနဲ့ အပြင်မှာပါ ပေါပေါများများတွေ့ရတာကတော့ ဆက်ရက်တွေပဲ ဖြစ်ပါတယ်"ဟု ကထိကဒေါ်ခင်သန်းဆွေက ပြောပြသည်။

မြန်မာနိုင်ငံတွင် ကျက်စားနေသော ချိုးလင်းပြာငှက်ကို နိုင်ငံတကာ ငှက်ထိန်းသိမ်းရေးအဖွဲ့အစည်းက ၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် ဘွတ်ချဲငှက်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက မြန်မာ့ဒေသမျိုးရင်းငှက်အဖြစ် အတည်ပြုပေးထားရာ မြန်မာနိုင်ငံတွင် ယခင်က စွေငှက် ၊ ငှက်မင်းသားဝမ်းဖြူ၊ မြန်မာဘီလုံးငှက်၊ နဖားကြူးငှက်၊ မျက်ခုံးဖြူငှက်ပြာခြောက်ငှက်နှင့် မြန်မာတစ်ငှက်ခြောက်မျိုးကို မြန်မာ့ဒေသမျိုးရင်းအဖြစ် သတ်မှတ်ထားရာမှ ယခုအခါ ရှစ်မျိုးအထိ သတ်မှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။မြန်မာမျိုးရင်းငှက်အဖြစ် သတ်မှတ်ရာတွင် ယခင်ကတည်းကရှိပြီးသား ငှက်များကို သေသေချာချာလေ့လာပြီး တခြားနိုင်ငံမှ ငှက်မျိုးစိတ်နှင့်တူညီမှုမရှိသည့် မြန်မာနိုင်ငံမျိုးရင်းအဖြစ် အတည်ပြုပြီးမှသာ သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။




**နေပြည်တော် လယ်ဝေးမြို့နယ် ဒလန့်ချွန်ကျေးရွာရှိ အထကခွဲတွင် ဇန်နဝါရီ ၅ ရက်က မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဟောပြောပွဲကို ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမင်းသန့်၊ ဒုရဲမှူးလှမိုး နှင့် တာဝန်ရှိသူများက ဟောပြောစဉ်**
မင်းမင်းလတ်

---

# မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဟံသာဝတီသားကလပ်သို့ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ကူညီထောက်ပံ့

**ရန်ကုန် ဇန်နဝါရီ ၆**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက တောင်ငူမြို့ ကေတုမတီ မိုးလုံလေလုံခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဟံသာဝတီသားကလပ်သို့ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Victory Myanmar Co.Ltd က ပံ့ပိုးကူညီကာ မြန်မာမီဒီယာဂရု(ပ်)က ခြောက်နှစ်ဆက်တိုက်ကျင်းပခဲ့ခြင်းဖြစ်ပြီး မျိုးဆက်သစ်သုံးချီစိန်ခေါ်ပွဲ ငါးပွဲ၊ အထူးသုံးချီစိန်ခေါ်ပွဲ နှစ်ပွဲ၊ လေးချီစိန်ခေါ်ပွဲနှစ်ပွဲနှင့် ငါးချီစိန်ခေါ်ပွဲ သုံးပွဲ စုစုပေါင်းပွဲ ၁၂ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ငါးချီစိန်ခေါ်ပွဲတွင် ရှမ်းကို(ဝင်းထွန်း TZI)နှင့် သားအသည်းတစ်ပွင့်(ဗမာ့သွေး)တို့ပွဲသာ သရေကျပြီး ကျန်ပွဲအားလုံး အရှုံးအနိုင်ပေါ်ခဲ့သည်။ အထူးသုံးချီစိန်ခေါ်ပွဲများတွင် ကျားရဲ (AMT)က ဘိုဘိုစိန်(မတ္တရာ) ကို ပထမအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ မင်းသစ်(ရွှေသောင်ရင်း)က ဖိုက်တာကျော်(AMT)ကို ဒုတိယအချီတွင်အလဲထိုးဖြင့် လည်းကောင်း၊ လေးချီစိန်ခေါ်ပွဲများတွင် BBK(ရွှေသောင်ရင်း)က စောထွန်းနိုင်လင်း(လှိုင်ကော်)ကို ပထမအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ ထွန်းစစ်နိုင်(ရိုးရာပုဂံ)က ဇော်ချစ်အောင် (ဗမာ့သွေး)ကိုပထမအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ ငါးချီစိန်ခေါ်ပွဲများတွင် ကျားဘဟိန်း(ဝင်းထွန်း TZI) ကဆင်ရိုင်းလေး(ရွှေသောင်ရင်း)ကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ စိုးထက်ဦး(STL)က ဒိန်း(မတ္တရာ)ကို ပထမအချီတွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

"ပုဂံမှာ နှစ်စဉ်ကျင်းပတဲ့ Bagan Fight နဲ့ ဒီတောင်ငူမှာ နှစ်စဉ်ကျင်းပပေးနေတဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရိုးရာ လက်ဝှေ့ပွဲတွေဟာ စီးပွားရေးအကျိုးအမြတ်အတွက် ကျင်းပတာမဟုတ်ဘဲ မျိုးဆက်သစ်ရွက်ပုန်းသီး ရိုးရာလက်ဝှေ့သမားတွေ ရှာဖွေဖော်ထုတ်တဲ့အနေနဲ့ ကျင်းပတာဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲတွေမှာ လက်စွမ်းပြနိုင်တဲ့ ဒေသခံ လက်ဝှေ့သမားလေးတွေကို မှတ်တမ်းတင်ထားပြီး မျိုးဆက်သစ်ပွဲစဉ်တွေမှာ ထိုးသတ်နိုင်အောင် စီစဉ်ပေးမှာပါ။ အဲဒီမှာ လက်စွမ်းပြနိုင်ရင်တော့ဒီကစားသမားတွေအတွက် အနာဂတ်လားရာက ကောင်းသွားမှာပါ။ ပွဲစီစဉ်သူတွေ ယှဉ်ပြိုင်ထိုးသတ်တာကောင်းလို့ ပွဲစီစဉ်သူတွေ သဘောကျရင်ပေါ့။ ဒါမှလည်း ရိုးရာလက်ဝှေ့ မျိုးဆက်သစ်တွေ ယခုထက်ပိုမိုများပြားလာမှာပါ။ နိုင်ငံအတွက် ရိုးရာလက်ဝှေ့အားကစားသမား မျိုးဆက်သစ်လေးတွေပေါ်ထွက်အောင် ကျင်းပပေးနေတာဖြစ်ပါတယ်"ဟု ပွဲစီစဉ်သူ မြန်မာမီဒီယာဂရု(ပ်)မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏ(မာဂျေ) က ပြောသည်။

**မင်းခေတ်**

---

# ရန်ကုန်မြို့တွင်း လက်ရှိပြေးဆွဲနေသည့် ဘတ်စ်ကားလိုင်းများကိုဖျက်သိမ်းကာ ယာဉ်လိုင်းအသစ် ၅၈ လိုင်းဖြင့် စတင်ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့တွင်း လက်ရှိပြေးဆွဲနေသည့် ဘတ်စ်ကားလိုင်းများကို ဖျက်သိမ်းကာ ဇန်နဝါရီ ၁၆ ရက်မှစတင်ပြီး ယာဉ်လိုင်းအသစ် ၅၈ လိုင်းဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ စနစ်တစ်ခုကို ပြောင်းမှာဖြစ်ပါတယ်၊ လာမယ့် ၁၆ ရက်နေ့ကစပြီး လက်ရှိပြေးဆွဲနေတဲ့ ဘတ်စ်ကားလိုင်းတွေကို ဖျက်သိမ်းပြီး ယာဉ်လိုင်းအသစ်တွေနဲ့ ပြောင်းလဲပြေးဆွဲမှာဖြစ်ပါတယ်။ ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရေးနဲ့ ဘတ်စ်ကားလိုင်းတွေ စနစ်တကျဖြစ်ဖို့အတွက် လုပ်တာပါ၊ နောက်ပိုင်းမှာတော့ အစိုးရကိုယ်တိုင်ပါဝင်တဲ့ အများပိုင်ဘတ်စ် ကားလိုင်းအဖြစ် ပြောင်းလဲသွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ယနေ့ညနေပိုင်းတွင် ပြုလုပ်သည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ယင်းသို့ပြေးဆွဲရာတွင် ခရီးစဉ်အပိုင်းအလိုက် ကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ သတ်မှတ်ကောက်ခံ သွားမည်ဖြစ်ပြီး စတင်ပြေးဆွဲရာတွင် ပြည်သူများအဆင်ပြေစေရန်အတွက် ကားမှတ်တိုင်များတွင် အသိပညာပေးဆိုင်းဘုတ်များ ကပ်ထားမည့်အပြင် ကူညီပေးမည့်သူများလည်းထားရှိမည်ဖြစ်ကြောင်း သိရသည်။

"အခုက လမ်းကြောင်းတစ်ခုတည်းပေါ်မှာ ယာဉ်လိုင်းတွေ အလွန်များနေတယ်၊ ဒါ့ကြောင့် လမ်းကြောင်းတူတွေကို စုစည်းပြီး လိုင်းတစ်လိုင်းတည်းဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ အခုလို ပြောင်းလဲပြေးဆွဲတဲ့ အခါမှာတော့ ဒိုင်နာ၊ ဘီအမ် ယာဉ်တွေကို ဆက်လက်ပြေးဆွဲခွင့်ပြုသွားမှာ မဟုတ်ပါဘူး၊ ပြည်သူတွေအဆင်ပြေအောင် ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ထားတာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

ထိုသို့ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက "မြို့ထဲပတ်နေတဲ့ လိုင်း ကားတွေကို ၅ မိနစ်တစ်ခါ လွှတ်ပေးမှာ ဖြစ်ပါတယ်။ မြို့ပြင် က လာတဲ့ လိုင်းကားတွေကို မြို့တွင်းကားလိုင်းတွေနဲ့ ချိတ်ဆက် ပေးသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ထို့အပြင် ရန်ကုန်မြို့အတွင်း ဘတ်စ်ကားပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု အာဏာပိုင်အဖွဲ့ထံ လာရောက်လျှောက်ထားသည့် ကုမ္ပဏီ ၂၀ ရှိကြောင်း၊ လက်ရှိပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ကို ထိန်းချုပ်လျက်ရှိသည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ( မ.ထ.သ )ကိုလည်း ဇန်နဝါရီ ၁၆ ရက်တွင် ဖျက်သိမ်းမည်ဖြစ်ကြောင်း၊ စတင်ပြေးဆွဲမည့် ဘတ်စ်ကားလိုင်း ၅၈ လိုင်းကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ကကြီးကြပ်သွားမည့်အပြင် ယင်းဘတ်စ် ကားပြေးဆွဲမှုနှင့် ပတ်သက်၍ သုံးလတစ်ကြိမ် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲရန်အတွက် ဇန်နဝါရီ ၇ ရက်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ထံ တင်ပြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၇ ခုနှစ်အကုန်တွင် အဆိုပါယာဉ်လိုင်းများကို တိုင်းဒေသကြီးအစိုးရကိုယ်တိုင် share ထည့်ဝင်၍ အများပိုင်ဘတ်စ်ကား လိုင်းများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၆ သန်းကျော်နေထိုင်လျက်ရှိပြီး လူဦးရေ သိန်း ၂၀ ကျော်မှာ လိုင်းကားများကို နေ့စဉ်အသုံးပြုလျက်ရှိပြီး ရန်ကုန်မြို့နေ ပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန် ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့တွင် ပထမဆုံး BRT ယာဉ်လိုင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

---

## Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အာမခံရရှိ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့၏အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ရာတွင် တာမွေမြို့နယ် တရားရုံးက အာမခံပေးလိုက်ကြောင်း သိရသည်။

ယနေ့ ရုံးထုတ်ရာတွင် တရားလိုပြသက်သေ ၁၂ ဦး တင်သွင်းထားသည့်အနက် တရားလို ဦးမိုးဟိန်းကို စတင်စစ်ဆေးခဲ့ပြီး စွပ်စွဲခံရသူတို့ဘက်မှ အာမခံလျှောက်ထားမှုအပေါ် မြို့နယ်တရားသူကြီးက Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့နှစ်ဦးလုံးကို အာမခံပေးလိုက်ကြောင်း တာမွေမြို့နယ် တရားရုံးမှ သိရသည်။

အဆိုပါအမှုကို စတင်တရားစွဲဆိုသည့်နေ့မှစ၍ စွပ်စွဲခံရသူတို့ဘက်မှ သုံးကြိမ်တိုင် အာမခံလျှောက်ထားခဲ့ရာ တရားရုံးက ပယ်ချခဲ့သော်လည်း ယနေ့ လေးကြိမ်မြောက် အာမခံလျှောက်ထားရာတွင် အာမခံရရှိခဲ့ကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**

# AA လက်နက်ကိုင်အဖွဲ့၏ စေခိုင်းချက်အရ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အဝေးထိန်းစနစ်ဖြင့် မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူသုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ ရန်ကုန်-စစ်တွေသွား ကားလမ်း မိုင်တိုင်အမှတ်(၁၆၀) အနီးနှင့် မင်းပြားမြို့ မေလွမ်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ ဇန်နဝါရီ ၁ ရက်က တပ်မတော်စစ်ကြောင်းများနှင့် ခရီးသွားပြည်သူများကို ထိခိုက်စေရန် ရည်ရွယ်၍ AA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းစနစ်ဖြင့် ဒေသန္တရမိုင်းထောင် ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ မိုင်းဖောက်ခွဲမှုဖြစ်စဉ်များတွင် ပါဝင်သူများကို ဖမ်းဆီးရမိရေး တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာနေ သံထည်ပစ္စည်းလုပ်ငန်း ဆောင်ရွက်သည့် မသင်္ကာဖွယ် အမျိုးသား ၁၅ ဦးကို သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးခဲ့ပြီး ၎င်းတို့အနက် (ဘ) ဦးစောလှ၏ သားများဖြစ်သော နိုင်နိုင်နှင့် အောင်အောင်၊ (ဘ)ဦးကျော်သန်းမောင်၏ သား ယဉ်မောင်တို့ သုံးဦးမှာ မိုင်းဖောက်ခွဲဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။ **(အပေါ်ယာပုံ)**



စစ်ကြောချက်အရ နိုင်နိုင်က မိုင်းထောင်ဖောက်ခွဲသည့် AA လက်နက်ကိုင်အဖွဲ့နှင့် ပူးပေါင်း၍ ပုဏ္ဏားကျွန်းမြို့နယ် ရန်ကုန်-စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ်(၁၆၀)အနီး၌ မိုင်းထောင်ဖောက်ခွဲမှုတွင် အဓိကစီစဉ်ဆောင်ရွက်ခဲ့သူဖြစ်ပြီး ယဉ်မောင်နှင့် အောင်အောင်မှာ အဝေးထိန်းစနစ် ဒေသန္တရမိုင်းများကို ကူညီပြုလုပ်ပေးခဲ့သူများ ဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖော်ထုတ် ဖမ်းဆီးရမိသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲမှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သည့် AA လက်နက်ကိုင်အဖွဲ့များကို ဖမ်းဆီးရမိနိုင်ရေး တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

AA လက်နက်ကိုင်အဖွဲ့များသည် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း လောက်ကိုင်ဒေသနှင့် မုံးကိုးဒေသ တိုက်ပွဲဖြစ်စဉ်များတွင် KIA လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းကာ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ယာဉ်နှင့် လမ်းတံတားများကို မီးရှို့မိုင်းထောင်ဖောက်ခွဲခြင်း စသည့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သူများဖြစ်ပြီး ယခုအခါ ရခိုင်ပြည်နယ်အတွင်း၌ အများပြည်သူ ထိတ်လန့်တုန်လှုပ်မှု ဖြစ်စေရန်၊ နယ်မြေဒေသ မတည်မငြိမ်ဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စခန်းအား လက်နက်ကိုင်အဖွဲ့များက နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မူဆယ်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် မုံးပေါ်စခန်းသို့ ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်၌ လက်နက်ကိုင်အဖွဲ့အင်အား ၃၀ ခန့်က စခန်း၏ တောင်ဘက် မီတာ ၁၀၀၀ ခန့်မှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် ည ၇ နာရီခန့်တွင် ပစ်ခတ်မှုရပ်တန့်သွားပြီး ပြန်လည်ဆုတ်ခွာသွားသည်။

အဆိုပါနေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လောက်ကိုင်မြို့ ရပ်ကွက်(၁) ကြယ်စင်လမ်းမပေါ်၌ မော်တော်ယာဉ်တစ်စီး ပေါက်ကွဲ၍ မီးလောင်

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့ ရပ်ကွက်(၁) ကြယ်စင်လမ်းမပေါ်၌ ရပ်တန့်ထားသည့် Mark II အဖြူရောင်ယာဉ်သည် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ခဲ့ရာ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာဝန်းကျင်၌ တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာမှတ်တမ်းများကို စစ်ဆေးချက်အရ အဆိုပါမော်တော်ယာဉ်သည် မပေါက်ကွဲမီ တစ်နာရီခွဲခန့်အလိုတွင် လာရောက်ရပ်တန့်ကာ ယာဉ်မောင်းသည် ယာဉ်နောက်ခန်းသို့ ခေတ္တဝင်ရောက်ပြီး အနီးရှိ ဟွန်ဒါဖစ်အမျိုးအစား အငှားယာဉ်တစ်စီးကို ငှားရမ်း၍ မြို့တွင်းဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။

အဆိုပါမှတ်တမ်းများအရ တရားခံကို ဖမ်းဆီးနိုင်ရေး ပူးပေါင်းအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးဆောင်ရွက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ဘေးရှောင်ပြည်သူများ ဝိုင်းမော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် မြေနေရာချထားပေးရန်လိုလား

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှစ၍ တပ်မတော်နှင့် KIA/KIO တို့ကြား တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ပြီး စစ်ဘေးရှောင်စခန်းများ၌ ယနေ့အထိ နေထိုင်ကြသော စစ်ဘေးရှောင်ပြည်သူများအနေဖြင့် ပြန်လည် ထူထောင်ရေးအတွက် မြေနေရာများချထားပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

"ဒီစစ်ဘေးရှောင်စခန်းကိုရောက်တာ ခြောက်နှစ်ပြည့်တော့မယ်။ စခန်းက အနံ ကိုးပေ၊ အလျား ၂၂ ပေ ထရံကာ သွပ်မိုးအိမ်နဲ့နေရတာ အခန်းကကျဉ်းတော့ နေထိုင်ရတာ အဆင်မပြေဘူး။ ဒီလိုအခန်းကျဉ်းလေးထဲမှာ နေလာတာ ခြောက်နှစ်ပြည့်တော့မယ်။ နေရတာအဆင်မပြေဘူး။ ဒီစခန်းမှာနေတဲ့ စစ်ဘေးရှောင်ပြည်သူအားလုံးက ဝိုင်းမော်မြို့နယ်အတွင်းမှာရှိတဲ့ လွတ်လပ်နေတဲ့ မြေနေရာတွေမှာ ပြန်လည်ထူထောင်ရေး ပြုလုပ်နိုင်ဖို့အတွက် မြေနေရာချထားပေးဖို့ လိုလားနေပါတယ်" ဟု ဝိုင်းမော်မြို့ သာဂရ သရက်တော စစ်ဘေးရှောင်စခန်း တာဝန်ခံ ဦးသိန်းစိုးက ပြောကြားသည်။

"စစ်ဘေးရှောင်ပြည်သူတွေကို မြေနေရာချထားပေးခြင်းအားဖြင့် ဒီလိုအခန်းကျဉ်းလေးထဲ နေထိုင်ရတဲ့ဘဝကနေ လွတ်သွားမယ်၊ ကိုယ့်အိမ်ကိုယ်ယာမှာဆိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လွတ်လပ်စွာလုပ်လို့ရမယ်။ အခုနေရတာက ဘုန်းကြီးကျောင်းမြေနေရာဖြစ်တဲ့အတွက်ကြောင့် ဘာမှ စိုက်ပျိုးမွေးမြူလို့မရဘူး။ စခန်းမှာနေရတာ ကျွန်တော်တို့ဘဝကို ချုပ်ကိုင်ထားသလိုခံစားနေရပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် စစ်ဘေးရှောင်စခန်းများ လျော့ပါးသွားစေရန် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စစ်ဘေးရှောင်စခန်းနေ အိမ်ထောင် စု ၅၀၀ အတွက် အိမ်၊ စာသင်ကျောင်း၊ ဘာသာရေးကျောင်း၊ ကျန်းမာရေး အဆောက်အအုံ၊ လမ်း၊ အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်လူမှုရေးဝန်ကြီးထံ မြေနေရာရရှိရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ် အမှုဆောင်ညွှန်ကြားရေးမှူးအဖွဲ့က သွားရောက်တွေ့ဆုံတင်ပြထားရှိကြောင်း မြစ်ကြီးနားမြို့ ပြည်နယ်ကြက်ခြေနီရုံးမှ သိရသည်။

"ကျွန်မတို့က မိသားစုဝင် နှစ်ယောက်တည်းရှိတော့ အဆင်ပြေပါတယ်။ ဒါပေမယ့် မိသားစုဝင်များတဲ့ အိမ်တွေကျတော့ နေထိုင်ရတာအဆင်မပြေဘူး၊ အိမ်ထောင်စုတစ်ခုမှာဆိုရင် အနည်းဆုံး မိသားစုလေးယောက်အထက်တွေပဲ။ လူပျို ၊ အပျိုနဲ့ ကလေးတွေများရင် ပိုပြီးတော့အခက်အခဲရှိတယ်။ စစ်ဘေးရှောင်စခန်းမှာနေရတာ ကျွန်မတို့ဘဝကို ချုပ်ကိုင်ထားသလို ကန့်သတ်ထားသလို ခံစားနေရတယ်" ဟု သာဂရ သရက်တော စစ်ဘေးရှောင်စခန်းနေ ဒေါ်ချိုက ပြောသည်။

"စခန်းက သာသနာ့နယ်မြေဆိုတော့ နေရတာ ကျဉ်းကျပ်တယ်။ ဘာသာရေး၊ လူမှုရေး၊ ရိုးရာဓလေ့ပွဲကျင်းပဖို့အတွက် ပွဲလုပ်မယ်ဆိုရင် ဘာသာရေးမြေနေရာဖြစ်တဲ့အတွက်ကြောင့် အဆင်မပြေဘူး။ ဒီမှာရှိကြတဲ့ စစ်ဘေးရှောင်ပြည်သူတွေအားလုံးက ကိုယ့်အိမ်ကိုယ့်ယာနဲ့ ပြောင်းပြီးနေထိုင်ချင်ကြတယ်" ဟု ၎င်းက ပြောသည်။

"ဘယ်လိုဖြစ်ဖြစ် နေထိုင်ဖို့မြေနေရာလေးရရင် အဆင်ပြေပါတယ်။ အလုပ်မရှိရင်တောင်မှ တခြားလယ်သမားတွေရဲ့ မြေကိုငှားပြီး လုပ်ကိုင်စားသောက်လို့ရတယ်။ ဒီမှာရှိတဲ့ ပြည်သူတွေအားလုံးက တောင်သူလယ်သမားတွေချည်းပဲ၊ စစ်ဘေးရှောင်စခန်းမှာနေတာ အဆင်မပြေဘူး။ အလုပ်လည်း ရှားတယ်။ စားသောက်ဖို့ မိသားစုအရေး ဖြေရှင်းဖို့အတွက် နေ့စား လိုက်လုပ်နေရတယ်။ အလုပ်လာငှားရင်လည်း စစ်ဘေးရှောင်ပြည်သူတွေမို့လို့ နှိမ်ပြီးငှားတယ်။ နေ့စားအလုပ်မရှိရင် ပိုပြီးခက်ခဲတယ်။ စားဝတ်နေရေးအတွက် နေ့စား ပယင်းသွေး အလုပ်ကို လုပ်နေရတယ်" ဟု ဦးသိန်းစိုးက ဆက်လက်ပြောကြားသည်။



စစ်ဘေးရှောင်စခန်းတစ်နေရာကို တွေ့ရစဉ်

သာဂရ သရက်တော စစ်ဘေးရှောင်စခန်းကို ဘုန်းကြီးကျောင်းမြေနေရာ၌ ၂၀၁၂ ခုနှစ်က စတင်ဖွင့်လှစ်ထားရှိရာ အိမ်ထောင်စု ၈၇ စု လူဦးရေ ၄၆၀၊ ရှမ်း၊ ကချင်၊ ဗမာလူမျိုးများ နေထိုင်ကြပြီး ကျေးရွာပေါင်း ၁၁ ရွာမှ အဆိုပါ စစ်ဘေးရှောင်စခန်းသို့ ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ပြီး ယင်းစခန်းနေပြည်သူများကို ဝိုင်းမော်မြို့နယ်အတွင်း မြေနေရာချထားပေးနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ယခင်အစိုးရလက်ထက်က တစ်ကြိမ်တင်ပြတောင်းခံခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# မင်းပြား၌ ကုန်တင်ယာဉ်တစ်စီး မီးလောင်

**မင်းပြား ဇန်နဝါရီ ၆**

မင်းပြားမြို့နယ် အဝေးပြေးကားဂိတ်၌ ရန်ကုန်မှ စစ်တွေသို့ မောင်းနှင်လာသော ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးသည် ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

ဖြစ်စဉ်မှာ ရန်ကုန်မှ စစ်တွေသို့ ယာဉ်မောင်း ဦးဝင်းမြင့်အောင် မောင်းနှင်လာသော ခြောက်ဘီး ကုန်တင်ယာဉ်သည် မင်းပြားမြို့ အဝေးပြေးကားဂိတ်၌ ကုန်ပစ္စည်းအပြည့်ဖြင့် ခေတ္တရပ်နားနေစဉ် ယာဉ်နောက်ဘက်မှ ရုတ်တရက် မီးလောင်မှုဖြစ်ပွားရာ ယာဉ်ပေါ်ပါပစ္စည်းများအားလုံး မီးလောင်သွားပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဆန်နှင့် ကုလားပဲများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ဇင်ပိုင်ညာ ကျေးရွာအုပ်စုအတွင်းရှိ ကျွဲထားပြင်၊ သာဇေကုန်း၊ ဟော်ရီဟူလ္လာနှင့် ဖူခါလီကျေးရွာများရှိ အိမ်ထောင်စု ၃၉၈ စုအတွက် ဆန် ၉၉ ဒသမ ၅၀ အိတ်၊ ပဲ ၁၉၉ အိတ်ကိုလည်းကောင်း၊ လုဖိုးခေါင်ကျေးရွာရှိ အိမ်ထောင်စု ၃၄၁ စုအတွက် ဆန် ၈၅ ဒသမ ၂၅ အိတ်၊ ပဲ ၁၇၀ ဒသမ ၅၀ အိတ်ကိုလည်းကောင်း၊ ကျောက်ပြင်ဆိပ်ကျေးရွာရှိ အိမ်ထောင်စု ၁၁၆ စုအတွက် ဆန် ၂၉ အိတ်နှင့် ပဲ ၅၈ ပိဿာကို လည်းကောင်း၊ သူဦးလာကျေးရွာရှိ အိမ်ထောင်စု ၆၉ စုအတွက် ဆန် ၁၇ ဒသမ ၂၅ အိတ်နှင့် ပဲ ၃၄ ဒသမ ၅၀ ပိဿာကိုလည်းကောင်း၊ သရက်အုပ်(ရခိုင်)ကျေးရွာရှိ အိမ်ထောင်စု ၁၅ စုအတွက် ဆန် ၃ ဒသမ ၇၅ အိတ်နှင့် ပဲ ၇ ဒသမ ၅၀ ပိဿာကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒါးကြီးစားကျေးရွာရှိ အိမ်ထောင်စု ၂၉၄ စုအတွက် ဆန် ၇၃ ဒသမ ၅၀ အိတ်နှင့် ပဲ ၁၄၇ ပိဿာကို လည်းကောင်း၊ ရွက်ညိုတောကျေးရွာရှိ အိမ်ထောင်စု ၄၆ စုအတွက် ဆန် ၁၁ ဒသမ ၅၀ အိတ်နှင့် ပဲ ၂၃ ပိဿာကိုလည်းကောင်း ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ်အတွင်း စုစုပေါင်းကျေးရွာ ၁၂ ရွာရှိ အိမ်ထောင်စု ၁၂၇၉ စုအတွက် ဆန် ၃၁၉ ဒသမ ၇၅ အိတ်နှင့် ပဲ ၆၃၉ ဒသမ ၅၀ ပိဿာကို ထောက်ပံ့ပေးအပ်ကာ အဆိုပါကျေးရွာများရှိ ကလေးသူငယ်များအတွက် ကစားစရာအရုပ်များနှင့် မုန့်များကိုလည်း ဝေငှပေးခဲ့သည်။ ထို့သို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သော ကျေးရွာများသို့ ကြိမ်ချောင်းတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ရွေ့လျားဆေးကုသရေးအဖွဲ့များက ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုများ တစ်ပြိုင်တည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**



# နတ်မြစ်အတွင်း ငွေကျပ်သိန်း ၂၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းခန့် ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ ယနေ့ နံနက်ပိုင်းက လက်ခတ်လောင်းလှေတစ်စင်းပေါ်မှ ငွေကျပ်သိန်း ၂၀၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

မောင်တောမြို့နယ် နတ်မြစ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းတာဝန်ထမ်းဆောင်စဉ် ယနေ့ နံနက် ၄ နာရီခွဲက တက်ချောင်းဝအနီး၌ တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသော မသင်္ကာဖွယ် လက်ခတ်လောင်းလှေတစ်စင်းကို တွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများသည် ကမ်း၌ လှေထိုးပြီး ထွက်ပြေးသွား၍ လှေအတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို သိမ်းဆည်းရမိသည်။



သိမ်းဆည်းရမိသည့် အထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ ငွေကျပ်သိန်း ၂၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀၀ ခန့်ကို တွေ့ရှိပြီး သိမ်းဆည်းရမိသည့် လှေနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာအနီးမှ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာအနီး တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

မူဆယ်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီခန့်က မုံးပေါ်ကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာ၌ လက်နက်ကိုင်အဖွဲ့များ အခြေပြုနေထိုင်ခဲ့သည့် သစ်ခက်မိုး/သစ်ခက်ကာ နှစ်ယောက်အိပ် လူနေတဲ ငါးလုံး၊ ပစ်ကျင်း ၂၀၊ အမ် ၂၁ သေနတ် နှစ်လက်၊ အမ် ၂၂ သေနတ် တစ်လက်၊ ယင်းကျည်အိမ် နှစ်ခုနှင့် ယင်းကျည် ၅၇ တောင့်၊ R-3 စနိုက်ပါ(မှန်ပြောင်းပါ) တစ်လက်၊ ယင်းကျည်အိမ် သုံးခုနှင့် ယင်းကျည် အတောင့် ၆၀၊ ကျည်ကာဦးထုပ် တစ်လုံး၊ ဆိုလာပြား တစ်ချပ်နှင့် ဆိုင်ကယ်ဘက်ထရီအိုး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အကူအညီများကို ငွေသား သို့မဟုတ် အလားတူကူညီမှုများကို သံတမန်လမ်းကြောင်းဖြင့်သာ ပေးအပ်ကြရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၂ ရက်က ရန်ကုန်မြို့အခြေစိုက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ သံရုံးများသို့ အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း။

အင်ဒိုနီးရှားနိုင်ငံအစိုးရက သံတမန်လမ်းကြောင်းမှ တစ်ဆင့် လှူဒါန်းခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းနှစ်ခုစလုံးသို့ ထောက်ပံ့ပေးပို့နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အင်ဒိုနီးရှားသံရုံးနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ အာဆီယံအစိုးရများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အကူအညီလိုအပ်နေသည့် ရခိုင်ပြည်နယ်ရှိ ဒေသများသို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်လိုပါက အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံအနေဖြင့်လည်း အင်ဒိုနီးရှားနိုင်ငံကို ဥပမာပြု၍ ဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း။

ထို့ကြောင့် NGOs အဖွဲ့အစည်းများက မြန်မာနိုင်ငံအစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရယူဘဲ ဝင်ရောက်ခွင့်ပြုမထားသော အထောက်အပံ့ရေယာဉ်များ စေလွှတ်မည့် သတင်းများအပေါ် တားဆီးရန်အတွက် မလေးရှားနိုင်ငံအစိုးရက လိုအပ်သည့်နည်းလမ်းများ ဆောင်ရွက်ပေးသွားမည်ဆိုပါက ကျေးဇူးတင်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

# နယ်မြေရှင်းလင်းရေး ပုံမှန်ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား KIA / TNLA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းဖောက်ခွဲ၍တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၆**

ကွတ်ခိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းကို KIA/TNLA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းဖောက်ခွဲပြီး တိုက်ခိုက်သဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ အလောင်း တစ်လောင်း ရရှိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်အတွင်းတည်ငြိမ်အေးချမ်းမှုရှိစေရေး အတွက် တပ်မတော်စစ်ကြောင်းက ကွတ်ခိုင်မြို့ အမှတ်(၆)ရပ်ကွက်အတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ယနေ့ ညနေ ၃ နာရီခန့်က KIA/TNLA လက်နက်ကိုင်အဖွဲ့အင်အား ၄၀ ခန့်က အဝေးထိန်းမိုင်းတစ်လုံး ဖောက်ခွဲ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့များ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရန်သူ့ထံမှ အလောင်း တစ်လောင်းရရှိကာ တပ်မတော်စစ်ကြောင်းမှ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှု အမှတ်(၂၆)အား စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် မြန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်စိန်က ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု (ခ)ဦးတင်နုအောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံမဲ အများဆုံးရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ်(၂၆/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်၊ ဥက္ကဋ္ဌများအဖြစ် ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ အဖွဲ့ဝင် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကြားနာစစ်ဆေးနေစဉ် လျှောက်ထားသူ ဦးအောင်စိန်မှာ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်က ကွယ်လွန်ခဲ့သဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၉၇(က)နှင့်အညီ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရပ်စဲကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၇ ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၀ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာ၍ ကန့်ကွက်သူအဖြစ် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၇(ခ)အရ လျှောက်ထားခွင့်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၇/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ကွယ်လွန်သူ ဦးအောင်စိန်အစား ဦးသန်းမောင်(ရခိုင်အမျိုးသားပါတီ)က ရခိုင်ပြည်နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံမဲအများဆုံးရရှိမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန်နှင့် လျှောက်ထားသူ ဦးအောင်စိန်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးသန်းဝင်း(မဲဆန္ဒရှင်)ကလည်း လျှောက်ထားခံရသူ ကိုယ်တိုင်နှင့် ၎င်း၏ ပါတီဝင်များသည် ရွေးကောက်ပွဲ ဥပဒေချိုးဖောက်မှုနှင့် တရားမဲ့ပြုကျင့်မှုများကြောင့် အနိုင်ရရှိသွားခြင်းဖြစ်၍ လျှောက်ထားခံရသူအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ပေးပါရန် ကန့်ကွက်လွှာ တင်သွင်းခဲ့သည်။

သို့ဖြစ်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲခုံအဖွဲ့ (၂)က ဆက်လက်စစ်ဆေးပြီးနောက် ဇန်နဝါရီ ၆ ရက်တွင် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးတင်နု(ခ)ဦးတင်နုအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်ပြီး လျှောက်ထားသူများ၏ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်း၊ လျှောက်ထားသူတို့က တရားစရိတ်ငွေကျပ်တစ်သိန်းစီကို လျှောက်ထားခံရသူအား ပေးစေသည့်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိုစမာဘင်လာဒင်၏သား ဟမ်ဇာဘင်လာဒင်အား ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်သမားအဖြစ်သတ်မှတ်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယမန်နေ့က အိုစမာဘင်လာဒင်၏သား ဟမ်ဇာဘင်လာဒင်အား ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်သမားအဖြစ် သတ်မှတ်ကြောင်း ကြေညာပြီး ပိတ်ဆို့အရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံသားအားလုံးအား ၎င်းနှင့်ထိတွေ့ဆက်ဆံမှုကိုတားမြစ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဟမ်ဇာဘင်လာဒင်သည် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့သို့ တရားဝင် ဝင်ရောက်ခဲ့ပြီး အနောက်နိုင်ငံများ၏ မြို့တော်များကို အကြမ်းဖက်တိုက်ခိုက်ရန် နှိုးဆော်ခဲ့သည့် အသံဖိုင်တစ်ခုကို ထုတ်လွှင့်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင်လည်း အမေရိကန်နိုင်ငံအား ကလဲ့စားချေမည့်ဟု ခြိမ်းခြောက်ခဲ့သည့် အသံဖိုင်တစ်ခုကိုလည်း ထပ်မံထုတ်လွှင့်ခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ် မေလ ၂ ရက်တွင် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့၏ခေါင်းဆောင်ဖြစ်သူ အိုစမာဘင်လာဒင်သည် ပါကစ္စတန်နိုင်ငံတွင် အမေရိကန်အထူးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။ ယခုနှစ်များတွင် အယ်လ်ခိုင်ဒါအဖွဲ့သည် အိုင်အက်စ် အကြမ်းဖက်အဖွဲ့လောက် နာမည်မကြီးသော်လည်း တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့တွင် ဆက်လက်လှုပ်ရှားနေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဆီးရီးယားနိုင်ငံတွင် ကားဗုံးပေါက်ကွဲ ၁၁ ဦးသေဆုံး

**ဒမတ်စကတ် ဇန်နဝါရီ ၆**

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းကမ်းရိုးတန်းမြို့တစ်ခုဖြစ်သည့် လာတာကီရာမြို့၌ ယမန်နေ့က ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

လာတာကီရာမြို့ကျေးလက်ဒေသရှိ ဂျာဘလက်မြို့ အားကစားကွင်းအနီးတွင် အသေခံဗုံးခွဲသမားတစ်ဦးက ၎င်း၏ကားအား ဖောက်ခွဲတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံ၏အတည်ငြိမ်ဆုံးဖြစ်သည့် တာတက်မြို့နှင့် ဂျာဘလက်မြို့များ၌ ယခုအခါတွင် အကြမ်းဖက်လုပ်ရပ်များ ပျံ့နှံ့လာပြီဖြစ်သည်။ **(ဆင်ဟွာ)**

# တူရကီအနောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား၊ သံသယရှိသူနှစ်ဦးသေဆုံး

**အန်ကာရာ ဇန်နဝါရီ ၆**

တူရကီအနောက်ပိုင်းတွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်ပြီး သံသယရှိသူနှစ်ဦးကို ရဲများကသေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ကာ့ဒ်စစ်သွေးကြွအဖွဲ့ဝင်ဟုသံသယရှိသည့် ရဲအရာရှိတစ်ဦးနှင့် ရုံးအလုပ်သမားတစ်ဦးတို့သည် သေနတ်ပစ်ခတ်မှုများအတွင်း သေဆုံးခဲ့သည်။ တိုက်ခိုက်မှုလုပ်ဆောင်သူသည် ရဲအဖွဲ့နှင့်ကတောက်ကဆတ်ဖြစ်ပြီးနောက် အစ်ဇမာရှိ ရုံးအဆောက်အအုံအပြင်ဘက် လုံခြုံရေးဂိတ်တွင် ရဲအဖွဲ့ကားရပ်တန့်စဉ် ကားဗုံးထောင်ခဲ့ခြင်းဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။

အစ္စတန်ဘူလ်နိုက်ကလပ် တိုက်ခိုက်ခံရပြီးနောက်တွင် အဆိုပါတိုက်ခိုက်မှုဆက်လက်ဖြစ်ပွားခဲ့ခြင်းက တူရကီနိုင်ငံ၏လျော့ရဲနေသည့် လုံခြုံရေးအခြေအနေကိုဖော်ပြလျက်ရှိသည်။
**(ဆင်ဟွာ)**

# အိန္ဒိယငါးဖမ်းလုပ်သား ၂၁၈ ဦးကို ပါကစ္စတန်စတင်လွှတ်ပေး




**နယူးဒေလီ ဇန်နဝါရီ ၆**

ပါကစ္စတန်နိုင်ငံတွင် ထိန်းသိမ်းထားသည့် အိန္ဒိယငါးဖမ်းလုပ်သား ၂၁၈ ဦးကို ကြာသပတေးနေ့တွင် စတင်လွှတ်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနှင့်ဖြစ်ပွားနေသည့်တင်းမာမှုကို လျှော့ချလိုသည့်အတွက် တစ်လအတွင်း ဒုတိယမြောက်လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသည့်နယ်စပ်ဒေသတွင် တည်ရှိနေသည့် အာရေဗျပင်လယ်အတွင်းရှိ ပါကစ္စတန်ရေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည်ဟုဆိုကာ အိန္ဒိယငါးဖမ်းလုပ်သားများအား ပါကစ္စတန်က ဖမ်းဆီးထားခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံကလည်း ပါကစ္စတန် ငါးဖမ်းလုပ်သားများအား ပိုင်နက်ကျူးကျော် ဝင်ရောက်လာမှုဖြင့် ဖမ်းဆီးထားခဲ့သည်။ ပါကစ္စတန်အနေဖြင့် အိန္ဒိယငါးဖမ်းသမားများအား ၎င်းဘက်မှလွှတ်ပေးခဲ့သကဲ့သို့ အိန္ဒိယဘက်မှလည်း အပြန်အလှန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားသည်ဟု သိရသည်။

ငါးဖမ်းလုပ်သားများအားဖက်ဒရယ်အစိုးရအဖွဲ့၏ညွှန်ကြားချက်ဖြင့် လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ကရာချိဆိပ်ကမ်းမြို့ရဲတပ်ဖွဲ့မှ ရဲမှူးအလီဟာဆန်ဆက်သိုက ပြောကြားခဲ့သည်။ ငါးဖမ်းလုပ်သားများကို ကရာချိဆိပ်ကမ်းမြို့၌ ဖမ်းဆီးထားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အား လာဟိုးမှတစ်ဆင့် ထွက်ခွာခွင့်ပြုမည်ဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သော အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့်ပါကစ္စတန်တွင် တင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့ခြင်းဖြစ်သည်။
**(ရိုက်တာ)**

# အင်ဒိုနီးရှားနိုင်ငံ ဒေသအချို့တွင် လေပြင်းများတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံး

**ဂျကာတာ ဇန်နဝါရီ ၆**


အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းနှင့်အရှေ့ဂျာဗားပြည်နယ်များတွင် ဇန်နဝါရီ ၆ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုများကြောင့် အခြေခံအဆောက်အအုံ ၃၀၀ နီးပါးခန့် ပျက်စီးသွားကြောင်း သဘာဝဘေးအန္တရာယ် အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရိုဂျကာတာပြည်နယ် စလီမန်ခရိုင်နှင့် အရှေ့ဂျာဗားပြည်နယ် ဂျန်ဘာခရိုင်တို့တွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကာ သစ်ပင်အမြောက်အမြားပြိုလဲခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် အေဂျင်စီပြောခွင့်ရပုဂ္ဂိုလ်ဆူတူပိုပါဝိုနျူဂရိုဟိုက ဆင်ဟွာသို့ ပြောကြားသည်။



လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို လည်း ဒေသခံသဘာဝ စိစစ်ဆောင်ရွက်နေကြောင်း ဘေးအေဂျင်စီက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဆီးရီးယားတွင် ဖြန့်ကြက်ထားသည့်စစ်အင်အားစုများကို ရုရှားစတင်လျှော့ချ



ဆီးရီးယားနိုင်ငံ အလက်ပိုမြောက်ပိုင်း ဒိုဒရမ်ရွာရှိ ပျက်စီးနေသောအိမ်မှ ပစ္စည်းများကို ညီအစ်ကိုနှစ်ဦး မကြာသေးမီရက်က သယ်ဆောင်လာသည်ကို တွေ့ရစဉ်

**အလက်ပို ဇန်နဝါရီ ၆**

ရုရှားသည် ဆီးရီးယားအစိုးရနှင့် အတိုက်အခံအုပ်စုများအကြား သဘောတူလက်မှတ်ရေးထိုးထားသည့် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို အာမခံထားသောနိုင်ငံဖြစ်သည့်အားလျော်စွာ ဆီးရီးယား၌ ဖြန့်ကြက်ထားသည့် ရုရှားစစ်အင်အားစုများကို စတင်လျှော့ချနေပြီဖြစ်ကြောင်း သောကြာနေ့တွင် ပြောကြားသည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် ဒီဇင်ဘာလနှောင်းပိုင်းတွင် ဆီးရီးယားအပစ်အခတ်ရပ်စဲရေးကိုကြေညာခဲ့ပြီး ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ဘက်မှရပ်တည်သော စွက်ဖက်မှုတစ်ခုဖြစ်သည့် ဆီးရီးယား၌ စစ်အင်အားစုများဖြန့်ကြက်ထားမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း ကတိပေးအပ်ခဲ့သည်။

ရုရှားစစ်ဦးစီးရုံးအဖွဲ့အကြီးအကဲ ဗာလာရီဂီရာစီမော့က အက်ဒမိုင်ရယ်ကတ်စ်နက်ဆော့ဖ် လေယာဉ်တင်သင်္ဘောကိုမြေထဲပင်လယ်အရှေ့ပိုင်းမှ ဆုတ်ခွာခြင်းနှင့်အတူ ရုရှားစစ်အင်အားစုများအား ဆီးရီးယားမှ ဆုတ်ခွာစေခြင်းကို သောကြာနေ့တွင် စတင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမှုတွင် ဆီးရီးယားကြည်းတပ်ဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး အလီအဗ္ဗဒူလာအာယွတ်က ဒမက်စကက်၌ ဆီးရီးယားစစ်အင်အားစုများက စစ်ရေးအရအကူအညီပေးအပ်ခြင်း၏ အရေးပါမှုကို အလေးထားဖော်ပြခဲ့သည်။
**(ရိုက်တာ)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်ပြုလုပ်သည့် နှစ်သစ်ကူးဓမ္မသဘင်ပွဲ လာရောက်တရားနာသူ များပြား

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့ပြည်သူ့ရင်ပြင်တွင် ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရား အလှူမြေ့သဘင်ကို ညစဉ် ၇ နာရီခွဲမှစ၍ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ပြည်သူများလာရောက်တရားနာယူခဲ့ကြကြောင်း သိရသည်။

**တရားရေအေးတိုက်ကျွေး**

နှစ်သစ်ကူးတရားအလှူမြေ့သဘင်တွင် ဇန်နဝါရီ ၂ ရက် ည၌ သီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရက လည်းကောင်း၊ ဇန်နဝါရီ ၃ ရက် ည၌ ယောဆရာတော်အရှင်သီရိန္ဒာဘိဝံသကလည်းကောင်း၊ ဇန်နဝါ ရီ ၄ ရက် ည၌ ပါမောက္ခချုပ်ဆရာတော်ဒေါက်တာအရှင်နန္ဒမာလာဘိဝံသက လည်းကောင်း၊ ဇန်နဝါရီ ၅ ရက်ည၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကလည်းကောင်း၊ နောက်ဆုံးနေ့ ဇန်နဝါရီ ၆ ရက်ည၌ ရဝေနွယ်အင်းမ ဆရာတော်အရှင်ရာဇိန္ဒတို့က ပြည်သူများအား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးခဲ့ကြသည်။

**အလှူငွေများလှူဒါန်းကြ**

ယခုကျင်းပခဲ့သော နှစ်သစ်ကူးတရားအလှူမြေ့သဘင်အခမ်းအနားတွင် ပြည်သူများက တရားအလှူတော်ငွေ မြန်မာငွေကျပ်သိန်း ၇၁၀ လှူဒါန်းခဲ့ပြီး နိုင်ငံခြားငွေများလည်း လှူဒါန်းကြကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-စောသိန်းဝင်း)**



**ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး ကျင်းပသော နှစ်သစ်ကူးတရားအလှူမြေ့သဘင်ပွဲ ကျင်းပစဉ်။**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စီးနင်းလိုက်ပါလာသည့်ယာဉ် မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် အစည်းအဝေးတက်ရောက်ရန် ပုသိမ်မှ နေပြည်တော်သို့ လာရောက်စဉ် ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မတော်တဆမှုဖြစ်ပွားရာ ဝန်ကြီးချုပ် မန်းဂျော်နီနှင့်အချို့ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်မတော်တဆမှုသည် ဧရာဝတီတိုင်းဒေသကြီးမအူပင်ခရိုင် ညောင်းတုန်းမြို့နယ် ချောင်းကြီးကျေးရွာအနီး မိုင်တိုင်အမှတ် (၂၃/၄၂) နှင့် (၂၃/၅) ကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ဇလွန်မြို့ဘက်သို့ ထွက်ခွာလာသော ယာဉ်မောင်း ဖိုးဇော်(ခ)မဲဒီ (ခ) ဇော်မိုးလှိုင် ယာဉ်နောက်လိုက် သီဟနှင့် ခရီးသည်များတင်ဆောင်လာသော 4E/-----------ရွှေတော်ဝင်ခရီးသည်တင် မှန်လုံယာဉ်သည် ၎င်း၏ရှေ့တွင် မျိုးလွင်မောင်းနှင်ပြီး ဒေါ်မိုးမြတ်ဆွေ၊ မခင်စုရီ၊ မောင်ဝီရလရောင်တို့ လိုက်ပါလာသော EE/----------PASSO TAXI ယာဉ်သည် ရုတ်တရက်ဘရိတ်အုပ်လိုက်စဉ် ၎င်းကားနောက်ဘက်ကို ရွှေတော်ဝင်ယာဉ်မှ ဝင်တိုက်မိသဖြင့် အဆိုပါယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး ပုသိမ်မှ နေပြည်တော်သို့ အစည်းအဝေးတက်ရန်ထွက်ခွာလာသည့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ၎င်း၏သားဖြစ်သူ ဇာနီတို့လိုက်ပါစီးနင်းလာသည့် ယာဉ် 2F/-----------TOYOTA အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဝန်ကြီးချုပ်မှာ သတိလစ်သွားပြီး (မစိုးရိမ်ရ) နှင့် ၎င်း၏သား ဖြစ်သူနှင့် ယာဉ်မောင်းတို့လည်း အနည်းငယ် ဒဏ်ရာရခဲ့ကြောင်း သိရသည်။

"ဝန်ကြီးချုပ်ရဲ့ လက်ရှိကျန်းမာရေးအခြေအနေက ကောင်းပါတယ်။ ဆေးရုံမှာ သတိပြန်လည်ရလာပါပြီ။ အာရုံကြောနဲ့ ကိုယ် လက်နာနေတာကလွဲပြီး ကျန်တာဘာမှ မဖြစ်ပါဘူး။ တစ်ဖက်ယာဉ်က လူတချို့လည်း ဒဏ်ရာအနည်းငယ်ရရှိတယ်လို့ သိရတယ်။ သူတို့လည်း စိုးရိမ်ရတဲ့အခြေအနေမရှိဘူး"ဟု ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးမျိုးမင်းထွန်းက ပြောသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**

# ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မကွေး၌ ကျင်းပ

**မကွေး ဇန်နဝါရီ ၆**

မကွေးညွှန့်ပေါင်းအသင်းနှင့် သဘင်ရုပ်ရှင်ညွှန့်ပေါင်းအသင်းတို့ ဇန်နဝါရီ ၅ ရက် ညနေပိုင်းက မကွေးခရိုင် အားကစားကွင်း၌ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲတွင် သဘင်ရုပ်ရှင်ညွှန့်ပေါင်းအသင်းမှ မြို့ရွှေမန်းသားဖိုးချစ် ဦးဆောင်ကာ သရုပ်ဆောင် သူထူးစံ၊ မိုးယံဇွန်၊ အစ္စဏီနှင့် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း ဇော်လင်းထွန်းတို့ ပါဝင်ကစားခဲ့ကြသည်။



ချစ်ကြည်ရေးပွဲစဉ်တွင် မကွေးတိုင်းဒေသကြီး သဘင်ကူညီရေးအသင်းအတွက် ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်း ကောက်ခံခဲ့သည်။


အဆိုပါပြိုင်ပွဲတွင် မကွေးညွှန့်ပေါင်းအသင်းမှ သုံးဂိုး၊ သဘင်ရုပ်ရှင်ညွှန့်ပေါင်းအသင်းမှ သုံးဂိုးဖြင့် သရေကျခဲ့သည်။

ချစ်ကြည်ရေးကစားပွဲသို့ တိုင်းဒေသကြီးအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင် ၇၀၀ ကျော် လာရောက်အားပေးခဲ့ကြကြောင်းနှင့် ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ အပြီးတွင် ပြိုင်ပွဲမှရရှိလာသော ရန်ပုံငွေများကို မြို့ရွှေမန်းသားဖိုးချစ်က တိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးမင်းခန့်ကိုထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး**

(ငဖဲ)

# မြစ်ကြောင်းကျဉ်းမြောင်း၍ ရေယာဉ်နှစ်စီးရေကြောင်းလုမောင်းရာမှ တိုက်မှုဖြစ်ပွား



**မုံရွာ ဇန်နဝါရီ ၆**

မင်းကင်းမြို့နယ် လောင်းပြည့် ကျေးရွာအထက် တစ်မိုင်ခန့်အကွာတွင် ဇန်နဝါရီ ၅ရက် ည၇နာရီ မိနစ် ၅၀က ချင်းတွင်းမြစ်အတွင်း မြစ်ကြောင်းကျဉ်းမြောင်း၍ ရေယာဉ်နှစ်စင်းရေကြောင်း လုမောင်းရာမှ မတော်တဆ ပွတ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုတလင်မြို့နယ် ညောင်သူများ ကျေးရွာဆိပ်ကမ်းမှ ဇန်နဝါရီ ၅ရက် နံနက် ၈ နာရီက အဆန်ခရီး ထွက်ခွာခဲ့သော ကနီမြို့နယ်နတ်လာဘို့ ရွာနေရေယာဉ်မောင်း ကိုသန်းဝင်းဦး မောင်းနှင်လာသော အောင်စိုးမိုး ကုန်တင်ရေယာဉ်အသင်းမှ ဂျိုးဝါရေယာဉ်နှင့် ဇန်နဝါရီ ၅ ရက်နံနက် ၇ နာရီခွဲက ဖောင်းပြင်မြို့ ဆိပ်ကမ်းမှ အစုန်ခရီး အဖြစ်ထွက်ခွာလာသော ရေယာဉ်မောင်း ကိုဌေးလှိုင် မောင်းနှင်လာသည့် ရွှေပြည်ကမ္ဘာခရီးသည်တင် အမြန်ရေယာဉ် အသင်းမှ စိုးသူရအောင် ရေယာဉ်တို့သည် ဇန်နဝါရီ ၅ရက် ည၇နာရီ မိနစ် ၅၀ခန့်က လောင်းပြည့်ကျေးရွာအထက် မြစ်ကြောင်း ကျဉ်းသည့်နေရာတွင် ရေယာဉ်လုမောင်းရာမှ ပွတ်တိုက်ခြင်း ဖြစ်ကြောင်း သိရသည်။ မတော်တဆ ဖြစ်ပွားခြင်းကြောင့် ခရီးသည်တင် ရေယာဉ်၏ အမိုး ၁၅ပေ ခန့် ပြိုလဲပျက်စီးခဲ့ပြီး ရေယာဉ်ပေါ်ပါသော ခရီးသည် စုစုပေါင်း ၄၈ဦးတွင် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကုန်တင်ရေယာဉ်၏ ဘယ်ဘက် ဦးပိုင်း နှစ်ပေခန့် ပျက်စီးခဲ့ကြောင်း သိရသည်။ ကုန်တင်ရေယာဉ်သည် မုံရွာမြို့မှ ဇန်နဝါရီ ၃ ရက် ၁၂နာရီခွဲတွင် ဒီဇယ်ပီပါ ၄၀၀ခန့် တင်ဆောင်လာခဲ့ပြီး ခရီးသည် လိုက်ပါလာမှုမရှိသလို ကုန်တင်ရေယာဉ်သည်အလျား ၁၀၃ပေ အနံ ၂၁ပေခန့်ရှိပြီး မုံရွာမှ ဟုမ္မလင်းသို့ ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသည်တင် ရေယာဉ်သည် အလျား ၁၀၅ ပေ၊ အနံ ၁၂ပေရှိ ရေယာဉ်ဖြစ်၍ဖောင်းပြင်မှ မုံရွာသို့ထွက်ခွာလာခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူနှစ်ဦးအား အခင်းဖြစ်အရပ်သို့ ရောက်ရှိသော ကင်းရွာစခန်းမှူး ရဲအုပ်မျိုးကျော်ကား ကနီမြို့နယ်ကင်းတိုင်နယ်ဆေးရုံသို့ စက်လှေဖြင့် ဇန်နဝါရီ ၅ရက် ည ၁၀နာရီ မိနစ် ၄၀က ဆေးကုသမှုခံယူနိုင်ရေးအတွက် ကူညီခေါ်ဆောင်သွားခဲ့သည်။ အဆိုပါ ကုန်တင်ရေယာဉ်နှင့် ခရီးသည် တင်ရေယာဉ်နှစ်စီးစလုံးသည် လိုင်စင်ရှိ ရေယာဉ်များဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အွန်လိုင်းအကောက်ခွန်ရှင်းလင်းရေး MACCS စနစ်စတင်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) စနစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက "ဒီကနေ့ဖွင့်လှစ်တဲ့ MACCS စနစ်ဟာ ရှေးတုန်းက ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ အကောက်ခွန်စနစ်ကို တစ်ဆစ်ချိုးပြောင်းလဲနိုင်တဲ့ စနစ်ဖြစ်ပါတယ်။ဒီစနစ်ကို ပြောင်းလဲကျင့်သုံးတဲ့နေရာမှာ စိန်ခေါ်မှုတွေရှိပေမယ့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီစနစ်ကို ဘာလို့ပြောင်းလဲကျင့်သုံးရသလဲဆိုရင် ဆောင်ရွက်တဲ့ အကောက်ခွန်လုပ်ငန်းတွေ မြန်ဆန်ထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်စေရန်နှင့် ကုန်သွယ်မှုချောမွေ့စေရေးတို့အပြင် National Single Window (NSW) အထောက်အကူပြု MACCS စနစ်နှင့် Myanmar Customs Intelligence System(MCIS) စနစ်တို့ကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှစ၍ ဂျပန်အစိုးရ၏ ဘဏ္ဍာရေးအကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

MACCS စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များအရ စမ်းသပ်အသုံးပြုမှု (Running Test) ကို ၂၀၁၆ ခုနှစ် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ဆောင်ရွက်ခဲ့ပြီး အပြည့်အဝအသုံးပြုမှုကို ၁၂-၁၁-၂၀၁၆ ရက်နေ့မှစပြီး ရန်ကုန်ဧရိယာအတွင်း (သီလဝါအထူးစီးပွားရေးဇုန်) အပါအဝင် အသုံးပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းစနစ်သည် သွင်းကုန်/ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ၂၄ နာရီဆောင်ရွက်နိုင်သည့် စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်ကို ၂၀၁၈ ခုနှစ်တွင် နယ်စပ်ဒေသများပါ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ယင်းစနစ်အတွက် ဂျပန်နိုင်ငံမှ ပညာရှင်များက နည်းပညာပံ့ပိုးပေးသည့်အပြင် ဂျပန်အစိုးရ၏ ဘဏ္ဍာရေးအကူအညီ (Grant Aid) ဂျပန်ယန်းသန်းပေါင်း ၃၉၉၀ နှင့် မြန်မာနိုင်ငံအစိုးရမှလည်း ငွေကျပ်သန်းပေါင်း ၅၈၀၀ ကျော် အသုံးပြုဆောင်ရွက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၃၇ နှစ်ခန့် အသုံးပြုဆောင်ရွက်လျက်ရှိပြီး ဂျပန်နိုင်ငံရှိ သွင်းကုန်/ထုတ်ကုန်ရှင်းလင်းရေးကြေညာလွှာပေါင်း ၉၈ ရာခိုင်နှုန်းကို ၂၄ နာရီ ဆောင်ရွက်ပေးနေသည့် စနစ်ဖြစ်ကြောင်း သိရသည်။




အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးသန့်စင်မောင်နှင့် ဦးသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Minoru KIHARA နှင့် ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာန များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပြည်တွင်း ငါးဖမ်းလုပ်ငန်းများတွင် လူကုန်ကူးမှုမဖြစ်ပွားစေရေးဆောင်ရွက်



**ရေး ဇန်နဝါရီ ၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းခွင်၌ လူကုန်ကူးမှု အများဆုံး ဖြစ်ပွားခဲ့ရာ ကျား၊ မတရားခံပေါင်း ၂၉ ဦးထဲမှ ၁၃ ဦးက ထွက်ပြေးလွတ်မြောက်တိမ်းရှောင်နေကာ တရားခံ ၁၆ ဦးကို ဥပဒေနဲ့အညီ တရားစွဲနိုင်ခဲ့၍ လွတ်မြောက်နေသော လူကုန်ကူးမှု တရားခံများကို ဆက်လက်စုံစမ်းဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုဖြစ်ပွားရခြင်းမှာ ပွဲစားများမှ ငွေကြေးခေါင်းပုံဖြတ်ရန် လိမ်လည်ခေါ်ဆောင်လာကာ ကိုယ်ထိလက်ရောက်ခြိမ်းခြောက်မှုတွေရှိနေပြီး ပင်လယ်ပြင် လုပ်ငန်းခွင်အတွင်း အတင်းအဓမ္မ ရိုက်နှက်ခိုင်းစေခြင်းအပြင် ကြိုတင်ငွေများကို ထုတ်ယူသွားခြင်းတို့ဖြစ်ပွားခဲ့ကြောင်း ပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။

ပြည်နယ်အတွင်း၌ ပြည်တွင်း ငါးဖမ်းလုပ်ငန်းများတွင် လူကုန်ကူးမှုများ မဖြစ်ပွားရေး ကြိုတင်ကာကွယ်သွားနိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ သတင်းအချက်အလက်စုဆောင်းခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ စစ်ဆေးအရေးယူခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့်ကွပ်ကဲခြင်းများကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အတွင်း ပြည်တွင်း လူကုန်ကူးမှု အများဆုံးဖြစ်ပွားသည့် မြို့နယ်များရှိ ကားဂိတ်၊ ဘူတာရုံများ လှေဆိပ်များနှင့် ရေလုပ်သားများနေထိုင်သွားလာသည့်နေရာများတွင် အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူခြင်း နံရံကပ်ပိုစတာများကိုလည်း တပ်ဆင်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# လွတ်လပ်ရေးကုန်စည်ပြပွဲမှ အကျိုးအမြတ်အားလုံး ပရဟိတအဖွဲ့များသို့ လှူဒါန်း

**ဖျာပုံ ဇန်နဝါရီ ၆**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် NIBBAN ကုမ္ပဏီနှင့် ဖျာပုံမြို့ ဒုတိယလမ်းရှိ ကြိုးကြာလျှပ်စစ်ဆိုင်တို့ပူးပေါင်း၍ ဖျာပုံခရိုင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ကုမ္ပဏီထုတ်ပစ္စည်းများ ခင်းကျင်းပြသရောင်းချခြင်းမှရရှိသည့် အကျိုးအမြတ်အားလုံးကို ဖျာပုံမြို့ ပရဟိတလုပ်ငန်းလုပ်ကိုင်နေကြသော အသင်းအဖွဲ့ရှစ်ဖွဲ့ကိုရွေးချယ်ကာ ဇန်နဝါရီ ၅ ရက်က လှူဒါန်းလိုက်ကြောင်း သိရသည်။

အဆိုပါလှူဒါန်းခြင်းအစီအစဉ်တွင် ဖျာပုံမြို့ ကြိုးကြာလျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှ ကိုဝီချိုင်းက မြို့နယ်အတွင်း ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေသော အသင်းအဖွဲ့များအနက် ကရုဏာရှင် လူမှုကူညီရေးအသင်း (၁၄)ရပ်ကွက်၊ ဇမ္ဗူသုခ ကုသိုလ်ဖြစ်ဆေးခန်း၊ ရွှေညီအစ်ကိုများအဖွဲ့၊ စေတနာရှင် လူမှုကူညီရေးအသင်း (၃)ရပ်ကွက်၊ ဘေသဇကုသိုလ်ဖြစ်ဆေးခန်း၊ သံသရာခရီးသည် လူမှုကူညီရေးအသင်း၊ လောဟိတ သွေးလှူရှင်များအသင်းနှင့် ပဲ့တင်သံ ပရဟိတဘောလုံးအသင်းတို့ကိုရွေးချယ်ပြီး တစ်ဖွဲ့လျှင် ငွေကျပ်ငါးသောင်းနှုန်း အချိုးကျခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# ပြည်တွင်းငါး တင်ပို့မှုတန်ချိန် ယခင်နှစ်ထက် မြင့်တက်လာ

**ရန်ကုန် ဇန်နဝါရီ ၆**

ယခုနှစ် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းငါးတင်ပို့မှုတန်ချိန်သည် ယခင်နှစ်ထက် မြင့်တက်လာကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာန တာဝန်ခံညွှန်ကြားရေးမှူးရုံးမှ သိရသည်။ "ဘဏ္ဍာနှစ်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ လာမယ့် ၂၀၁၇ မတ်လ ၃၁ ရက်နေ့မှာ တစ်နှစ်ပြည့်မှာပါ။ ဒါပေမဲ့ အခု ဘဏ္ဍာရေးနှစ်ကြားကာလမှာ ငါးတင်ပို့မှုကို မတွက်ရသေးပေမဲ့ ရရှိပြီးတဲ့ ကိန်းဂဏန်းတွေအရဆိုရင် ပို့ကုန်တန်ချိန်လည်းတိုးလာသလို ငွေတန်ဖိုးတွေလည်းတိုးလာတာတွေ့ရတယ်။ ပင်လယ်ငါးဖမ်းလုပ်ငန်းကလည်း ကုန်ချိန်တိုးလာသလို အခြား ငါးပိ၊ ငါးခြောက်လုပ်တဲ့ငါးတွေဟာလည်း ကုန်တက်အလွန်များလာတာ တွေ့ရတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် ကပြောသည်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်၏ ပွင့်လင်းရာသီအစ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ စတင်ပြီး စက်တင်ဘာလမှစတင်ကာ ယနေ့အချိန်ထိ ပင်လယ်ငါးများ ကုန်တက်ကောင်းနေဆဲဖြစ်ကြောင်း သိရသည်။ ငါးသလောက် အများဆုံးဖမ်းစီးရမိပြီး ယခုနှစ်အတွင်း ပို့ကုန်အပြင် ပြည်တွင်း စားသုံးသူများအတွက်ပါ ဈေးချိုချိုဖြင့် ပေါပေါများများဝယ်ယူ စားသုံးနိုင်ကြောင်း သိရသည်။ အခြား ငါးပိ၊ ငါးခြောက်ပြုလုပ်သော ပင်လယ်ငါးများ၏ ဖမ်းဆီးရရှိမှုသည်လည်း မြင့်တက်လာကြောင်းနှင့် ပြည်တွင်း မွေးမြူရေးငါး၊ ငါးမြစ်ချင်းတင်ပို့မှုများလည်း ကိန်းဂဏန်းပမာဏတစ်ခုတွင်ရှိကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၂၇ ရက်နေ့မှ ဇန်နဝါရီ ၁ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၅၀ | ကြည်လွင်မြင့်(မုဒြာ) | နေ့စဉ်စားသုံးနေသောဟင်းသီးဟင်းရွက်များ၏ ထူးခြားသောဆေးဖက်ဝင် အာနိသင်များ (မီးဖိုချောင်မှာဆေးရှိတယ်) | ၂၀၀၀ိ/- | အလင်းသစ်စာပေ |
| ၅၁ | ဆလိုင်းရွှေလင်း | အကျိုးရှိစွာ အသက်ရှည်ရေး | ၃၀၀ိ/- | သုဒ္ဒန္တစာပေ |
| ၅၂ | မင်းကိုနိုင် | ကျေးဇူးတင်ပါသည် | ၃၅၀၀ိ/- | ကောင်းကင်စာပေ |
| ၅၃ | နိုက် | ကျောက်တုံးကြီးတွေရဲ့သူရဲကောင်း | ၁၅၀၀ိ/- | နေရဥ္စရာစာပေ |
| ၅၄ | တက္ကသိုလ်မောင်သုည | အဘိုးပြောတဲ့ ရာဇဝင်ပုံပြင်များ(ဒုတိယတွဲ) | ၁၅၀၀ိ/- | ရွှေသစ္စာစာပေ |
| ၅၅ | ဦးတင်ဦး(ကျူရှင်) (မြန်မာပြည်) | မြန်မာတပ်မတော်ကိုလေ့လာခြင်း | ၅၀၀၀ိ/- | လောကသစ်စာပေ |
| ၅၆ | | GHOST STORY သရဲစာစဉ်(၅) | ၁၉၀၀ိ/- | အောင်မြင်စာပေ |
| ၅၇ | ဒေဝတာ | သုဿန်ကခေါ်လာတဲ့သရဲ | ၁၉၀၀ိ/- | အောင်မြင်စာပေ |
| ၅၈ | ကလောင်စုံ | ခြောက်ကောင်ဂျင်(ကဗျာများ) | ၂၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၅၉ | မြင်းမူမောင်နိုင်မိုး | ကဗျာစပ်ပုံဖွဲ့နည်းစုံ | ၁၅၀၀ိ/- | နိုင်ငံဂုဏ်ရည်စာပေ |
| ၆၀ | Ledwintha Saw Chit | The Gatekeeper and other short stories | ၂၅၀၀ိ/- | ပန်းမြိုင်လယ် |
| ၆၁ | အထောက်တော်လှအောင် | ရှစ်စပ်ကဂျင်ခြေလည်သူ | ၈၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၂ | ဘဂျမ်း | ဘဂျမ်းကာတွန်းပေါင်းချုပ်(ဒုတိယတွဲ) | ၅၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၃ | | Real Lives Real Stories V.36 | ၂၅၀၀ိ/- | The Book House |
| ၆၄ | | တကယ်လုပ်နိုင်တယ် | ၂၈၀၀ိ/- | စာပေခရီးသွား |
| ၆၅ | ပါရဂူ | စိန္တာမယ/စိန္တာရယ | ၃၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၆ | မန်းတင် | ကိုဖိုးလုံး | ၂၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၇ | ငြိမ်းကျော် | ဝ တ္ထုလတ်ပေါင်းချုပ် | ၈၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၈ | ဇန်းမော်တင်အောင် | ဝတ္ထုတိုပေါင်းချုပ်(၂) | ၃၃၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၉ | အောင်ချိမ့် | တစ္ဆေ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၇၀ | အောင်စွမ်း | တပ်ပြုတ်အရပ်ပြုတ်ပါတီပြုတ်တို့၏ဇာတ်ရှုပ်များ | ၂၅၀၀ိ/- | ဟန်သာဆု |
| ၇၁ | ကြည်အေး | ပေါက်ကျော်ဖို့ပုံ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၇၂ | ရှေ့နေမောင်ကံ | ပြောင်းလဲချိန်တန်ပြီ ဆောင်းပါးများ | ၂၈၀၀ိ/- | သင်းစာပေ |



# ယာဉ်နောက်လိုက်မောင်း ၁၂ ဘီးယာဉ် တိမ်းမှောက်

**ကျောက်တံခါး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၂၇/၄)နှင့်(၁၂၇/၅) အကြား၌ ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ၁၂ ဘီး ကုန်တင်ယာဉ် လမ်းဘေးထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးအောင်လင်းက ဘေးမှထိုင်၍ ယာဉ်နောက်လိုက် အောင်ဇာနည်မိုးသည် ပြောင်းစေ့များ တင်ဆောင်လာသော ဟီးနိုး ၁၂ ဘီး ယာဉ်ကို မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းခင်းရန်အတွက် လမ်းဘေး၌ ကာရံထားသော ကွန်ကရစ်ဘလောက်တုံးများကို ဝင်ရောက်တိုက်မိပြီး လမ်းယာဘက်ခြမ်း ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ **(အပေါ်ပုံ)** အောင်ဇာနည်မိုးတွင် ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဘားအံမြို့နယ်၌ ငွေကျပ် ၁၄၂ သိန်းကို ဓားထောက်လုယက်

**ဘားအံ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့စိန်ဘန်(အောက်) ကျေးရွာအုပ်စု ကော့သိန်းခီကျေးရွာ၌ ဇန်နဝါရီ ၅ ရက် နံနက် ၃ နာရီက ငွေကျပ် ၁၄၂ သိန်းကို ဓားထောက်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုင်ဦးသည် ၎င်း၏ ဆောက်လက်စနေအိမ်တွင် တစ်ဦးတည်း အိပ်ပျော်နေစဉ် မျက်နှာများအား အဝတ်စည်းထားသည့် လူသုံးဦးက ၎င်းအား လည်ပင်းညှစ်ကာ မျက်နှာကို ပုဆိုးဖြင့် စည်းနှောင်ပြီး ဓားဟုယူဆရသော ချွန်ထက်သည့်အရာဖြင့် ထောက်ခဲ့ကြောင်း၊ ထို့နောက် သိမ်းထားသည့် ငွေများပေးရန်နှင့် မပေးပါက သတ်ပစ်မည်ဟုပြောသည့်အတွက် နိုင်ဦးမှ လွန်ခဲ့သည့် သုံးရက်က မြဝတီမြို့ရှိ ၎င်းပိုင် ခြံကွက်ကို ငွေကျပ်သိန်း ၁၅၀ ဖြင့် ရောင်းချထားရှိသည့် အနက်မှ ကျန်ငွေကျပ် ၁၄၂ သိန်းကို ပြသပေးခဲ့ရသည်။

ထိုငွေများကို အဆိုပါလူ သုံးဦးမှ ယူဆောင်ပြီးနောက် ၎င်းအား ခြေလက်များကို ကြိုးများဖြင့် တုပ်နှောင်ထားရှိခဲ့ရာ အဆိုပါလူများ ပြန်လည်ထွက်ခွာသွားသည့်အချိန်တွင် ကြိုးများအား အုပ်နံရံစောင်းဖြင့် ပွတ်တိုက်ပြီးဖြတ်ကာ ရာအိမ်မှူးထံ သွားရောက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် (၁၁)လအတွင်း မူးယစ်ဆေးဝါးမှု ၈၁၁၇ မှု အရေးယူ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၈၃၅၆၂၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်သုံး သုံးစွဲမှုပြဿနာနှင့် ယင်း၏ဆိုးကျိုးများအား ပိုမိုသိရှိနားလည် သဘောပေါက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပညာပေးနည်းလမ်းပေါင်းစုံဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း မူးယစ်ဆေးဝါးအမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ မူးယစ်ဆေးဝါးမှု ၈၁၁၇ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ ဘိန်း ၃၂၇ မှုတွင် အလေးချိန် ၆၁၆ ဒသမ ၅၆၂၈ ကီလို၊ ဘိန်းဖြူ ၂၇၅၄ မှုတွင် အလေးချိန် ၅၄၄ ဒသမ ၂၃၇၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားမှု ၄၂၉၄ မှုတွင် ၆၉၈၃၅၆၂၀ ဒသမ ၅ ပြား၊ ဆေးခြောက်မှု ၂၃၃ မှုတွင် ၁၄၆ ဒသမ ၃၃၉၈ ကီလို၊ ဘိန်းဆီခဲ ၃၉ မှုတွင် ၄၄ ဒသမ ၈၆၉၃ ကီလို၊ အဆင့်နိမ့်ဘိန်း အမှု ၄၀ တွင် ၂၁ ဒသမ ၇၈၅၆ ကီလို၊ အိုက်စ် ၄၀ မှုတွင် ၂၃၆၉ ဒသမ ၁၆၈၃ ကီလို၊ ဘိန်းစာမှုန့် ၁၁၂ မှုတွင် ၁၃၈၃ ဒသမ ၃၈၇၇ ကီလို၊ ဘိန်းစာရွက် ငါးမှုတွင် ၂ ဒသမ ၂၂၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးအကြေမှုန့် ၂၃ မှုတွင် ၄၄ ဒသမ ၂၅၈၁ ကီလို၊ ဘိန်းညိုမှုန့် လေးမှုတွင် ၄၇၁ ဒသမ ၈ ကီလို၊ ဘိန်းဆီရည် တစ်မှုတွင် ၄၉ ဒသမ ၁၅၂၅ လစ်တာ၊ အက်တက်စီ တစ်မှုတွင် ၂၂ ပြား၊ ဘိန်းဖြူရည် သုံးမှုတွင် ၀ ဒသမ ၁၂၂ လစ်တာ၊ ဘိန်းရည် သုံးမှုတွင် ၂ ဒသမ ၀၅၇ လစ်တာ၊ ထရာမဒေါလ် ငါးမှုတွင် ၄၁၈၂ တောင့်၊ ထရာမဒေါလ် ထိုးဆေး နှစ်မှုတွင် ၁၄၂၀ ပုလင်း၊ ဗျူပရီနော်ဖင်း သုံးမှုတွင် ၁၆၈ ပြား၊ ဗျူပရီနော်ဖင်းထိုးဆေး နှစ်မှုတွင် ၃၉၃၂ ပုလင်း၊ ဒိုင်ယာဇီပမ် ဆေးပြား ငါးမှုတွင် ၃၄၀၀၉၃ ပြား၊ ဒိုင်ယာဇီပမ် ထိုးဆေး တစ်မှုတွင် ၂၇၈ ပုလင်း၊ အယ်ပရာဇိုလမ်ဆေးပြား သုံးမှုတွင် ၂၅၀၄၇၁ ပြား၊ လိုရာဇီပမ်ဆေးပြား ၃၂၀ ၊ မော်ဖင်းထိုးဆေး လေးမှုတွင် ၁၇၁ ပုလင်း၊ မက်သာဒုန်း နှစ်မှုတွင် ၀ ဒသမ ၄၆ လစ်တာ၊ Fentanyl ထိုးဆေးတစ်မှုတွင် ပုလင်း ၇၀၀၊ ကော့စတစ် ၄၀ ကီလို၊ Phenol ၂၀၀၀ ကီလို၊ အရိုးမီးသွေး တစ်မှုတွင် ၃၃၅၁ ကီလို၊ အက်ဖီဒရင်း နှစ်မှုတွင် ၅၀၀ ဒသမ ၁၀၄ ကီလို၊ ကဖင်း ရှစ်မှုတွင် ၁၉၆၄၈ ဒသမ ၅၁၅ ကီလို၊ ဆူဒိုအက်ဖီဒရင်း တစ်မှုတွင် ဆေးပြား ၁၁၉၂၀၀၀၊ ဆူဒိုအက်ဖီဒရင်းအမှုန့် တစ်မှုတွင် ၆၁ ဒသမ ၅ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၁၁၈၀၀ ကီလို၊ အမိုနီယမ်ကလိုရိုဒ် ၃၈၂၇ ကီလို၊ အက်စစ်အခဲ ၃၆၀၀ ကီလို၊ အမိုနီယမ်ဟိုက်ဒြောဆိုဒ် ၂၅၀၀ ဒသမ ၃ လစ်တာ၊ ဆာရဖျူရစ်အက်စစ် ၁၇၇၅ ဒသမ ၈ လစ်တာ၊ ဟိုက်ဒြိုကလိုရစ်အက်စစ် နှစ်မှုတွင် ၃၄၉၄ ဒသမ ၈ လစ်တာ၊ Phosphorica Acid နှစ်မှုတွင် ၁၀၅၃ လစ်တာ၊ ကလိုရိုဖောင်း ၅၂၂၇ ဒသမ ၉ လစ်တာ ၊ အက်စီတစ်အင်ဟိုက်ဒြိုဒ် တစ်မှုတွင် ၁၆ လစ်တာ၊ အီသိုင်း/အီသာ တစ်မှုတွင် ၂၅၀ လစ်တာ၊ အက်စီတုန်း တစ်မှုတွင် ၈၅ ဒသမ ၈၅ လစ်တာ၊ ဘိန်းစာရည် ၀ ဒသမ ၂ လစ်တာ၊ ကတ်တမင်း တစ်မှုတွင် ၀ ဒသမ ၁၆ ကီလို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတွင် မှတ်ပုံတင်ပျက်ကွက်မှု ၂၇၃ မှု၊ အခြားအမှု ၁၆ မှု ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးအမှုပေါင်း ၈၁၁၇ မှု ဖြစ်ပွားခဲ့ပြီး တရားခံ အမျိုးသား ၁၀၇၇၀၊ အမျိုးသမီးတရားခံ ၁၄၉၅ ဦး၊ စုစုပေါင်း ၁၂၂၆၅ ဦး ဖမ်းဆီးစစ်ဆေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့(မူးယစ်- ဗဟို) မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# တာမွေမြို့နယ်၌ သွားဆရာဝန်တစ်ဦး သေဆုံး

**ရန်ကုန် ဇန်နဝါရီ ၆**

တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် အင်းဝလမ်း အမှတ်(၅၇) မြေညီခေါင်းရင်းခန်းတွင် သွားဆရာဝန်တစ်ဦး သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါက်တာရဲကျော်သူ(၂၇ နှစ်) (ကောင်းစိုးခန့် သွားနှင့်ခံတွင်းဆေးကုခန်း)ကို ဖခင်ဖြစ်သူ ဦးသိန်းတန်က နှစ်ရက် သုံးရက် အဆက်အသွယ်မရရှိ၍ ဇန်နဝါရီ ၅ ရက် ည ၈ နာရီခွဲခန့်က ဒေါက်တာရဲကျော်သူ၏ သူငယ်ချင်းများအား သွားရောက်ကြည့်ရှုခိုင်းရာ အတွင်းတံခါးပိတ်ထားပြီး ခေါ်၍မရသည့်အတွက် နေအိမ်တံခါးသော့ကို ဖျက်၍ ဝင်ရောက်ကြည့်ရာ အိပ်ခန်းအတွင်း ခုတင်မှီ၍ သေဆုံးနေကြောင်း တွေ့ရှိရသည်။

အခင်းဖြစ်ပွားရာသို့ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး လှဘုန်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ရောက်ရှိကာ လိုအပ်သည်များကို ဆောင်ရွက်ခဲ့ကြပြီး သေဆုံးမှုနှင့် ပတ်သက်၍ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှ**

# လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**ကံမ ဇန်နဝါရီ ၆** - မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သစ်မယ်ဇီကျေးရွာအုပ်စု ဒါန်းကိုင်းကျေးရွာ၌ ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲခန့်က လင်မယားချင်းစကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခင်ပွန်းဖြစ်သူ သိန်းဇော်(ခ)ချစ်စရာ(၃၅ နှစ်)နှင့် ဇနီးဖြစ်သူ မမာမာအေး(ခ)မခင်မာ(၄၁ နှစ်)တို့သည် ငွေရေးကြေးရေးအဆင်မပြေမှုနှင့် ယာတောသို့သွားရန် နောက်ကျနေကြောင်း ပြောဆိုကြရာမှ စကားများရန်ဖြစ်ကြပြီး ခင်ပွန်းဖြစ်သူ သိန်းဇော်က ရုတ်တရက် ဒေါသထွက်ကာ ဓားရှည်ဖြင့် နှစ်ချက်ခုတ်ရာ ဇနီးဖြစ်သူ မမာမာအေးတွင် ဒဏ်ရာများရရှိပြီး နေအိမ်ခြံဝင်းပေါက်၌ သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သေဆုံးသူ၏အစ်ကိုဖြစ်သူ ဦးမြင့်လှိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကံမမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့)တွင် သီဟသုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်ခြင်းခံရသော ပစ္စည်းလေးပါး သာသနာ့ဒါယိကာမကြီး သုဓမ္မသိင်္ဂီ ဒေါ်ခင်သီတာအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် သာသနာ့အကျိုး ဒီ့ထက်ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ပဓာနနာယကဆရာတော်များနှင့် ကျောင်းအကျိုးတော်ဆောင်များ
၁။ ဓမ္မမေဒနီ ပရိယတ္တိစာသင်တိုက်နှင့် ဓမ္မရိပ်သာ၊ မြောက်ဥက္ကလာ
၂။ အောင်ဆန်းတောရတပ်ဦး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အင်းစိန်
၃။ ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၊ သင်္ဃန်းကျွန်း
၄။ ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာ၊ သင်္ဃန်းကျွန်း
၅။ ကျိုက်ထီးဆောင်းသာသနာပြုကျောင်းတိုက်၊ ဘီးလင်း

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးကျော်တင့်၏သား ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဖေယျာခေမာလမ်းနေ နိုင်ဦးနှင့် အောင်နိုင်ဦး ၁၂/ဒလန(နိုင်)၀၀၁၂၁၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **နိုင်ဦး(ခ)အောင်နိုင်ဦး**

## ပြည်လမ်းမှအနီး လုံးချင်းတိုက်ငှားမည်။

| | | |
|---|---|---|
| ငှားရမ်းမည့်အိမ် | - | အနန္တသူရိယလမ်း၊ (၁၀)မိုင် |
| မြေအကျယ် | - | (၁၂၅ × ၁၂၅)ပေ ပတ်လည်ခန့် |
| နှစ်ထပ်တိုက် | - | (၇၀ × ၅၀)ပေ ခန့် |
| ဆင်ဝင် | - | (၁၈×၂၀)ပေ ခန့် |
| အလုပ်သမားတန်းလျား | - | (၂၀ × ၃၀)ပေ ခန့် |
| အိပ်ခန်း Master | - | (၄)ခန်း |
| အိပ်ခန်းရိုးရိုး | - | (၂)ခန်း |
| ထမင်းစားခန်း | - | (၂)ခန်း |
| ဧည့်ခန်း | - | (၂)ခန်း |

ဖုန်း၊ ပရိဘောဂ၊ မီးစက်၊ အဲကွန်း (၈)လုံး၊ ရေတင်ခွန်ပါသည်။
စျေးနှုန်း (သိန်း - ၄၀)
စုံစမ်းရန် - ၀၉ ၄၃၁၈၂၀၀၁၊ ၀၉ ၅၀၀၅၁၁၀

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း (လုပ်ငန်းသစ်) ပဲခူးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး (၆) ထပ်တိုးချဲ့လူနာဆောင် (၁၇၆ပေ×၇၂ပေ)ဆောက်လုပ်ခြင်းနှင့် ရေမီးရရှိရန် ဆောင်ရွက်ခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၁-၂၀၁၇ ရက်
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၁-၂၀၁၇ ရက် ညနေ ၄ နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ဖုန်း-၀၉-၇၈၉၈၈၈၆၁၊ ၀၉-၇၈၉၈၈၈၆၂၊ ၀၅၂-၂၂၀၁၇၃၉တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**နေမင်းခြင်္သေ့**
**ရာထူးဝင်သင်တန်းကြီး**
**PPTT ဝင်ခွင့် (၄/၁၇)**
- (၁၄.၁.၂၀၁၆)ရက်နေ့စပြီး
- မှတ်စုမှတ်တမ်းတွင် အားလုံးထက်ပိုမိုသာလွန်မှုမရှိက ငွေပြန်အမ်းမည်။
- မှတ်စုများလည်း နယ်သို့ပို့ပေးသည်။
- ပြည်မြို့တွင်လည်း ဝယ်ယူရရှိနိုင်သည်။

စုံစမ်းရန်။ တိုက်(၁၈)၊ ၃ လွှာ၊ ဦးထွန်းလင်းချမ်းလမ်း၊ အင်းစောအုပ်တိုက်အပေါ်ထပ်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Ph: 09 26433 5331, 09 44433 6262, 09 4200 42200

## အမည်ပြောင်း

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးချမ်းမြေ့ဇော်- ဒေါ်အိအိချောထွေးတို့၏သား မောင်အောင်မင်းခန့်အား မောင်အောင်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဘုန်းခန့်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချစ်ကိုကို ၁၂/ဗဟန(နိုင်)၀၉၃၅၀၃၏ Sea man Book C.D.C-61611 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။
**ဖုန်း-၀၉-၂၅၄၂၅၅၀၁၈**

## နေပြည်တော် ပျဉ်းမနား အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော်၊ ပျဉ်းမနား အထက(၁)၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၇ခုနှစ် ဇန်နဝါရီ၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျောင်း၏ရွှေရတုရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၅၃ခုနှစ်မှ ၂၀၁၆ခုနှစ်အတွင်း ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသူကျောင်းသားဟောင်းများက ပူဇော်ကန်တော့လိုပါသဖြင့် ဆရာကြီး ဆရာမကြီးများက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများကလည်း အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါဘဏ်စာရင်းအမှတ်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများထံ လှူဒါန်းနိုင်ပါသည်။

CB Bank Account No-0332017557(Pyinmana)

၁။ ဦးနေလင်းထိုက် ဖုန်း-၀၉-၅၅၈၈၄၄၄
၂။ ဦးလှမြင့် ဖုန်း-၀၉-၂၅၀၀၉၄၇၅၇
၃။ ဦးဇော်ထက် ဖုန်း-၀၉-၄၄၈၅၄၄၅၅၅
၄။ ဦးတင်ထွန်းထက် ဖုန်း-၀၉-၄၉၂၂၂၄၄၄

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၆၅၇၅၁ KENBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးတွန်လျှန်ထန်း ၄/ဖလန(နိုင်)၀၄၅၈၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (ဟားခါး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/9441 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၆၁၂၈ Wonlon M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်း ၇/ရတန(နိုင်)၀၉၅၀၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ပြည်)**

# ပုသိမ်-မုံရွာကားလမ်းသို့ အလယ်ဝင်ပေါက်ဖြစ်သည့် ငဝန်တံတား(လေးမျက်နှာ) တည်ဆောက်လျက်ရှိ

**သတင်းဆောင်းပါး - သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ - မြတ်စိုးအောင်**

ပုသိမ်-မုံရွာကားလမ်းမကြီးသို့ အလယ်နေရာမှဖြတ်ဝင်သော လေးမျက်နှာ-ခတ္တာ-ပန်းတောကြီး လမ်းမပေါ်တွင် ငဝန်တံတား (လေးမျက်နှာ)ကို စတင်တည်ဆောက်နေပြီ ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ပုသိမ်-မုံရွာကားလမ်းမကြီးသို့ ဝင်ရောက်နိုင်သော ပထမဆုံး တံတားမှာ ရန်ကုန်-ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းတွင် ငဝန်တံတား (မြို့ကွင်း)ဖြစ်ပြီး ဒုတိယတံတားမှာ ရန်ကုန်-ရေကြည်-ငါးသိုင်းချောင်း-သက္ကယ်ပြင်လမ်းတွင် ပုသိမ်-မုံရွာလမ်းမကြီးသို့ ဝင်ရောက်နိုင်သော ငဝန်မြစ်ကူးတံတား(ငါးသိုင်းချောင်း)ဖြစ်သည်။

အလယ်ဝင်ပေါက်ဟုခေါ်သောလမ်းမှာ ရန်ကုန်-ဟင်္သာတ-တလုတ္တော-လေးမျက်နှာ-ခတ္တာ-ပန်းတောကြီးလမ်းမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းမကြီးသို့ ဝင်ရောက်နိုင်သော လမ်းဖြစ်ပြီး တံတားမှာ ငဝန်မြစ်ကူးတံတား(လေးမျက်နှာ) ဖြစ်သည်။ ငဝန်မြစ်ကူးတံတား(လေးမျက်နှာ) တည်ဆောက်ပြီးစီးပါက ပုသိမ်-မုံရွာလမ်းမကြီးသို့ ငဝန်မြစ်ကူးတံတားသုံးစင်းမှတစ်ဆင့် အချိန်မရွေး ဖြတ်သန်းဝင်ရောက်နိုင်မှာဖြစ်၍ ဒေသတွင်းကုန်စည်စီးဆင်းမှုများကို ပိုမိုသွက်လက် မြန်ဆန်လာစေမည်ဖြစ်သည်။

ယခု အသစ်တည်ဆောက်နေသော ငဝန်မြစ်ကူးတံတား (လေးမျက်နှာ)မှာ လေးမျက်နှာမြို့သစ် မြစ်ကျိုးရွာမှ ယခင်မြို့ဟောင်း ခတ္တာဘက်ကမ်း ဘိသလွန်နှင့် အလယ်ရွာကြားသို့ပေါက်သော တံတားသစ်တစ်စင်းဖြစ်သည်။

အဆိုပါ ငဝန်မြစ်ကူးတံတားသစ်(လေးမျက်နှာ)သည် အရှည် ၁၉၆၈ ဒသမ ၆ ပေ ရှိမှာဖြစ်ပြီး သံကူကွန်ကရစ် (အာရ်စီ)အမျိုးအစားဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေရှိမှာဖြစ်ပြီး တစ်ဖက်တစ်ချက်တွင် သုံးပေစီကျယ်သော လူသွားလမ်း အသွားအပြန်နှစ်လမ်း ပါရှိမည်ဖြစ်သည်။ တံတား၏ ရေကောင်းလွတ်အမြင့်မှာ ၁၈ ပေ ရှိမည်ဖြစ်ပြီး တံတားတစ်စင်းလုံး၏ ခံနိုင်ဝန်အနေဖြင့် တန် ၆၀ ရှိမှာဖြစ်ကြောင်း သိရသည်။

ငဝန်မြစ်ကူးတံတား(လေးမျက်နှာ) တည်ဆောက်ပြီးစီးသွားပါက လေးမျက်နှာမြို့နယ်အတွင်း ငဝန်မြစ် အနောက်ခြမ်းဒေသမှ ကုန်စည်များကို တံတားမှတစ်ဆင့် မြို့ပေါ်အရောက် သယ်ယူပို့ဆောင်ပေးနိုင်တော့မှာဖြစ်သည့်အပြင် အခြားမြို့ကြီးများသို့လည်း အလွယ်တကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သည်။ ထို့အပြင် မြို့နယ်အတွင်း အရှေ့ခြမ်းနှင့် အနောက်ခြမ်းမှ ကျေးလက်တောရွာများသည်လည်း ဖွံ့ဖြိုးမှု တန်းတူရရှိတော့မှာဖြစ်သည်။

ယခင်က တစ်မြို့နယ်ထဲ၌ပင် အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည် ဖွံ့ဖြိုးမှုကွာခြားပြီး ထွက်ကုန်များမှာလည်း ဈေးနှုန်းကွာခြားမှု ရှိနေသည်။ ဖွံ့ဖြိုးမှုနည်းသော အနောက်ခြမ်းတွင် ကုန်ပစ္စည်းများကို အမြဲတမ်း ဈေးပေါပေါနှင့်ဝယ်၍ ရနေခြင်းပင်ဖြစ်သည်။ တံတားပြီးစီးသွားပါက သွားလာရေး လွယ်ကူသွား၍ ထွက်ကုန်ပစ္စည်းများမှာလည်း ဈေးနှုန်းညီမျှစွာ ခံစားရတော့မည်ဖြစ်သည်။ ထို့အပြင် ကုန်စည်စီးဆင်းမှုအနေဖြင့် ငဝန်မြစ်ကူးတံတား(လေးမျက်နှာ) ပြီးစီးသွားပါက လေးမျက်နှာ-ပန်းတောကြီးလမ်းမှ ပုသိမ်-မုံရွာ ကားလမ်းမကြီးဘေးရှိ ကျေးရွာများအရောက် ကုန်စည်များ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

ခေတ်စနစ်နှင့်အညီ ထိုကဲ့သို့ လမ်းကွန်ရက်များ တည်ဆောက်လာနိုင်ခြင်း၊ တံတားကြီး၊ တံတားငယ်များ တည်ဆောက်လာနိုင်ခဲ့ခြင်းကြောင့် တောရောမြို့ပါ ဖွံ့ဖြိုးမှု ကွာခြားမှုရှိတော့မည်မဟုတ်တော့ပေ။ ဧရာဝတီတိုင်းဒေသကြီး၏ လူသိနည်းခဲ့သော လေးမျက်နှာမြို့လေးမှာ အဆိုပါငဝန်မြစ်ကူးတံတား(လေးမျက်နှာ)ကြောင့် လူသိများလာတော့မည်မှာလည်း အမှန်ပင်ဖြစ်တော့သည်။ ထို့ပြင် တံတားတည်ဆောက်ပြီးစီးသွားပါက တစ်ချိန်က သာသနာ့အာဇာနည်ကြီးတစ်ပါးဖြစ်သော ထွဋ်ခေါင်ဆရာတော်ကြီး၏ မွေးရပ်မြေဖြစ်သည့် ကြီးပေါက်ကုန်းကျေးရွာအုပ်စု မြင်းကုန်းကျေးရွာသို့လည်း အလွယ်တကူ သွားရောက်လေ့လာနိုင်တော့မည်ဖြစ်သည်။



ငဝန်တံတား(လေးမျက်နှာ)ပုံစံငယ်

ငဝန်မြစ်ကူးတံတား(လေးမျက်နှာ)သည် လေးမျက်နှာမြို့နယ်သူ မြို့နယ်သားများအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပင် ဖြစ်တော့သည်။ အနှစ်နှစ်အလလမှ စိတ်ကူးအိပ်မက်က ယခုအခါ ပုံပေါ်လာတော့မှာဖြစ်သည်။

အတိတ်ကို ပြန်ကြည့်ပါက လေးမျက်နှာ နယ်သူနယ်သားများမှာ အလွန်ပင် သနားစရာကောင်းလှသည်။ အဘယ့်ကြောင့်ဆိုသော် မိုင်တစ်ရာကျော်သာဝေးသော စီးပွားရေးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်သို့ သွားလိုလျှင် အတော် ခက်ခက်ခဲခဲ သွားခဲ့ရပေသည်။ လေးမျက်နှာမြို့မှ ရန်ကုန်မြို့သို့ သွားမည်ဆိုပါက လေးမျက်နှာ စက်လှေဆိပ်မှ နံနက်လေးနာရီတွင် စက်လှေစီးပြီး အိုင်သပြုဆိုသောရွာသို့ သွားရသည်။ ထိုမှတစ်ဆင့် ခမောက်စုသို့ စစ်ကျန်ဘတ်စ်ကား ဗိုက်ပူကြီးကိုစီးပြီး သွားရသည်။ ထိုမှတစ်ဆင့် ဟင်္သာတသို့ ပုသိမ်-ကြံခင်းရထားကို ခမောက်စုဘူတာမှဖြတ်၍ စီးရသည်။ ဟင်္သာတမြို့ ရထားဘူတာမှတစ်ဆင့် ကားဖြင့် ရွှေပြောင်ပြောင်ဘုရား သင်္ဘောဆိပ်သို့ သွားရသည်။ ထိုမှ ဇက်သင်္ဘောဖြင့် ဧရာဝတီမြစ်ကိုဖြတ်၍ သာရဝေါ်သို့ ရောက်ရှိပြီး သာရဝေါ်မှတစ်ဆင့် မီးရထားစီး၍ ရန်ကုန်ကြည့်မြင်တိုင်သို့ ရောက်ရှိရသည်။

ထိုသို့မသွားဘဲ ဟင်္သာတမှတစ်ဆင့် သင်္ဘောစီးပြီး ဧရာဝတီမြစ်မှ ရန်ကုန်-တွံတေးတူးမြောင်းမှတစ်ဆင့် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့သွားရသော လမ်းတစ်လမ်းလည်း ရှိသည်။ စာရေးသူတို့ငယ်စဉ်က ထိုကဲ့သို့ သွားလာရသဖြင့် အတော်ပင် ဒုက္ခရောက်ခဲ့ရသည်။ လေးမျက်နှာ-ရန်ကုန်ခရီးကို တစ်နေကုန်သွားရသည်။ ယခုအခါ နေ့ချင်းပြန်ပင် သွားလို့ရနေပြီဖြစ်သည်။ ထိုကဲ့သို့ နေ့ချင်းပြန်သွားလို့ရခြင်းမှာလည်း သက်ဆိုင်ရာအစိုးရများကြောင့်သာ ဖြစ်သည်။ မည်သည့်အနေအထားပင်ရှိပါစေ၊ ယခုကဲ့သို့ လုပ်ဆောင်ပေးသော လူကြီးမင်းများကို လေးမျက်နှာသူ လေးမျက်နှာသားများကိုယ်စား ကျေးဇူးတင်မိပါသည်။

စာရေးသူအနေဖြင့် လေးမျက်နှာမြို့ပေါ်တွင် ကြီးပြင်းခဲ့ရသောကြောင့် လေးမျက်နှာမြို့သူမြို့သားတို့၏ မျှော်လင့်တောင့်တချက်ကို သိရှိပြီးဖြစ်၍ ယခုအချိန်အခါသည် ဖြစ်နိုင်ချေရှိသည်ဟုခံယူကာ ၂၀၁၄ ခုနှစ် ဧပြီလတွင် 'ငဝန်မြစ်ကူးတံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အိပ်မက်မက်လျက်ရှိသော လေးမျက်နှာသားများ' ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် သတင်းစာတွင် ရေးခဲ့ဖူးသည်။ ယခုအခါ အမှန်တကယ် ငဝန်မြစ်ကူးတံတား(လေးမျက်နှာ)ကို တည်ဆောက်နေပြီဖြစ်သောကြောင့် လေးမျက်နှာမြို့သူ မြို့သားများနည်းတူ အဝေးရောက် လေးမျက်နှာသားတစ်ဦးဖြစ်သည့် ကျွန်တော်လည်း မြို့နယ်နေပြည်သူများနှင့်အတူ ထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်း။ ။

**လေးမျက်နှာ - ရန်ကုန်ခရီးကိုတစ်နေကုန်သွားရသည်။ ယခုအခါ နေ့ချင်းပြန်ပင် သွားလို့ရနေပြီဖြစ်သည်။ ထိုကဲ့သို့ နေ့ချင်းပြန်သွားလို့ရခြင်းမှာလည်း သက်ဆိုင်ရာ အစိုးရများကြောင့်သာ ဖြစ်သည်။ မည်သည့်အနေအထားပင်ရှိပါစေ၊ ယခုကဲ့သို့ လုပ်ဆောင်ပေးသော လူကြီးမင်းများကို လေးမျက်နှာသူ လေးမျက်နှာသားများကိုယ်စား ကျေးဇူးတင်မိပါသည်။**



တံတားတည်ဆောက်ရေးလုပ်ငန်းများ စတင်နေသည့်နေရာ

## လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေး ထရန်စဖော်မာဖွင့်

**လပွတ္တာ ဇန်နဝါရီ ၆**

လပွတ္တာခရိုင် လပွတ္တာမြို့နယ် အမှတ်(၁၀)ရပ်ကွက် အနော်ရထာလမ်းထောင့်ရှိ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပ သည်။

အဆိုပါဖွင့်ပွဲတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဇော်လွင်က ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။အမှတ်(၁၀)ရပ်ကွက် အနော်ရထာ လမ်းထောင့်ရှိ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာအား ၂၀၁၆-၂၀၁၇ ခုနှစ်တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေ ခွင့်ပြုငွေကျပ် ၁၃ ဒသမ ၄၉၃ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ထရန်စဖော်မာတည်ဆောက်ပြီးစီးသွား၍ ယခင်ဗို့အား ၇၀၊ ၈၀ ဗို့အားရှိပြီး ဗို့အားကျဆင်းနေသည့် (၁၀)ရပ်ကွက်အတွင်း ဗို့အား ၂၀၀ ကျော်ရရှိကာ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ပြီ ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်**

**ဝန်းကျင်သန့်ရှင်းသာယာရေး၊ အလေ့အကျင့်ကောင်းများ မွေးမြူပေး။**

## ကျွဲ၊ နွားများ ပေါင်ပုပ်လက်ပုပ် ကာကွယ်ဆေး အခမဲ့လိုက်လံထိုးနှံ

**ကော့ကရိတ် ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာနီလာအောင်နှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဦးအောင်ထက်ဖြိုး၊ ဦးဖြိုးထွဋ်ကိုကို ပါဝင်သော အဖွဲ့သည် ဇန်နဝါရီ ၅ ရက်ကကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာ အတွင်းရှိ ကျွဲ၊ နွားများအား BQ ကာကွယ်ဆေးများကို အခမဲ့လိုက်လံ ထိုးနှံပေးခဲ့သည်။

ထိုသို့ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးအခမဲ့ လိုက်လံထိုးပေးရာတွင် နွားအထီးအမ စုစုပေါင်း ၈၅ ကောင် ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကျန်ရှိနေသည့်ကျေးရွာများကိုလည်း အပတ်စဉ် လိုက်လံထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



## မှုခင်းသတင်းအတိုအထွာ

### စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကော့သောင်းမြို့ရွှေဟသ်ာရပ်ကွက်တွင် ဇန်နဝါရီ ၃ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက် ကမ်းနီးငါးအဝယ်ဒိုင် ဘောလုံးကွင်းအနီး မူးယစ်ဆေးဝါးသတင်းအရ ကော့သောင်း မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူးမြင့်ထွန်းနှင့်အဖွဲ့ဝင်များသည် ရပ်ကွက်တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်ဖြင့်ရောက်ရှိလာသူ မြင့်လွင်(ခ)နောင်ရှမ်းအား စစ်ဆေးရန် ချဉ်းကပ်ရာ ဆိုင်ကယ်မောင်းနှင်ထွက်ပြေး၍ လိုက်လံဖမ်းဆီးခဲ့ရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ဖမ်းဆီးရမိခဲ့သည်။

မြင့်လွင်(ခ)နောင်ရှမ်းအား ကော့သောင်းမြို့မရဲစခန်းကအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

### ငှက်ပစ်သွားရာမှ မြစ်အတွင်း ရေနစ်သေဆုံး

ပခုက္ကူမြို့ အမှတ် (၁၃) ရပ်ကွက်အနီး ဧရာဝတီမြစ်အတွင်းမှ ဇန်နဝါရီ ၄ ရက်က လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ထွန်းနှင့်အဖွဲ့ ယင်းနေ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဖြိုးဇေကျော်ဖြစ်ပြီး ၎င်းမှာ သူငယ်ချင်းများနှင့်အတူ ဧရာဝတီမြစ်အား မြောက်ဘက်ကမ်းမှ တောင်ဘက်ကမ်းသို့ ဖြတ်ကူးကာ ငှက်ပစ်သွားခဲ့ပြီး ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ပြန်လာစဉ် ၎င်းမှာ ရေလယ်အရောက်၌ နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးချက်အရ သိရသည်။ ယင်းအလောင်း တွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

### ယာဉ်တစ်စီးအရှိန်လွန်၍ ပလက်ဖောင်းပေါ်ကျော်တက်

နေပြည်တော်မြို့မဈေးဘက်မှ တောင်ညိုဘက်သို့ ယာဉ်မောင်း ကျော်ဇင်မျိုး မောင်းနှင်လာသောယာဉ်သည် ဇန်နဝါရီ ၄ ရက်က နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအဝိုင်းအနီး အရှိန်လွန်၍ ပလက်ဖောင်းပေါ်သို့ တက်ရောက်ကျော်လွန်ပြီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါယာဉ်တိုက်မှုတွင် ပလက်ဖောင်းပေါ်ရှိ အလှဆင်မီးတိုင်တစ်တိုင်နှင့် လမ်းညွှန်အမှတ်အသားပြ ဆိုင်းဘုတ်တစ်ခု ပျက်စီးခဲ့ကာ ယာဉ်မောင်းသူမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ **ကိုပေါက်(ဥတ္တရမြေ)**

### ဆိုင်ကယ်နှင့် ကုန်တင်ယာဉ်တိုက်မိ၍ တစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် ဇန်နဝါရီ ၃ ရက်က ဆိုင်ကယ်နှင့်ကုန်တင်ယာဉ်တို့ တိုက်မိခဲ့သည်။ သာဂရနယ်မြေရဲစခန်းမှ တာဝန်မှူးရဲအုပ်စိန်သောင်းနှင့်အဖွဲ့က အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ကားလမ်းမိုင်တိုင် ၂၀၄/၅ နှင့် ၆ အကြား သာဂရကျေးရွာအုပ်စု ဆင်စုလမ်းသွယ်ဘက်မှ ရန်ကုန်-မန္တလေးကားလမ်းပေါ်သို့ ဇော်ဇော် (၃၃နှစ်) ချောင်းကျိုးကျေးရွာနေသူ မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ မင်းနိုင်စိုး(၂၁နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်သည် ကားလမ်းပေါ်သို့ ဖြတ်တက်စဉ် ယင်းလမ်းအတိုင်း မြောက်မှတောင်သို့ နိုင်ရဲအောင် (၂၆နှစ်) ကနီမြို့နယ်နေသူ မောင်းနှင်လာသော ဖရဲသီးတင် ၁၂ ဘီးယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### ဖုန်းဆိုင်နှင့်ကွန်ပျူတာစာစီဆိုင် ဖောက်ထွင်းခံရ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရန်ကုန်-ပြည်လမ်းရှိ ဖုန်းအရောင်းဆိုင်နှင့် ကွန်ပျူတာစာစီလုပ်ငန်းဆိုင်မှ ပစ္စည်းများ ဇန်နဝါရီ ၄ ရက်က ခိုးယူခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီခွဲက ရန်ကုန်-ပြည်လမ်းနေ ဦးကြည်ထူးက ဖုန်းဆိုင်ပိုင်ရှင်နေအိမ်သို့ ရောက်ရှိလာ၍ ဆိုင်ရှေ့တံခါးပွင့်နေကြောင်း၊ လိုက်ကြည့်ရန်ပြောသဖြင့် ဆိုင်ပိုင်ရှင်က သွားရောက်ကြည့်ရှုရာ ဆိုင်ရှေ့တောင်ဘက်တံခါးမှာ ပွင့်နေကြောင်း၊ တံခါးနှစ်ချပ်၌ ခတ်ထားသော သော့ခလောက်လေးလုံးမှာ မရှိတော့သည်ကို တွေ့ရကြောင်း၊ ဆိုင်အတွင်းထားရှိသည့် လက်ပ်တော့၊ ကင်မရာအပါအဝင် ဟန်းဆက်အမျိုးအစား ၃၃ လုံး ခိုးယူခံရကြောင်း တွေ့ရှိရသဖြင့် ခိုးယူသူအား စုံစမ်းစစ်ဆေးပေးပါရန် တိုင်ကြားရာ ပြစ်မှုကျူးလွန်သူအား မြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

### စည်းကမ်းနှင့်မညီသော ရေယာဉ်အား အရေးယူ

ချင်းတွင်းမြစ်အတွင်း ရေယာဉ်စစ်ဆေးမှုပြုလုပ်ဆောင်ရွက်နေစဉ် ကနီမြို့ဆိပ်ကမ်းအနီး မန္တလေးမြို့ဘက်မှ မုံရွာမှတစ်ဆင့် မော်ကတော်သို့ ဆန်တက်မောင်းနှင်လာသော သံခွန်ရေယာဉ်တစ်စင်းကို ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂ ရက်က စစ်ဆေးရာ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်နေသည်ကို တွေ့ရသလို ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရှိခြင်း၊ ရေယာဉ်အုပ်လက်မှတ် စက်ခန်းအုပ်လက်မှတ်များ မရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ အဆိုပါ ရေယာဉ်ပြေးဆွဲနေသူမှာ ဦးမြင့်စိုးဖြစ်ပြီး ၎င်းကို ကနီမြို့မရဲစခန်းက အမှုရေးဖွင့်အရေးယူထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ဆလုံလူမျိုးစုအရေအတွက် နည်းပါးလာမှုကို ထိန်းသိမ်းဖော်ဆောင်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသရှိ ကျွန်းစုများတွင် နေထိုင်ကြသော ဆလုံလူမျိုးစုများသည် ခေတ်ကာလ ရွေ့လျားလာသည်နှင့်အညီ ပျောက်ကွယ်စပြုလာပြီဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များပူးပေါင်း၍ ဆလုံရိုးရာဓလေ့များအား ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြောသည်။

“ပုံမှန်အားဖြင့်တော့ ယခင်ကာလတွေကတည်းက ဆလုံလူမျိုးတွေရဲ့ အရေအတွက်ဟာ နည်းပါးလာတာတွေ့ရတယ်။ ဒါက ခေတ်ကာလတွေပြောင်းလဲလာပြီး ခေတ်မီလာတာနဲ့အမျှ နဂိုရှိရင်းစွဲ ဆလုံရိုးရာဓလေ့တွေ၊ ဝတ်စားဆင်ယင်မှုတွေက ဆလုံလူမျိုးတွေကြားမှာ ယခင်ထက် ခေတ်မီပြီး ပြောင်းလဲစွာ ဝတ်ဆင်လာတာတွေ့ရတယ်။ ဒီလိုနဲ့ သူတို့ရဲ့ ဆလုံရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေကလည်း ပျောက်ကွယ်မှန်းမသိ ပျောက်ကွယ်လာတယ်။ ဒါတွေကို ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တွေ၊ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ကုမ္ပဏီကြီးတွေ၊ လုပ်ငန်းရှင်တွေ စုပေါင်းအင်အားနဲ့ ဆလုံလူမျိုးတွေနဲ့ သူတို့ရဲ့ ရိုးရာဓလေ့တွေ မပျောက်ပျက်အောင်၊ သူတို့ကို အသိပညာပေးဆောင်ရွက်တာတွေ သူတို့နေတဲ့ ကျွန်းစုဒေသတွေမှာ စာသင်ကျောင်းတွေ ဆောက်လုပ်ပေးပြီး သူတို့ဓလေ့အတိုင်း လုပ်လေ့လုပ်ထရှိတဲ့ ရေငုပ်ခြင်း ၊ ငါးရှာခြင်းနဲ့ အခြားရိုးရာအလေ့အကျင့်တွေကို နောင်လာနောက်သား ဆလုံမျိုးဆက်သစ်တွေ စဉ်ဆက်မပြတ်လုပ်သွားနိုင်ဖို့ ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာပါ။ ဆလုံလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုပွဲတော်တွေနဲ့ ဆလုံခရီးသွားပွဲတော်တွေကို နှစ်စဉ်ကျင်းပကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ”ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီး ဦးမြင့်မောင်က “ဆလုံတိုင်းရင်းသားတွေကို ထိန်းသိမ်းတဲ့နေရာမှာ လူမျိုးစုတွေဖြစ်နေတော့ သူတို့တွေနဲ့ တွေ့ဆုံပြီး သူတို့ဘာတွေ လိုအပ်တယ်၊ ဘယ်လိုတွေ လုပ်ပေးစေချင်တယ်ဆိုတာကို ကျွန်တော်တို့ သက်ဆိုင်ရာ အစိုးရအဖွဲ့တွေ၊ ခရီးသွားလုပ်ငန်းရှင်တွေနဲ့ ပညာရှင်တွေပါဝင်ပြီး ပူးပေါင်းဆောင်ရွက်သွားမှ အဆင်ပြေမယ်လို့ ယုံကြည်ပါတယ်။ ဆလုံလူမျိုးတွေဟာ အခုဆိုရင် အရေအတွက်အတော်များများနည်းသွားတာတွေ့ရတယ်။ ဒီလိုနည်းလာတာဟာ သူတို့လူမျိုးစုတွေအကြားမှာ ကျန်းမာရေးအသိနည်းပါးတာတွေ၊ မူးယစ်ဆေးဝါးသုံးစွဲလာမှုတွေနဲ့ ဒိုင်းနမိုက်ဖစ်ရှင်လို့ခေါ်တဲ့ တရားမဝင်စည်းကမ်းမဲ့ ငါးဖမ်းလုပ်ငန်းတွေ များပြားလာတာတွေကြောင့်လည်း ပါပါတယ်။ ဆလုံလူမျိုးစုတွေကို အလွန်နည်းပါးတဲ့ အခကြေးငွေပေးပြီး ဝိသမစီးပွားရေးသမားတွေက ခိုင်းစေတာတွေလည်းရှိတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကလည်း ဆလုံလူမျိုးတွေကို ခေါ်သွားတာရှိတယ်။ ဒီလိုနဲ့ ဆလုံလူမျိုးစုတွေဟာ နည်းပါးလာပြီး အခုဆိုပျောက်ကွယ်စပြုလာပါပြီ။ ဒါတွေကိုမဖြစ်စေဖို့ ဆလုံလူမျိုးတွေရှိရာကိုသွားပြီး သူတို့ရဲ့ လိုအပ်ချက်တွေကို ထိရောက်တဲ့ ဖြည့်ဆည်းမှုတွေ လုပ်ပေးမယ်ဆိုရင် လူမျိုးစုပျောက်ကွယ်မှုကို ထိန်းသိမ်းရာရောက်သလို နိုင်ငံခြားခရီးသွားတွေရဲ့ ဆလုံရိုးရာဒေသလေ့လာမှု ခရီးသွားနယ်မြေသစ်တွေလည်း တိုးပွားလာမယ်လို့ယုံကြည်တယ်”ဟု ပြောသည်။

**မျိုးမင်းသိန်း**
**(မရမ်းကုန်း)**

## ဧရာဝတီတိုင်းဒေသကြီး တတိယအကြိမ် သားဖွားဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၆**



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီသည် ဇန်နဝါရီ ၃ ရက် နံနက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လုပ်ငန်းခွင်ဝင်မည့် သင်တန်းသူများနှင့်အတူ ပုသိမ်မြို့တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တတိယအကြိမ် သားဖွားဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုပ်ငန်းခွင်ဝင်မည့် သင်တန်းသူများက သူနာပြုများ ခံယူအပ်သော သစ္စာအဓိဋ္ဌာန်ရှစ်ချက်ကို ရွတ်ဆိုခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ ပြင်ဆင်ဖြည့်စွက်မည့် သူနာပြုသားဖွားဝတ်စုံများ မိတ်ဆက်ပြသခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က ဝတ်စုံများပြင်ဆင်ဖြည့်စွက်ရသည့် အကြောင်းအရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် သူနာပြုသားဖွား ဒီပလိုမာသင်တန်းသား/ သူများက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏ ပြင်ဆင်ဖြည့်စွက်မည့် သူနာပြုသားဖွားဝတ်စုံများ ဝတ်ဆင်ပြသမှုကို ကြည့်ရှုသည်။ **(သတင်းစဉ်)**




(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ရွှေတောင်မြို့နယ် ထွေ/အုပ်ရုံး လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ဖတ်ကြားစဉ်
ဝဝ၆ဝ

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ရတနာစက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်က ပြည်-ရန်ကုန်လမ်း ရတနာစက်သုံးဆီအရောင်းဆိုင် ပရိဝုဏ်အတွင်း၌ ပြုလုပ်ခဲ့ရာ မြို့နယ်မီးသတ် ဦးစီးဌာနမှ ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အရောင်းဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြသစဉ်
မောင်ရွှေဝင်း(ပြည်)



## ရွှေရခိုင်အဆင့်မြင့် သဘာဝရခိုင်မုန့်တီခြောက်စက်ရုံဖွင့်

**ရမ်းဗြဲ ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် လက်ပန်အဝကျေးရွာတွင် ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးကိုရှေးရှုပြီး ရွှေရခိုင်အဆင့်မြင့်သဘာဝ ရခိုင်မုန့်တီခြောက်စက်ရုံဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က လက်ပန်အဝကျေးရွာ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် ပြည်နယ်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တော၊ သတ္တုရေးရာဝန်ကြီး ဦးကျော်လွင်က မိမိတို့ဒေသတွင် ယခုလို လူထုဒေသဖွံ့ဖြိုးရေးကိုရှေးရှု၍ အဆင့်မြင့်သဘာဝရခိုင်မုန့်တီခြောက်စက်ရုံ ထူထောင်ဖွင့်လှစ်ပေးခြင်းကို ဂုဏ်ယူဝမ်းမြောက်မိပြီး ဒေသဖွံ့ဖြိုးရေးအတွင်း SME လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ပံ့ပိုးပေးရန် ပြောကြားခဲ့သည်။

ယင်းနောက် ရွှေရခိုင်အဆင့်မြင့် သဘာဝရခိုင်မုန့်တီခြောက်စက်ရုံ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ဆက်စပ်၍ စက်ရုံတာဝန်ခံ ဦးကျော်ကျော်နိုင်က ရှင်းလင်းခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ**

# အလေးဂရုပြုသင့်ပါသည်

**ဘထွန်း(ATSO)**

ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဆောင်းပါးရှင်တစ်ဦး ရေးသားထားသော "ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူတို့၏ အခွင့်အရေးများ လျစ်လျူရှုမထားသင့်" သတင်းမှတ်စုကို ဖတ်ရှုလိုက်ရသည်။

မြန်မာနိုင်ငံတွင် တစ်ရက်ထက်တစ်ရက် ယာဉ်အရေအတွက် များပြားလျက်ရှိသည်။ သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ချက်အရ မော်တော်ယာဉ်စီးရေပေါင်း ၆ သိန်းကျော် ခန့်ရှိသည်ဟု သိရသည်။ မော်တော်ယာဉ်များသည်နှင့်အမျှ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများလည်း နေ့စဉ်နှင့်အမျှဖြစ်ပေါ်လျက်ရှိသည်။ မော်တော်ယာဉ် တိမ်းမှောက်မှု၊ မတော်တဆတိုက်မှုများကြောင့်လည်း သေဆုံး ထိခိုက်ဒဏ်ရာရမှုများလည်း နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည်။

**သက်ဆိုင်ရာဌာနများစာရင်းအရ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ** ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၀၁၂၃ မှု၊ ဒဏ်ရာရ ၁၇၀၈၀၊ သေဆုံး ၂၇၉၆ ဦး၊ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၁၆၇၅ မှု၊ ဒဏ်ရာရ ၁၉၆၈၄ ဦး၊ သေဆုံး ၃၄၂၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှု၁၃၉၁၂ မှု၊ ဒဏ်ရာရ ၂၃၃၇၈ ဦး၊ သေဆုံးမှု ၃၇၂၀ ဦး၊ ၂၀၁၄ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၄၉၉၇ မှု၊ ဒဏ်ရာရ ၂၄၉၉၇ ဦး၊ သေဆုံး ၄၃၁၃ ဦး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ယာဉ်တိုက်မှု ၁၂၈၀၉ မှု၊ ဒဏ်ရာရ ၂၁၄၂၇ ဦး၊ သေဆုံး ၃၅၆၁ ဦး၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် လေးနှစ်ကျော်၊ ငါးနှစ်ကာလအတွင်း ယာဉ်တိုက်မှု ၆၃၅၁၆ မှု၊ ဒဏ်ရာရမှု ၁၀၆၇၄၆ ဦးနှင့် သေဆုံးမှု ၁၇၈၁၃ ဦးရှိကြောင်း၊ ငွေကြေး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၄၉၂၄၆၆ သိန်း ဆုံးရှုံးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းဇယားများအရ သိရသည်။

မော်တော်ယာဉ်မောင်းများ မဆင်မခြင်မောင်းနှင်မှုကြောင့် လည်းကောင်း၊ ယာဉ်ချွတ်ယွင်းမှုကြောင့်လည်းကောင်း၊ ခရီးသွားပြည်သူများ အသက်အန္တရာယ် ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ယခုကဲ့သို့ များပြားနေရခြင်းက အရှိတရားဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူများအတွက် နိုင်ငံတော်က လျစ်လျူရှုထားခြင်းမဟုတ်ပါ။ နိုင်ငံတော်အနေဖြင့် ခရီးသွားပြည်သူများအတွက် လိုအပ်သော အာမခံအကာအကွယ်များဖြင့် ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူများအတွက် အကာအကွယ်များ ပေးလျက်ရှိနေသည်။

နိုင်ငံတော်တွင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုကို အာမခံလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေး၍ ခရီးသွားပြည်သူလူထုအတွက် နိုင်ငံတော် အာမခံကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော သူတစ်ပါးထိခိုက်မှုအာမခံ၊ အာမခံကုမ္ပဏီများက ဆောင်ရွက်ပေးနေသော မော်တော်ယာဉ်အလုံးစုံ အာမခံ၊ အထူးခရီးသွားအာမခံစသည့် အာမခံအမျိုးအစားများကို ဆောင်ရွက်ပေးလျက်ရှိကြပါသည်။

သူတစ်ပါးထိခိုက်မှု အာမခံဆိုသည်မှာ နိုင်ငံတော်မှ မည်သည့်မော်တော်ယာဉ်ဖြင့် ခရီးသွားရာတွင် သေဆုံးထိခိုက်ဒဏ်ရာရလျှင် သေဆုံးမှုအတွက်ငွေကျပ် ၁၀ သိန်း၊ ထိခိုက်ဒဏ်ရာရမှုအတွက် ဒဏ်ရာရမှုအပေါ် ဆရာဝန်၏ထောက်ခံချက်ဖြင့် အများဆုံးငွေကျပ်ရှစ်သိန်းအထိ လျော်ကြေးပေးလျက်ရှိသည်။

အာမခံကုမ္ပဏီအားလုံးကလည်း အလုံးစုံမော်တော်ယာဉ်အာမခံကို လက်ခံဆောင်ရွက်ပေးလျက်ရှိကြသည်။ မိမိပိုင် မည်သည့်မော်တော်ယာဉ်မဆို အလုံးစုံမော်တော်ယာဉ် အာမခံအကာအကွယ် ဝယ်ယူထားပါက မည်သည့် အကြောင်းကြောင့် ယာဉ်တိုက်မှုဖြစ်စေ၊ ယာဉ်ပျက်စီးမှုပြင်ဆင်စရိတ်၊ သူတစ်ပါး ထိခိုက်ဒဏ်ရာရမှုများအတွက်ဖြစ်စေ၊ လူသေဆုံးမှုအတွက်ဖြစ်စေ လျော်ကြေးပေးချေသော အာမခံအမျိုးအစားဖြစ်သည်။ အသက်သေဆုံးမှုအတွက် လျော်ကြေးငွေ ၁၀ သိန်းရမည်ဖြစ်သည်။ ဒဏ်ရာရမှုအတွက် ဆေးထောက်ခံချက်ဖြင့် သတ်မှတ်လျော်ကြေးကို ခံစားခွင့်ရှိသည်။

ယင်းနည်းတူ အထူးခရီးသွားအာမခံကို ဝယ်ယူ၍ ခရီးသွားပါက ခရီးတစ်ခေါက်အတွက် တစ်ယူနစ်ငွေကျပ် ၃၀၀ သာကျသင့်ပြီး မတော်တဆယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးလျှင် ငွေကျပ်သိန်း ၃၀ အထိ လျော်ကြေးရမည်ဖြစ်ပြီး နှစ်ယူနစ်အတွက် ငွေကျပ်သိန်း ၆၀ ရမည်ဖြစ်သည်။

ထိုကြောင့် ဆောင်းပါးရှင်ရေးထားသကဲ့သို့ "တစ်ဦးတစ်ယောက်၏ အမှားကြောင့် မိသားစုတို့၏ ဘဝများထိခိုက်လျက်ရှိရာ ဝန်ထမ်းတစ်ဦးဖြစ်စေ၊ သာမန်ပြည်သူတစ်ဦးဖြစ်စေ လူသားချင်းစာနာစိတ် ထားရှိကြမည်ကို မေ့လျော့နေခဲ့ကြသည်။ ဤအဖြစ်ကို ထောက်ရှုခြင်းဖြင့် ပြည်သူများနေ့စဉ်နှင့်အမျှ ယာဉ်စီးသွားလာရာ၌ မတော်တဆဖြစ်ပွားလာခဲ့ပါက မည်သူကတာဝန်ယူဖြည့်ဆည်းဆောင်ရွက်ပေးပါမည်နည်း" ဟူသောမေးခွန်းကို ဖြေကြားပြီးဖြစ်လိမ့်မည်ထင်ပါသည်။ "ယာဉ်တိုက်မှုကြောင့် သေဆုံးသူများ မရေတွက်နိုင်သလို ထိခိုက်ဒဏ်ရာဖြင့် ကျန်ရစ်ခဲ့သူတို့မှာလည်း ဘဝဆုံးသူများ မရှိကောင်းတော့ပါ။ ထိခိုက်သူအတွက် အစားထိုးဖြည့်ဆည်းဆောင်ရွက်မှု ယနေ့တိုင် အားနည်းနေလျက်ပင်ရှိနေသေးသည်" ဟူသောတွေးထင်လျက် "လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်အပြည့်ထားရှိကာ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်"ဟူသော အကြံပြုချက်များမှာလည်း သင့်မြတ်ကောင်းမွန်ပါသည်။ သို့သော် တစ်ဖက်တွင် မော်တော်ယာဉ်တိုက်မှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရသူများအတွက် ပြည်တွင်းရှိအာမခံကုမ္ပဏီများမှ သေဆုံးမှု၊ ဒဏ်ရာရမှု၊ ဆေးရုံကုသမှုစရိတ်များကို ငွေကြေးနည်းဖြင့် ကူညီဆောင်ရွက်ပေးနေလျက်ရှိကြပါသည်။ အိမ်ခြံမြေပေါင်ရောင်း၍ ဆေးကုသမှုစရိတ်များ ကုန်ကျရန်မလိုအပ်တော့ပါ။ အာမခံကုမ္ပဏီများက တာဝန်ယူ၍ လျော်ကြေးပေးချေသောနည်းဖြင့် ကုစားပေးလျက်ရှိနေပြီဖြစ်သည်။ ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများအတွက် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ စုစုပေါင်းငွေကျပ် ၉၈၉ ဒသမ ၄၁ သန်း ပေးလျော်ပြီးဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူတို့၏ အခွင့်အရေးများ လျစ်လျူရှုထားခြင်းမဟုတ်သည်ကို အာမခံကုမ္ပဏီများမှ ပေးလျော်ထားမှုအခြေအနေကို လေ့လာကြည့်လျှင်သိနိုင်ပါသည်။ သို့သော် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မော်တော်ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူစာရင်းနှင့် အာမခံလျော်ကြေး ပေးချေမှုစာရင်းမှာ လွန်စွာပင်ကွာဟ ခြားနားလျက်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။

အာမခံကုမ္ပဏီများ၏ အဓိကတာဝန်မှာ အာမခံထားသူများကို မမျှော်လင့်သော ဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက ရသင့်ရထိုက်သောအကျိုးခံစားခွင့်ကို ငွေကြေးနည်းဖြင့် (လျော်ကြေးပေးချေခြင်း) ဖြင့် စီးပွားရေး၊ လူမှုရေးရှုထောင့်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးသော အဖွဲ့အစည်းများဖြစ်ကြသည်နှင့်အညီ ပေးလျော်ရန်တာဝန်ကို အမှန်ကန်ဆုံးနည်းဖြင့် အမြန်ဆုံးပေးလျော်ရန် ဆောင်ရွက်လျက်ရှိကြပါသည်။

အဓိကပြဿနာမှာ ပြည်သူလူထုအနေဖြင့် အာမခံအပေါ် စိတ်ပါဝင်စားမှု၊ ယုံကြည်ကိုးစားမှု နည်းခြင်းဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ သိန်းပေါင်းမြောက်မြားစွာသော ပြည်သူလူထုများသည် စီးပွားရေးအရ၊ လူမှုရေးအရ အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာနေကြသည်။ လမ်းခရီးတွင် မည်သို့သော ဘေးအန္တရာယ်ကျရောက်နိုင်သည်ကို ကြိုတင်မျှော်တွေးတွက်ဆခြင်း၊ စိုးရိမ်ခြင်းမရှိကြ။ "ဘာမှမဖြစ်ပါဘူးကွာ" ဟူသောအသိမျိုးသာ ထားတတ်ကြသည်ကို တွေ့ရသည်။ ထို့အပြင် ပေးဆောင်ရမည့် ပရီမီယမ် (Premium) မဖြစ်စလောက်ကို မျှော်မြင်တွက်ဆကြသည်ကိုလည်း တွေ့ရသည်။ တချို့ကလည်း အာမခံထားတာ နိမိတ်မရှိဟုလည်း တွေးထင်ကြသည်။

အမှန်တော့ ဘယ်လိုမှမျှော်တွေးမှန်းဆ၊ တွက်ချက်မရတဲ့ အန္တရာယ်များရှိနေသည်။ မိမိအတွက်၊ မိမိ မိသားစုအတွက် ထိုမြင်နိုင်စွမ်းငှာမရှိသော အန္တရာယ်များအတွက် အာမခံထားခြင်းဖြင့် လူမှုဒုက္ခက သက်သာနိုင်သည်ကို ကြိုတင်တွေးဆ၍ အာမခံထားသင့်ကြသည်။ ဥပမာ- မသွားမဖြစ်သည့် ခရီးတစ်ခုအတွက် မပြောပလောက်သော အထူးခရီးသွား အာမခံပရီမီယမ် ငွေကျပ် ၃၀၀ ပေးဆောင်ဝယ်ယူ၍ခရီးသွားခြင်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် အသက်သေဆုံးမှုဖြစ်ခဲ့လျှင် ငွေကျပ်သိန်း ၃၀ လျော်ကြေးရရှိနိုင်သလို ထိခိုက်ဒဏ်ရာရမှု အကြီးအသေးပေါ်မူတည်၍ အများဆုံးငွေကျပ် ၂၄ သိန်း အထိရရှိနိုင်ပါသည်။ ဆေးရုံတက်ရောက်ကုသမှုခံယူရပါက တစ်ပတ်လျှင်ငွေကျပ် ၂၄၀၀ နှုန်းဖြင့် ၅၂ ပတ်၊ တစ်နှစ်အထိ ခံစားနိုင်ပါသည်။ မိမိပေးဆောင်ရသော ပရီမီယမ်နှင့် နှိုင်းယှဉ်ပါက (အဆ ၁၀၀၀၀) အထိ အကျိုးခံစားခွင့်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

**မသွားမဖြစ်သည့် ခရီးတစ်ခုအတွက် မပြောပလောက်သော အထူးခရီးသွား အာမခံပရီမီယမ် ငွေကျပ် ၃၀၀ ပေးဆောင် ဝယ်ယူ၍ခရီးသွားခြင်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် အသက်သေဆုံးမှုဖြစ်ခဲ့လျှင် ငွေကျပ်သိန်း ၃၀ လျော်ကြေးရရှိနိုင်သလို ထိခိုက်ဒဏ်ရာရမှု အကြီးအသေးပေါ်မူတည်၍ အများဆုံး ငွေကျပ် ၂၄ သိန်း အထိရရှိနိုင်ပါသည်။ ဆေးရုံတက်ရောက် ကုသမှုခံယူရပါက တစ်ပတ်လျှင်ငွေကျပ် ၂၄၀၀ နှုန်းဖြင့် ၅၂ ပတ်၊ တစ်နှစ်အထိခံစားနိုင်ပါသည်။ မိမိပေးဆောင်ရသော ပရီမီယမ်နှင့်နှိုင်းယှဉ်ပါက (အဆ ၁၀၀၀၀) အထိ အကျိုးခံစားခွင့်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်**

ထိုနည်းတူစွာ မီးအာမခံ၊ မော်တော်ယာဉ်အလုံးစုံအာမခံ၊ ရေကြောင်း၊ ကုန်းကြောင်း ကုန်ပစ္စည်းအာမခံ၊ အသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ စသည် စသည်ဖြင့် အာမခံအမျိုးအစား (Insurance Products) များကိုလည်း အာမခံထားနိုင်ကြပါသည်။

သို့ဖြစ်၍ နိုင်ငံတော်မှ ပြည်သူလူထုများခံစားရမည့် ဘေးအန္တရာယ်အတွက် လျစ်လျူရှုထားခြင်းမရှိပါ။ နစ်နာဆုံးရှုံးမှုများအတွက် လိုအပ်သော အာမခံအကာအကွယ်များကို စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိပါသည်။ လိုနေသည်က ပြည်သူလူထု၏ အာမခံအပေါ်နိုးကြား၍ အသိရှိခြင်း (Public Awareness) သာလိုအပ်ပါသည်။ (Public Awareness) ရရှိရေးအတွက် အာမခံကုမ္ပဏီများကလည်းကောင်း၊ နိုင်ငံတော်ကလည်းကောင်း၊ လူမှုအဖွဲ့အစည်းများကလည်းကောင်း အသိပညာပေးဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုခံစားနေရသော လူမှုဒုက္ခများမှ ကင်းဝေးစေနိုင်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအလံတင်အခမ်းအနားနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက်နံနက်က ကြည့်မြင်တိုင်မြို့နယ် အထက(၁) ကျောင်းဝင်းအတွင်း၌ ပြုလုပ်စဉ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့ဘုရင့်နောင်ခန်းမ၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့ သည်။

ပြိုင်ပွဲသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွားဆရာဝန် ဒေါက်တာသိန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကလေးငယ်များနှင့် မိခင်များ တက်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲတွင် မွေးကင်းစမှ ခြောက်လ အတွင်း၊ ခြောက်လ မှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ကလေးငယ်များကို ပါဝင်ယှဉ်ပြိုင်စေပြီး ကလေးငယ် များ၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ မိခင်မှ နို့တိုက်ခြင်းနည်း စနစ်များ၊ ကာကွယ်ဆေးများ ပုံမှန်ထိုးခြင်း/တိုက်ကျွေးခြင်းရှိ မရှိ၊ မိခင်မှ ကလေးငယ်အပေါ် အာဟာရဖြစ်စေမည့် အစားအစာများကျွေးခြင်းစသည့်အချက်များ အပေါ်မူတည်၍ အမှတ်ပေးခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ဆုရရှိသည့်ကလေးငယ်များအား ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဒွါဒသမမြောက် မုဒိတာအတွေးပုံရိပ်များ

မြင့်စိုး(နတလ)




ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လှော်ကထား ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ မြတ်ဆရာ ပူဇော်ပွဲအခမ်းအနားကို ကျွန်တော်အပါအဝင် ကျောင်းသား ဟောင်းကြီးများ စုပေါင်းဦးဆောင် ကျင်းပလာခဲ့သည်မှာ ဆယ် နှစ်ကျော်၊ ဆယ့်နှစ်ကြိမ်မြောက်ထဲသို့ ချဉ်းနင်းဝင်ရောက် လာခဲ့ပါပြီ။ ဆရာကြီးဒေါက်တာသန်းဦး ရေးသားညွှန်ပြခဲ့သလို မြတ်ဆရာတို့သည် ပိယ၊ ဂုရု၊ ဘဝနိယ၊ ဝတ္တာ၊ ဝစနက္ခမ၊ ဂမ္ဘီရ ဂါကထာကတ္တာ၊ နေစဋ္ဌာနေနိယောဇက တည်းဟူသော ဆရာ ကောင်းဆရာမြတ်တို့၏ ဂုဏ်အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံကြသကဲ့ သို့ ကောင်းမြတ်သော နာ(၇)နာ ဖြစ်သည့် စေတနာ၊ အကြင် နာ၊ စာနာ၊ ကရုဏာ(ဂရုနာ)၊ ဝါသနာ၊ စံနမူနာ၊ အနစ်နာ တို့နှင့်လည်း ပြည့်စုံကြပါပေ၏။

**သွန်သင်ဆုံးမစာ**

ဆရာဘဝတွင် ဤသို့ဤနှယ် ဂုဏ်အင်္ဂါ(၇)ဖြာ၊ နာ(၇) နာနှင့် ပြည့်စုံခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီး များက တပည့်များနှင့် ပြန်လည်တွေ့ဆုံတိုင်း ဆုံးမသြဝါဒ စကားများ ပြောနေကြဆဲ၊ သွန်သင်ဆုံးမ နေကြဆဲ ဖြစ်သည်။ သည့်အတွက်ကြောင့်လည်း မြတ်ဆရာ ပူဇော်ပွဲမှ ပြန်လာ တိုင်းပြန်လာတိုင်း ကျွန်တော့်ရင်ထဲမှာ မုဒိတာအတွေး ပုံရိပ် တစ်ခုခုက ခိုဝင်ကပ်ငြိ၍ပါလာတတ်စမြဲ။ ကန်တော့ခံ ဆရာ ကြီး၊ ဆရာမကြီးများဦးရေ တစ်နှစ်ထက် တစ်နှစ် များပြားလာ သည်ကိုလည်း သတိပြုမိပါသည်။ ယခုနှစ် ကြွရောက်လာကြ သည်မှာ ၄၄ ဦး၊ အသက်အရွယ်အားဖြင့် ၇၀ နှစ်နှင့် ၈၀ ကြား ဆရာကြီးအချို့ ကျန်းမာရေးမကောင်းသည့်ကြားမှ ကြိုးစား ပမ်းစားတက်ရောက်လာသည်ကို မြင်ရသောအခါ ဝမ်းလည်း သာ စိတ်မကောင်းလည်းဖြစ်ခဲ့မိပါ၏။

**အလေးအနက်မှတ်ယူ**

ဩော်... ဆရာများ၏ တပည့်တွေအပေါ်ထားရှိသော မေတ္တာတရားနှင့် သံယောဇဉ်ကြီးမားမှုကို မည်သည့်အရာ နှင့်မျှ စံပြုပုံခိုင်းနှိုင်း၍ မရတော့ပါပြီ။ တွေ့ချင်မြင်ချင်၍သာ လာခဲ့ကြသည်။ မိမိစိတ်ဆန္ဒနောက်သို့ ခန္ဓာကိုယ်က သိပ် မလိုက်ချင်ကြတော့။ အသက်ရှည်စွာ နှစ်စဉ်ကန်တော့ခွင့်ရ နေခြင်းကိုက မိမိတို့အတွက် ကြီးမြတ်သောလာဘ်လာဘ တစ်ပါးဟုအလေးအနက်မှတ်ယူမိပါသည်။

ယခုနှစ် ဆရာကန်တော့ပွဲမှအပြန် အဖိုးတန်မှတ်တမ်းတစ်ခု ကိုလည်း ကျွန်တော်ရခဲ့ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က တိတိကျကျပြောရလျှင် ၁၉၇၄ ခုနှစ် အောက်တိုဘာ လထဲမှာ လေးမျက်နှာမြို့နယ်အတွင်းရှိ ဆရာကြီးခုနစ်ဦး ကွင်းဆင်းရေးသားပြုစုခဲ့သော စာတမ်းတစ်စောင်ဖြစ်၏။

စာတမ်းပြုစုသူ ဆရာကြီးများမှာ လေးမျက်နှာမြို့အခြေခံ ပညာအထက်တန်းကျောင်းမှ မြို့နယ်ပညာရေးမှူး ကျောင်း အုပ်ဆရာကြီး ဦးဟန်တင်၊ အိုင်သပြုအထကမှ ဆရာကြီး ဦးရွှေသန်း၊ ကြည်တော်စုအမကမှ ဆရာကြီးဦးမောင်ခင်၊ အထကလေးမျက်နှာမှ ဆရာကြီးဦးချစ်အေး၊ ကပေါင်းကွင်း အမကမှ ဆရာကြီးဦးကြည်သိန်း၊ ကုန်းကြီးအမကမှ ဆရာကြီး ဦးခင်မောင်ဝင်း၊ စိန်တောင်အမကမှ ဆရာကြီးဦးသာခင် တို့ဖြစ်ကြောင်း သိရသည်။

**လူငယ်လှုပ်ရှားမှုစာတမ်း**

ဆရာကြီးဦးသာခင်ကတော့ စာရေးသူ၏ ကျေးဇူးရှင်ဖခင် လည်း ဖြစ်ပါ၏။ ကွယ်လွန်ခဲ့ပါပြီ။ ယခုစာတမ်းလေးအား ကန် တော့ခံ ဆရာကြီးဦးကြည်သိန်းက တကူးတကရှာဖွေ၍ ယူလာပေးခြင်းဖြစ်သည်။ မိမိဖခင်ကို သတိရကြောင်းစကား တွေလည်း အများကြီးပြောသွားခဲ့သည်။ ထိုစာတမ်းလေး၏ အမည်က လေးမျက်နှာမြို့နယ်အတွင်း ခေတ်အဆက်ဆက် လူငယ်လှုပ်ရှားမှုစာတမ်းဟူ၍ ဖြစ်ပေသည်။ အမှန်လည်း ခေတ်အဆက်ဆက်ဟု သုံးနှုန်းသင့်ပါသည်။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ အပြီး သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရသည့် ၁၈၈၅ ခုနှစ်မှစ၍ လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသဖြစ်သော ပန်းတော ကြီးကျေးရွာကိုအခြေခံကာ ဇော်ဂျီဗိုလ်၊ ရွှေမှင်ဗိုလ်၊ ကျောက် စိမ်းဗိုလ်၊ ကျားဗိုလ်၊ ဗျိုင်းဗိုလ် အစရှိသူတို့က ဦးဆောင်လျက် တော်လှန်တိုက်ခိုက်ခဲ့ကြရာ၌ ထိုဒေသမှ လူငယ်လူရွယ်များစွာ ပါဝင်ခဲ့ကြသည်ဆို၏။ ထိုအချိန်က ပါဝင်ဆင်နွှဲခဲ့သူများထဲမှာ ကိုကြာဖြူ၊ ကိုတွတ်နီဆိုသူတို့ ထင်ရှားသည်ဟု ဖော်ပြထား ပေရာ ယခုလက်ရှိ ပန်းတောကြီး ကျေးရွာမှ မည်သူမည်ဝါတို့၏ ဘိုးဘေးဘီဘင်များ ဖြစ်နေကြမလဲဟု ဖျတ်ခနဲ အတွေးဝင် လိုက်မိသေး၏။

**ပြုစုဖော်ပြထား**

ဝိုင်အမ်ဘီအေအသင်းကြီး ဖွဲ့စည်းလှုပ်ရှားချိန်၌လည်း လေးမျက်နှာမြို့နယ် အသင်းအဖွဲ့အနေဖြင့်သာ ဖွဲ့စည်းလှုပ်ရှား ခြင်းမျိုးမဟုတ်ဘဲ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ထိ ဖွဲ့စည်း လှုပ်ရှားကြပုံကို အဖွဲ့ဝင်လူပုဂ္ဂိုလ်၊ နာမည်များဖြင့် ပြုစုဖော်ပြ ထားကြောင်း တွေ့ရပါသည်။ လေးမျက်နှာမြို့မ၏ ဝိုင်အမ်ဘီ အေအသင်းကို ခတ္တာရုပ်ကွက်၌ စတင်တည်ထောင်ပြီး ဥက္ကဋ္ဌ ဦးမောင်ကြီး၊ အတွင်းရေးမှူး ဦးဘစိုးတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အိုင်သပြုဒေသတွင် ရေနောက်မှ ဦးဘိုးသော်၊ ရှမ်းရွာမှ ဦးဘိုး ဖြတ်တို့က ဦးဆောင်လှုပ်ရှားခဲ့ကြောင်း၊ အိုင်သပြုဒေသက အခြားဒေသများထက် ထူးခြားနေသောအချက်မှာ ၁၉၂၅ ခုနှစ်၌ လူငယ်များကြီးပွားရေး စာဖတ်အသင်းကို ဖွဲ့စည်း ၍ မျိုးချစ်စိတ်ထက်သန်စေမည့်စာပေများ လေ့လာစေ ခြင်း၊ ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြခြင်းဖြစ် သည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုယန္တရားကို ထိခိုက်စေ လောက်အောင် ဦးဆောင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသူတို့အား ဖမ်းဆီးအပြစ်ပေးခဲ့ရာ ဦးကံဒွန်းကို ချင်းတောင် (ထိုစဉ်က အသုံးအနှုန်းဖြစ်ပါသည်)ဟားခါးသို့လည်းကောင်း၊ ဦးရွှေ လွန်အား ချင်းတွင်းအဖျား ဟုမ္မလင်းသို့လည်းကောင်း၊ ကိုဘိုး သော်အား ကပ္ပလီကျွန်းသို့လည်းကောင်း၊ ကိုဘိုးဖြတ်အား ပေါက်ခေါင်းသို့လည်းကောင်း နယ်နှင်ဒဏ်ပေးခဲ့ကြောင်း စာတမ်းတွင် ဖော်ပြထားပါသည်။ အခြားဒေသများဖြစ်သော ခမောက်စုဒေသ၊ ကြိုးကြာကွင်းအုပ်စု၊ သိမ်ကုန်းအုပ်စု၊ ရှမ်း ရွာအုပ်စု၊ မဲဇလီကျေးရွာအုပ်စု၊ လှော်ကထားကျေးရွာအုပ်စု၊ မိုးကုတ်အုပ်စု၊ သဲနုကုန်းအုပ်စု၊ ဘုတ်ကျောင်းအုပ်စု၊ ထိန်ငူ ကျေးရွာအုပ်စု၊ ကတက်ကုန်းကျေးရွာအုပ်စု၊ ညောင်ပင်ဝဲ ကျေးရွာအုပ်စု၊ ပန်းတောကြီးကျေးရွာအုပ်စု၊ ဝတ်ကုန်းကျေး ရွာအုပ်စုတို့တွင်လည်း ဝိုင်အမ်ဘီအေအသင်းများ ဖွဲ့စည်း လှုပ်ရှားခဲ့ကြသည်။

တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာ သောအခါ လေးမျက်နှာမြို့နယ်အတွင်းတွင် ပန်းတောကြီး ကျေးရွာအုပ်စုအနေဖြင့်သာ ထဲထဲဝင်ဝင်လှုပ်ရှားခဲ့ကြပြီး ဝတ် ကုန်းအုပ်စု၊ သိမ်ကုန်းအုပ်စုနှင့် ခမောက်စုဒေသတို့မှ ရိက္ခာ နှင့်ငွေကြေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရပါသည်။ တို့ဗမာ အစည်းအရုံးကြီး ပေါ်ပေါက်လာသောအခါ ဆရာကြီး သခင် ကိုယ်တော်မှိုင်း၊ သခင်ထွန်းအုပ်၊ သခင်လေးမောင်၊ သခင် ဘသန်း(ဟင်္သာတ)၊ သခင်ကျော်ရင် စသည့်သခင်ခေါင်းဆောင် များ လေးမျက်နှာမြို့နယ်သို့ရောက်ရှိလာကာ ဒေသခံလူငယ် များနှင့် ပူးပေါင်းဆောင်ရွက်ပုံများ၊ ထိုမှ ဗိုလ်အောင်ဖေ ဦးဆောင်သည့် ဖဆပလအဖွဲ့ကိုလည်းကောင်း၊ သခင်သန်း ဦးဆောင်သည့် ဆိုရှယ်လစ်ပါတီ၊ ကိုဒါန ဦးဆောင်သည့် အာရှ လူငယ်အဖွဲ့၊ ကိုကြည်အောင် ဦးဆောင်သော အလုပ်သမား အဖွဲ့ဦးဘိုးကွန်း ဦးဆောင်သော တောင်သူလယ်သမားအစည်း အရုံး စသည်ဖြင့် ဖွဲ့စည်းကြပုံများကိုလည်းကောင်း ပြည့်စုံစွာ မှတ်တမ်းပြုစု ဖော်ပြထားပါသည်။

**မှတ်သားသိရှိ**

အုပ်ချုပ်ရေးစနစ်တွင် အိန္ဒိယနိုင်ငံနှင့် ခွဲရေးတွဲရေးကိစ္စ ပေါ်ပေါက်လာသောအခါ အိုင်သပြုကျေးရွာအုပ်စု၌ ပြင်းပြင်း ထန်ထန် အပြိုင်အဆိုင် စည်းရုံးလှုပ်ရှားခဲ့ကြကြောင်းလည်း မှတ်သားသိရှိရပါသည်။ ထို့အပြင် ဆရာတော်ဦးဥတ္တမ ကြွ ရောက်တော်မူလာပြီး ဝံသာနုရက္ခိတ သံဃာ့သမဂ္ဂီအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ရှမ်းရွာ၌ ဆရာတော်ဦးဂန္ဓမာမှ လူငယ်များကို ဦးဆောင်ခဲ့ခြင်းတို့ကိုလည်း ဖော်ပြထားပါသည်။

ဖက်ဆစ်တော်လှန်ရေးကာလ လှုပ်ရှားမှုများ၊ ၁၃၀၀ပြည့် အရေးတော်ပုံကြီးတွင် လေးမျက်နှာ၊ အိုင်သပြု၊ ပန်းတောကြီး၊ ခမောက်စုကျေးရွာများမှ ရိက္ခာစုဆောင်းပေးပို့ခဲ့မှုများ၊ အိုင် သပြုတွင် ဒေါက်တာဘမော် ဦးဆောင်ဖွဲ့စည်းခဲ့သော ဓမ္မတပ် ဖွဲ့စည်းရာ၌ ပါဝင်ခဲ့သူများ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖွဲ့စည်းခဲ့သည့် ငါးပွင့်ဆိုင်အဖွဲ့၌ ပါဝင်ခဲ့သူများ၊ အဆိုပါ ဓမ္မ တပ်အဖွဲ့နှင့် ငါးပွင့်ဆိုင်အဖွဲ့တို့ အပြိုင်အဆိုင် စည်းရုံးလှုပ်ရှား ကြပုံများ၊ ရဲခေါင်ပြောက်ကျားအဖွဲ့၊ ပြည်သူ့ရဲဘော်အဖွဲ့ စသည် တို့ ဖွဲ့စည်း၍ ဒေသခံလူငယ်တွေ အားကြိုးမာန်တက်ပါဝင် လှုပ်ရှားကြပုံများကို လေ့လာသိရှိခွင့်ရခဲ့သည်။ ထိုမှ အဆင့်ဆင့် ကူးပြောင်းလာကာ ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကြောင်းကိုလည်း တတ်နိုင်သမျှ ဖော်ပြထား ကြောင်း တွေ့ရသည်။

**အထူးပင်လေးစား**

ဆရာကြီးဦးကြည်သိန်းထံမှ မမျှော်လင့်ဘဲရခဲ့သော စာတမ်း လေးတစ်စောင်မှသည် မိမိတို့ လေးမျက်နှာမြို့နယ်အတွင်းရှိ ခေတ်အဆက်ဆက်လူငယ်များ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကို လေ့လာသိရှိခွင့်ရခဲ့ပါသည်။ ဆရာကြီးအနေဖြင့် လည်း ထိုစာတမ်းကလေးကို မိမိအားပေးလို၍ ပြန်လည်ရှာဖွေ နေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိလိုက်ရသောအခါ သူ၏စေတနာအတွက် အထူးပင်လေးစားခဲ့ရသည်။

မိမိတို့ လေးမျက်နှာမြို့ကလေးသည် လမ်းဆုံးမြို့လေးဖြစ် နေသည့်အပြင် အလွန်သေးငယ်လှပါသည်။ သို့တစေ နိုင်ငံ့ အကျော်အမော်ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ရာ ပထမ ထွတ်ခေါင် ဆရာတော်ဘုရားကြီး၊ ဟံသာဝတီဆရာတော် ဦးဂန္ဓမာလာ၊ ရေတံခွန်ဆရာတော် ဘဒ္ဒန္တတေလာဝံသ၊ ရွှေဟင်္သာဆရာတော် ဘုရားကြီးနှင့် အောင်ဆန်းဆရာတော်ဘုရားကြီးတို့သည် လည်းကောင်း၊ အနုပညာလောက၌ ဇာတ်မင်းသားဦးဘသော်၊ အောင်ချင်းဗိုလ်ဦးခင်မောင်၊ ဝဏ္ဏကျော်ထင်ဦးစိန်အောင် မင်း၊ စန္ဒရားလူမော်၊ ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း၊ ရုပ်ရှင် မင်းသားကြီးဦးမြင့်စိုး(လာလုလုငေး-ရှုမဝရုပ်ရှင်)၊ ဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ငွေ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမော့စ်တို့သည်လည်းကောင်း ထင်ရှားကျော်ကြား သူများ ဖြစ်ခဲ့ကြသည်။ မြို့နယ်၏ဂုဏ်ကို ဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ ယခုစာတမ်းလေးကို လေ့လာဖတ်ရှုလိုက်ရသော အခါ မိမိတို့လေးမျက်နှာမြို့နယ်အတွင်းက ခေတ်အဆက်ဆက် လူငယ်များအနေဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ကျရာအခန်း ကဏ္ဍမှ သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကြပုံများကိုပါ သိရှိခဲ့ရ သည်။ ဂုဏ်ယူမိပါသည် မွေးရပ်မြေ။ ။

## ဆောင်းနေကြာစံပြကွက် တောင်သူပညာပေး ကွင်းသရုပ်ပြ



**ဝမ်းတွင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရေဆုံးကျေးရွာအုပ်စုရှိ ၂၀၁၆-၂၀၁၇ ခုနှစ် ဆောင်းနေကြာစံပြကွက်၌ ဒေသခံ နေကြာစိုက်တောင်သူများအား နည်း ပညာပေးကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဝင်းထိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ရေဆုံးကျေးရွာ၊ ဘုရားစုကျေးရွာနှင့် ဘုရားဖြူကျေးရွာများမှ တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သိန်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေ ရန် ရည်ရွယ်ပြီး တောင်သူပညာပေးကွင်း သရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်း လင်းပြောကြားကာ ဒုတိယဦးစီးမှူး ဒေါ်ဇာခြည်အောင်က ရေဆင်းအထူး အထွက်တိုးနေကြာ-၁ ၏ အရည်အသွေး လက္ခဏာများနှင့် စိုက်ပျိုးရေးနည်းစနစ် များကို ရှင်းလင်းပြောကြားသည်။ ထို့ နောက် ဒေသခံတောင်သူများက ရေဆင်း အထူးအထွက်တိုးနေကြာ-၁ နှင့်ပတ်သက် ၍ သိလိုသည်များကိုမေးမြန်းခဲ့ပြီး တာဝန် ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

ရေဆင်းအထူးအထွက်တိုးနေကြာ-၁ စပ်မျိုးကို စိုက်ပျိုးရာတွင် တစ်ဧကလျှင် တင်း ၅၀ ဝန်းကျင်ခန့် ထွက်ရှိပြီး ၄င်း နေကြာကို ဆီကြိတ်ရာတွင် တစ်တင်း လျှင် လေးပိဿာခွဲခန့်အထိ ထွက်ရှိ သဖြင့် နေကြာမျိုးများထဲတွင် ဆီထွက် အများဆုံးမျိုးဖြစ်ကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၏ ပြော ကြားချက်များအရ သိရသည်။

**ငွေးလှိုင်(ဝမ်းတွင်း)**

## ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ကျင်းပ

**ရေဦး ဇန်နဝါရီ ၆**

ရေဦးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်း သူများ၏ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကာ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပခဲ့ သည်။ ပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူ ၁၈ ဦး ပါဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများ အား တာဝန်ရှိသူများကဆုများချီးမြှင့်ပေးခဲ့သည်။

**သန်းထိုက်(ရေဦး)**

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်

**ရွှေကျင် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ထောက်ပံ့ ပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း က အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိန်ရွှေရွှေလတ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစော၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် ဒေါ်လှလှဝင်းတို့က ယခုပေးအပ် သည့် ဖွံ့ဖြိုးရေးရန်ပုံငွေများသည် ပြည်သူများ၏ လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်ရေးအတွက် ပေးအပ်ခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီဖြစ်အောင် ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ရွှေကျင် မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု ကိုးအုပ်စုအတွင်း ဆောင်ရွက်လျက်ရှိသော ရေရရှိရေးလုပ်ငန်း၊ မြေသားလမ်းခင်း ခြင်းလုပ်ငန်း၊ ဂဝံလမ်းခင်းခြင်းလုပ်ငန်း၊ ကျေးရွာချင်းဆက်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်းလုပ်ငန်း စသည့် လုပ်ငန်း ၁၂ ခုအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေများကို ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များထံသို့ ခွဲဝေပေးအပ်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရခိုင်ပြည်နယ် ဂွမြို့ မြို့မဈေးအဝင်ရှိ တံတားကို မြို့သူ မြို့သားများ၊ ဈေးသွား ဈေးလာများ အဆင်ပြေစေရန်အတွက် အရှည် ၁၆ ပေ၊ အကျယ် ၁၂ ပေရှိ တံတား အဖြစ် ရခိုင်ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံ ငွေ ကျပ် ၆ ဒသမ ၅ သန်းဖြင့် ပြည်ခိုင်ခန့် ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက် ရှိရာ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနိုင်မင်းအေး၊ စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။**
(မြို့နယ် ပြန်/ဆက်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟု ဆိုရာဝယ်

**သတင်းဆောင်းပါး - မျိုးဝင်းထွန်း(မုံရွာ)**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၄၈၄ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၂၅၃၁ ဦးနှင့် သေဆုံးသူ၄၃၂ ဦးရှိခဲ့သလို ၂၀၁၆ ခုနှစ်တွင် ဇန်နဝါရီ ၁ရက်မှ ဒီဇင်ဘာ ၂၅ ရက်အထိ ယာဉ်မတော်တဆမှု ၁၆၀၅ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၂၆၄၀ ဦးနှင့် သေဆုံးသူ ၄၁၄ ဦးရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်ထံမှ သိရသည်။ အမှုများ တိုးတက်ဖြစ်ပွားလာခြင်းမှာ တာဝန်ရှိသူများက မြို့နယ်ကျေးရွာများအထိ ကွင်းဆင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောခဲ့သော်လည်း အများပြည်သူအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း ၄င်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ် အဖွဲ့ဝင်၂၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါကောင်စီအနေဖြင့် ကုန်းလမ်းပို့ဆောင်မှုအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နေသလို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုံလောက်သောငွေကြေးရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ငွေကြေးသုံးစွဲမှုများကို စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့်အခက်အခဲများကို အစီရင်ခံတင်ပြနေသလို အများပြည်သူ ကျန်းမာရေးမြှင့်တင်မှု၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် အဟန့်အတားဖြစ်နိုင်သည်ကို ပြည်သူတစ်ရပ်လုံးက သိရှိခံယူ၍ လေးစားလိုက်နာရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ စေတနာရှင်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်းငွေဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ဆောင်ရွက်သွားရန် စီစဉ်နေသလို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းမှု တိုးတက်လာစေရေး စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းရှိမရှိကို စောင့်ကြည့်စစ်ဆေးရန်နှင့် စီမံကိန်းများကို ခေတ်ကာလနှင့်ကိုက်ညီစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းများအပေါ် ကြီးကြပ်ကွပ်ကဲလျက်ရှိပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် နည်းပညာဆိုင်ရာအထောက်အပံ့ ရရှိစေရေး ဆောင်ရွက်နေကြောင်းလည်း သိရသည်။ ထို့ပြင် ယာဉ်ကြောင့်ဖြစ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား လျော့နည်းကျဆင်းစေရေးကို ဆောင်ရွက်လျက်ရှိသလို ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေရန် သုတေသနပြုခြင်းနှင့် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသလို တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအောက်တွင် တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားသည်။

ထို့အပြင် တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ရေး ဆပ်ကော်မတီကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ပညာပေးရေး ဆပ်ကော်မတီကို တိုင်းဒေသကြီးဥပဒေချုပ်က ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဥပဒေအရာရှိက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူရေး ဆပ်ကော်မတီကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ဥက္ကဋ္ဌနှင့် အမှတ်(၁၇) ယာဉ်ထိန်းဒုရဲတပ်ဖွဲ့ခွဲမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း အသီးသီးဖွဲ့စည်းထားသည်။

၂၀၁၆ ခုနှစ်အတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောမှု ၂၆၆၄ ကြိမ်တွင် ကျောင်းသား ကျောင်းသူ ၉၃၀၀၀ ကျော်၊ အများပြည်သူ ၁၆၀၀၀၀ ခန့်၊ ဝန်ထမ်း ၁၀၀၀၀ ခန့်၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် ၉၀၀၀ ကျော်၊ စုစုပေါင်း လူဦးရေ ၂၇၀၀၀၀ ကျော်တို့အား အသိပညာပေးဟောပြောဆောင်ရွက်ခဲ့ကြောင်း စာရင်းများအရ သိရသည်။

ထို့ပြင်ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးနှင့် မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ၂၀၁၆ ခုနှစ်အတွင်း မှုခင်းအသိပညာပေး ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် လူစည်ကားရာ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များသို့ လှည့်လည်၍ အသိပညာပေးဟောပြောမှု ၁၅ ကြိမ်ဆောင်ရွက်ခဲ့ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချင်းစိန်ထံမှ သိရသည်။

တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ်တွင် အစည်းအဝေး ငါးကြိမ်ပြုလုပ်ခဲ့ပြီး စည်းကမ်းပျက်ယာဉ်များအား အရေးယူဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်စီးရေ၂၅၇စီး၊ အမှု ၃၁၃၆ မှု၊ ဒဏ်ငွေ၄၄၄၃၉၂၀၀ကျပ်၊ ဆိုင်ကယ်စီးရေ ၂၅၂၇၀ စီး၊ အမှု ၂၅၅၇မှု၊ ဒဏ်ငွေ၃၈၉၅၆၂၀၀၀ကျပ်၊ ထော်လာဂျီစီးရေ ၁၉၆၀စီး၊ အမှု၂၀၄၈မှု၊ ဒဏ်ငွေ ၃၆၂၂၆၅၀၀ကျပ်၊ သုံးဘီးယာဉ်စီးရေ ၇၂၂ စီး၊ အမှု ၇၃၅မှု၊ ဒဏ်ငွေ ၆၈၁၄၀၀၀ကျပ်၊ စုစုပေါင်းအနေဖြင့် ယာဉ်စီးရေ ၃၀၅၆၇ စီး၊ အမှုပေါင်း ၃၁၄၉၀မှု၊ စုစုပေါင်းဒဏ်ငွေ ၃၉၀၄၉၂၇၀၀ကျပ် အရေးယူဆောင်ရွက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှလှသန်းက ရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သာသနာပိုင်ယာဉ်နှင့် ပရဟိတယာဉ်များကို စိစစ်ခဲ့ရာတွင်လည်း ကောက်ယူရရှိထားသည့်စာရင်းများအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၁၅၉၄ ကျောင်းမှ သံဃာတော်များပိုင် မော်တော်ယာဉ် ၁၇၇၀စီးအနက် ၄၄၆စီးသာ ယာဉ်လိုင်စင်ရှိပြီး ကျန်၁၃၂၄စီးမှာ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်နေသည်။ လူမှုကူညီရေးအသင်း ၉၉၅ သင်းအနက် ၉၁၆သင်းမှာ မော်တော်ယာဉ်ပိုင်ဆိုင်ထားပြီး အဆိုပါအသင်းများ၏ စုစုပေါင်းပိုင်ဆိုင်ထားသော မော်တော်ယာဉ် ၁၃၁၁ စီးတွင် ၅၃၆ စီးသာ မော်တော်ယာဉ်လိုင်စင်ရှိကာ ကျန် ၇၅၅စီးမှာ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်နေသည်ကို တွေ့ရသည့်အပြင် လူမှုနာမှုကူညီရေးအသင်းများအနေဖြင့် အသင်းအဖွဲ့ဆိုင်ရာမှတ်ပုံတင်ရန် လိုအပ်သော်လည်း စုစုပေါင်း ၉၉၅ သင်းအနက် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့်အသင်း ၈၁ သင်း၊ မှတ်ပုံတင်ထားဆဲ အသင်း ၁၉၀ ရှိပြီး ကျန် ၇၂၄ သင်းမှာ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်းသိရသည်။

**လူမှုကူညီရေးအသင်း ၉၉၅ သင်းအနက် ၉၁၆ သင်းမှာ မော်တော်ယာဉ်ပိုင်ဆိုင်ထားပြီး အဆိုပါအသင်းများ၏ စုစုပေါင်း ပိုင်ဆိုင်ထားသော မော်တော်ယာဉ် ၁၃၁၁ စီးတွင် ၅၃၆ စီးသာ မော်တော်ယာဉ်လိုင်စင်ရှိကာ ကျန် ၇၅၅ စီးမှာ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်နေသည်ကို တွေ့ရသည့်အပြင် လူမှုနာမှုကူညီရေးအသင်းများအနေဖြင့် အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ရန် လိုအပ်သော်လည်း စုစုပေါင်း ၉၉၅ သင်းအနက် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့်အသင်း ၈၁ သင်း၊ မှတ်ပုံတင်ထားဆဲ အသင်း၁၉၀ ရှိပြီး ကျန်၇၂၄ သင်းမှာ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်**

အဆိုပါယာဉ်များကြောင့် မှုခင်းဖြစ်ပွားမှုကို စိစစ်ရာတွင် ၂၀၁၅ခုနှစ်တွင် သံဃာတော်ပိုင်မော်တော်ယာဉ်ကြောင့် ယာဉ်မတော်တဆမှု သုံးမှု၊ လူမှုနာမှုကူညီရေးအသင်းပိုင် မော်တော်ယာဉ်ကြောင့် ယာဉ်မတော်တဆမှုနှစ်မှု ဖြစ်ပွားအရေးယူခဲ့ရပြီး ၂၀၁၆ ခုနှစ်တွင် သံဃာတော်ပိုင်မော်တော်ယာဉ်ကြောင့်ယာဉ်မတော်တဆမှု ခုနစ်မှု၊ တရားမဝင်သစ်သယ်ဆောင်မှု တစ်မှု၊ လူမှုနာမှုကူညီရေးအသင်းပိုင် မော်တော်ယာဉ်ကြောင့် ယာဉ်မတော်တဆမှုခြောက်မှု ဖြစ်ပွားအရေးယူခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် မှုခင်းများပိုမိုဖြစ်ပွားလာသည်ကို တွေ့ရသည်။

ထို့အပြင် သာမန်ထိခိုက်နာကျင်စေမှုများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ မသိရှိမီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်မှုများလည်း ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါမော်တော်ယာဉ်များကို စနစ်တကျရှိစေရေးအတွက် ထိန်းညှိဆောင်ရွက်သင့်သည်ဟု ယူဆသဖြင့် သီးခြားအဖွဲ့ဖွဲ့စည်း တာဝန်ပေးအပ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြစေခဲ့ရာ သုံးသပ်တွေ့ရှိချက်များအရ ဖမ်းဆီးစစ်ဆေး အရေးယူမှုတစ်ခုတည်း ပြုလုပ်ခဲ့လျှင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်နှင့် ဘေးထွက်ဆိုးကျိုးများပါ ရှိလာနိုင်သဖြင့် လတ်တလော ဖမ်းဆီးအရေးယူမှုများသာမက အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် စီမံချက်များရေးဆွဲ၍ ချိန်ဆဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က ဆိုသည်။

ယာဉ်မတော်တဆမှုများကို စိစစ်ပါက ယခုအခါ ခေတ်မီတိုးတက်လာသည်နှင့်အမျှ နေအိမ်တိုင်းလိုလို ဆိုင်ကယ်တစ်စီး အနည်းဆုံး ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး ကျေးလက်တောရွာများတွင်လည်း သွားလာရေးလွယ်ကူရန်အတွက် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ပိုမိုအသုံးပြုလျက်ရှိရာ စည်းကမ်းလိုက်နာမှုအားနည်းလျက်ရှိသဖြင့် ယခင်ထက် ယာဉ်မတော်တဆမှုများ ပိုမိုများပြားလာလျက်ရှိသည်ကို တွေ့ရသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် တာဝန်ရှိသူများက အသိပညာပေး ဟောပြောနေသလို စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူနေသကဲ့သို့ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် အခြားစက်တပ်ယာဉ် စီးနင်းမောင်းနှင်သူများကလည်း စည်းကမ်းချက်များနှင့်အညီ လိုက်နာမောင်းနှင်ပါက ယာဉ်မတော်တဆမှုများ လျော့နည်းလာမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မြို့နယ်များတွင် ယခုထက် ပိုမိုတင်းကျပ်စွာ စနစ်တကျ ကြပ်မတ်သွားမည်ဖြစ်သလို တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လည်း ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ် လျော့ကျရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ။

## မြို့နယ်ဘောလုံးဆပ်ကော်မတီဖလား(ဂိုးလတ်)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မတ္တရာ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၂ ရက်မှစ၍ ကျင်းပခဲ့သော မြို့နယ်ဘောလုံးဆပ်ကော်မတီဖလား (ဂိုးလတ်)ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့သည်။

တတိယနေရာလုပွဲတွင် အမှတ်(၄)ရပ်ကွက်အသင်းနှင့် အမှတ်(၅)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လုပွဲတွင် ဝမ်းဝမ်း၊ တူးတူးအသင်းနှင့် ဆယ်ပယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဝမ်းဝမ်း၊ တူးတူးအသင်းက ဆယ်ပယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွန့်တို့က ပထမဆုရရှိသော ဝမ်းဝမ်း၊ တူးတူး အသင်းအား ငွေသားဆုငွေ ကျပ် သုံးသိန်း၊ ဆုဖလားနှင့် တစ်ဦးချင်းဂုဏ်ပြုဆွဲပြားများ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်တို့က ဒုတိယဆုရရှိသော ဆယ်ပယ်အသင်းအား ငွေသားဆု ကျပ်နှစ်သိန်းနှင့် တစ်ဦးချင်းဂုဏ်ပြုဆွဲပြားများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်တစ်ဦးက တတိယ ဆုရရှိသော အမှတ်(၅) အသင်းအား ဆုငွေကျပ် တစ်သိန်းကို ချီးမြှင့်ပေးခဲ့သည်။

မတ္တရာမြို့နယ်၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မတ္တရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ အသင်းပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# သီတဂူမေတ္တာ သံဃာ့ဒါနအလှူပွဲကျင်းပ

**တောင်ငူ ဇန်နဝါရီ ၆**

သီတဂူဆရာတော်ကြီး၏ သက်တော် ၈၀ ပြည့်မွေးနေ့အကြိုအဖြစ် ဒုတိယအကြိမ်မြောက် သီတဂူမေတ္တာ သံဃာ့ဒါန ပစ္စည်းလေးပါးလောင်းလှူပွဲကို တောင်ငူမြို့ ရွှေဆံတော်ဘုရား ရင်ပြင်တော်၌ ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

သံဃာ့ဒါန ပစ္စည်းလေးပါးလောင်းလှူပွဲတွင် တောင်ငူမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် အပါး ၁၀၀၀ ကျော်နှင့် သီလရှင် အပါး ၈၀ ကျော်တို့အား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော် ဦးဆောင်သည့် တပ်မတော်သားများ၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စေတနာရှင် ပြည်သူများက သံဃာအသုံးအဆောင်ပစ္စည်းများ အပါအဝင် လှူဖွယ်မျိုးစုံကို သံဃာ့ဒါန လောင်းလှူခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ဥပဒေလမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ပဲခူး ဇန်နဝါရီ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များအား ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များမှ ဥပဒေအရာရှိများထံ ထပ်ဆင့်ရှင်းလင်းပွဲကို ပဲခူးမြို့ရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးမောင်မောင်ရွှေ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိဦးတင်ဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။ ရှင်းလင်းပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များကို တိုင်းဒေသကြီး ဥပဒေအရာရှိက ခရိုင်နှင့် မြို့နယ်အဆင့် ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပဲခူး)**




# သဘာဝဘေးအတွက် မိုဘိုင်းအပလီကေးရှင်းဖြင့် စာရင်းကောက်ယူခြင်းသင်တန်းဖွင့်



**ဗန်းမော် ဇန်နဝါရီ ၆**

သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာလျှင် မိုဘိုင်းအပလီကေးရှင်းတစ်ခုဖြစ်သော KOBO Collect Mobile Application ကို အသုံးပြု၍ စာရင်း ကောက်ယူခြင်းဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၃ ရက် က ဗန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းတွင် ဗန်းမော်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးမြင့်ဌေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး KOBO Collect Mobile Application ဖြင့် စာရင်းကောက်ယူခြင်းဆိုင်ရာများကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝင်များ၊ ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

# ချောက်မြို့နယ်၌ မြန်မာ့ရိုးရာ ခြင်းအလှခတ်သရုပ်ပြ

**ချောက် ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြသရဖူအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ ကူညီပံ့ပိုးမှုဖြင့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာခြင်း အလှခတ်သရုပ်ပြပွဲကို မြသရဖူကားဂိတ်ရှေ့၌ ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာခြင်း အလှခတ်သရုပ်ပြပွဲတွင် အဖွဲ့ခြောက်ဖွဲ့က ပွဲစဉ်ခြောက်ခု ပါဝင်သရုပ်ပြခဲ့ကြောင်း၊ ချောက်မြို့နယ်မှ မြန်မာ့ရိုးရာခြင်းအလှခတ်အဖွဲ့များဖြစ်သော ဦးသန်းထွန်းအဖွဲ့၊ ကိုအောင်ကျော်မြင့်အဖွဲ့၊ ဆိပ်ဖြူမြို့အဖွဲ့၊ ရေနံချောင်းမြို့နယ်အဖွဲ့၊ ဆီးဂိမ်းမှလက်ရွေးစင် ကိုတင်ဝေထွန်းအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးလက်ရွေးစင် ရွှေစတားညီနောင်သုံးဖော်အဖွဲ့တို့က ခြင်းအလှခတ် သရုပ်ပြခဲ့ကြောင်း သိရသည်။ ခြင်းအလှခတ်ပွဲ ကျင်းပခြင်းကြောင့် မြန်မာ့ရိုးရာခြင်းအလှခတ်ပညာကို ပြည်သူအများ ကြည့်ရှုခွင့်ရရှိသလို ရိုးရာအမွေအနှစ် ခြင်းခတ်အားကစားနည်း မပျောက်ပျက်စေရန်လည်း ရည်ရွယ်ကာ ကျင်းပပေးခြင်းဖြစ်ကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက ပြောကြားသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ကျောက်စိမ်းတူးဖော်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးရတနာနယ်မြေ နန်စီဘွန်မော်တွင် ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်နေသည့် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၃၁ ရက်တွင် ခိုင်နန်းရွှေကုမ္ပဏီ၏ ကျောက်ကြောပါမြေစာများ စုပုံထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက တူးဖော်လုပ်ကိုင်နေမှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အောင်ရွှေနန်းကုမ္ပဏီနှင့် ဇမ္ဗူသီရိကုမ္ပဏီတို့၏ တူးဖော်ထားသည့် ကျောက်စိမ်းရိုင်းပါ မြေစာများမှ ရေပန်းထိုးစနစ်ဖြင့် ကျောက်စိမ်းရိုင်းရှာဖွေရာတွင် အနည်အနှစ်များ ချောင်းလက်တက်အတွင်း တိုက်ရိုက်မကျရောက်စေရန်အတွက် ရေလည်စနစ်ဖြင့် ပြန်လည်အသုံးပြုသည့်ရေကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြောက်ကျွန်းသူမကုမ္ပဏီ၊ မင်းထက်ဦးကုမ္ပဏီ၊ ထက်ရည်လင်းကုမ္ပဏီ၊ အောင်ရွှေနန်းကုမ္ပဏီတို့၏ ညောင်တလျှောက်မော်ရှိ တူးဖော်နေရာများအား မြေဖို့ပြုပြင်ပြီး ဒညင်းပင်၊ မျောက်ငိုပင်၊ ကျွန်းပင်၊ ပိတောက်ပင်၊ ပီလောပီနံပင်၊ နာနတ်ပင်၊ ငှက်ပျောပင်၊ အော်ရေးရှားပင်နှင့် ဘောစကိုင်းပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ မကျန်ခမော်တွင် မင်းထက်ဦးကုမ္ပဏီမှ ကျောက်စိမ်းရိုင်းပါ ကျောက်ကြောမြေစာများကို ရေပန်းထိုး ကျောက်စိမ်းရိုင်းရှာဖွေသည့် မျောစင်မှထွက်ရှိလာသည့်ရေကို မုံကနယ်စစ်ကန်၊ နုန်းစစ်ကန်၊ ရေစစ်ကန်နှင့် ရေကြည်ကန်များ အဆင့်လေးဆင့်ဖြင့် စနစ်တကျ တည်ဆောက်ထားရှိပြီး နုန်းရေများ ချောင်းအတွင်း ကျရောက်မှုမရှိစေရေး ဆောင်ရွက်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁ ရက်တွင် ကျောက်စိမ်းတူးဖော်ရေးဌာန (ခန္တီး)နှင့် ခန္တီးခရိုင် သစ်တောဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ချင်းတွင်းရိပ်သာတွင် တွေ့ဆုံပြီး ဆက်လက်၍ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်၊ မြန်မာ့ကျောက်မျက်လုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ ခန္တီးဒေသရှိ ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းရှင်များနှင့် ရိပ်သာတွင် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ခန္တီးရတနာနယ်မြေရှိ ကျောက်စိမ်းရိုင်း တူးဖော်နေသော ကုမ္ပဏီများက ဆောင်ရွက်ပေးနေသော ခန္တီးမြို့ သဘာဝဘေး(ရေကြီး/ရေလျှံ)မှုမှ ကြိုတင်ကာကွယ်ရေးအတွက် မြေသားတာပေါင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မျိုးဆက်ပျက်သုဉ်းရန် အန္တရာယ်ကျရောက်နေသည့် ရေချိုလိပ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမှုကိုလည်းကောင်း၊ ခန္တီးမြို့နယ် အင်းဖားကျေးရွာရှိထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုလည်းကောင်း၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society -WCS) က သစ်တောဦးစီးဌာနနှင့် ပူးပေါင်းတည်ဆောက်မည့် ထမံသီသုတေသနနှင့် သင်တန်းစင်တာ (Htamanthi Research and Training Center) တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ ဟုမ္မလင်းမြို့နယ် မော်ရုံမြိုင်ကျေးရွာအနီးရှိ မတင်ခဝါး စိုက်ခင်းများနှင့် ခန္တီးမြို့အဝင်ရှိ သဘာဝတောများ အောက်ခြေတွင် လက်ဖက်စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ နောင်ပိုအောင်ကျေးရွာ သာသနာ့သဒ္ဓမ္မဇေယျကျောင်းတိုက် ကျောက်စိမ်းဓမ္မာရုံတွင် သိမ်းဆည်းထားရှိသော အင်္ဂလိပ်ကိုလိုနီခေတ်က ထုတ်လုပ်ထားသည့် တံဆိပ်အမှတ်အသားများပါရှိသော ကျွန်းသစ်လုံးများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဟုမ္မလင်းမြို့နယ် ခန္တီးခရိုင်နှင့် မော်လိုက်ခရိုင်အတွင်းရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောက်တံခါးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ကျောက်တံခါး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းမှ အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၇)ကို အနန်းဘော်ကျေးရွာအုပ်စု ဆေးချောင်းဝကျောင်း ဓမ္မာရုံအတွင်း၌ ဇန်နဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးတင်မော်သန်းက အမှာစကားပြောကြားပြီး ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းက သင်တန်းတွင် လိုအပ်မည့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကြိမ်ခါးကုန်း၊ ကျောင်းစိုးနှင့် အနန်းဘော်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# မြင်းမူမြို့နယ်အတွင်းမှ လူမှုကူညီရေးအသင်းများ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မြင်းမူ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြင်းမူမြို့ရှိ မြတ်သုခကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းတို့ ပူးပေါင်းကျင်းပသော မြင်းမူမြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ယခုဘောလုံးပြိုင်ပွဲသည် မြင်းမူမြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများအတွက် ပထမဆုံးအကြိမ်ကျင်းပသော ဘောလုံးပြိုင်ပွဲဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်မှစ၍ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းက ရှုံးထွက်စနစ်ဖြင့် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် မြင်းမူမြို့မြတ်သုခလူမှုကူညီရေးအသင်းနှင့် ပုလဲတန်ကျေးရွာမှ ပုလဲမေတ္တာ လူမှုကူညီရေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြတ်သုခအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး တတိယဆုရ ပျော့ရွာကျေးရွာမှ မြတ်ချမ်းသာ လူမှုကူညီရေးအသင်း၊ ဒုတိယဆုရ ပုလဲမေတ္တာအသင်းနှင့် ပထမဆုရ မြတ်သုခအသင်းတို့အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးအောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

**အောင်စိုးဇေ(မြင်းမူ)**

# တယ်လီနော၏ နံပါတ်အလှလေလံပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

တယ်လီနောဖုန်း နံပါတ်အလှ ၁၀၀ ကို လေလံတင်ရောင်းချမည့် စတုတ္ထအကြိမ်မြောက် လေလံပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လေလံပွဲတွင် ၀၉၇၆ ဖြင့်စသည့် ဖုန်းနံပါတ်များထဲမှ နံပါတ်အလှများဖြစ်သည့် ၀၉-၇၆ ၆၆၆၆၆၆၆၊ ၀၉-၇၆၉၉၉၉၉၉၉၊ ၀၉-၇၆၅၅၅၅၅၅၅ စသည့် အထူးနံပါတ်များနှင့်အတူ အခြားနံပါတ်အလှများ ပါဝင်မည်ဖြစ်ကြောင်း၊ လေလံကြမ်းခင်းဈေးကို ဂဏန်း ခုနစ်လုံး၊ ရှစ်လုံးတူ အပူးနံပါတ်များအတွက် ကျပ်သိန်း ၅၀ နှင့် အခြားနံပါတ်များအတွက် ကျပ်သိန်း ၃၀ သတ်မှတ်ထားကြောင်း၊ လေလံပွဲကို ဥပဒေအကြံပေးကုမ္ပဏီ MN Associates က ကြီးကြပ်၍ ကျင်းပသွားမည်ဖြစ်ပြီး လေလံပွဲတွင် ကြမ်းခင်းဈေးထက်ပို၍ရရှိသော အကျိုးအမြတ်များကို HIV ကူးစက်ခံထားရသော ကလေးငယ် ၁၀၀ ကျော်အား ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိသည့်သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

လေလံပွဲအတွက် စိတ်ပါဝင်စားသူများအနေဖြင့် အမည်၊ လိပ်စာ၊ အီးမေးလ်လိပ်စာ၊ မှတ်ပုံတင်နံပါတ် သို့မဟုတ် ကုမ္ပဏီအသေးစိတ် အချက်အလက်များနှင့် ဘဏ်အကောင့်အချက်အလက်များကို အီးမေးလိပ်စာ specialnumber@telenor.com.mm သို့ ဇန်နဝါရီ ၁၂ ရက်မတိုင်မီ ပေးပို့ရမည်ဖြစ်ပြီး ထိုင်ခုံအရေအတွက် ကန့်သတ်ထားသဖြင့် လေလံပွဲမတိုင်မီ တယ်လီနောမှရွေးချယ်ပြီး တက်ရောက်နိုင်သူများကို အသိပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တယ်လီနောအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် နံပါတ်အလှလေလံပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့အပါအဝင် ပြည်တွင်း၌ သုံးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကာ လေလံပွဲများမှ ရရှိလာသည့် အကျိုးအမြတ်များကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိဘမဲ့ဂေဟာ စသည့် အဖွဲ့အစည်းများအတွက် လှူဒါန်းခဲ့သည်။

**သူရဖြိုး**

# MPTမှ ဆင်းမ်ကတ်မှတ်ပုံတင်ဝန်ဆောင်မှုများ တိုးမြှင့်ထား

**ရန်ကုန် ဇန်နဝါရီ ၆**

ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနေသော အော်ပရေတာများအနေဖြင့် ဆင်းကတ်သုံးစွဲသူများ အလွယ်တကူ မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့ဆက်သွယ်ရေး MPT ကလည်း ဆင်းကတ်မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

MPT ၏ ဆင်းကတ်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ စာတိုက်ပေါင်း ရ၈၂ ခုတွင် မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် ဝန်ဆောင်မှုကို ဒီဇင်ဘာ ၂၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ MPT အနေဖြင့် မြန်မာ့စာတိုက်လုပ်ငန်းနှင့် ယခုကဲ့သို့ ပူးပေါင်းကာ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်သည့်နေရာများ ထပ်မံတိုးချဲ့လိုက်ခြင်းမှာ ၂၀၁၇ ခုနှစ် မတ်လမတိုင်မီ ဆင်းမ်ကတ်များအားလုံး မှတ်ပုံတင်ပြီးစီးရေးဟူသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ MPT ၏ ၂၁ သန်းကျော်သော သုံးစွဲသူများအားလုံး သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်ပြီးစီးရန် ကြိုးပမ်းမှုများထဲမှ တစ်ခုဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်သည်။

စာတိုက်များတွင် ဆင်းမ်ကတ်မှတ်ပုံတင်နိုင်ရန်အတွက် MPT ဆင်းမ်ကတ်သုံးစွဲသူများအနေဖြင့် ၄င်းတို့မှတ်ပုံတင်မည့် လက်ရှိဆင်းမ်ကတ်နှင့် နိုင်ငံသားမှတ်ပုံတင်ကတ်၊ ကျောင်းသားကတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင် အစရှိသည့် အထောက်အထားတစ်ခုခုကို လိုအပ်ပြီး နိုင်ငံခြားသားများအနေဖြင့် နိုင်ငံကူးလက်မှတ် လိုအပ်မည်ဖြစ်သည်။

MPT ဆင်းမ်ကတ်မှတ်ပုံတင်များကို မြန်မာ့စာတိုက်ပေါင်း ရ၈၂ တွင် ပြုလုပ်နိုင်ရုံသာမက မြန်မာနိုင်ငံတစ်ဝန်းရှိ အိတ်ချိန်းရုံးပေါင်း ၃၀၀ ကျော်တွင်လည်း ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်းရှိ MPT ၏ လက်လီအရောင်းဆိုင်ပေါင်း ၃၅၀၀၀ တွင်လည်း မှတ်ပုံတင်ပြုလုပ်နိုင်မည်ဖြစ်ပြီး CB ဘဏ်၊ KBZ ဘဏ်နှင့် Bestone မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင်လည်း ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်နိုင်ရန် MPT မှ စီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် အွန်လိုင်းမှမှတ်ပုံတင်ခြင်း နည်းလမ်းအပါအဝင် MPT အမှတ်တံဆိပ် အရောင်းဆိုင်များ၊ ဆင်းမ်ကတ်မှတ်ပုံတင်ပွဲတော်များ၊ ကျေးလက်ဒေသအရောက် ဆင်းမ်ကတ်မှတ်ပုံတင်နိုင်ရန် ဝန်ဆောင်မှုပေးနေသော မော်တော်ယာဉ်များ(Mobile caravan) အပါအဝင် အခြားသော ဆင်းမ်ကတ်မှတ်ပုံတင်နိုင်မည့် အစီအစဉ်များကိုလည်း ပြုလုပ်ပေးထားလျက်ရှိကာ Mobile caravan ဝန်ဆောင်မှုဖြင့် မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ တနင်္သာရီ၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အနည်းဆုံး နေရာဒေသ ၅၅ ခုတွင် ဆင်းကတ်မှတ်ပုံတင်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဘဝအောင်မြင်မှုဆိုင်ရာ နည်းလမ်းများ ဟောပြောပွဲကို Winning Ways to your Success ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park အခန်း(၂၀၅)၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် Director of Programs & International Empowerment Career မှ နည်းပြ Phil WIN က ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ဟောပြောပွဲသို့ တက်ရောက်ခြင်းအားဖြင့် နေ့စဉ်လုပ်ငန်းခွင်များကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ပြီး မိမိတို့ဘဝပန်းတိုင်ကို အောင်မြင်စွာရောက်ရှိစေနိုင်မည့် ဘဝနေနည်းများကို လေ့လာသိရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်မည်ဖြစ်သော်လည်း လူဦးရေ ၁၀၀ သာ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ ကြိုတင်စာရင်းပေးသွင်းပြီး တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဆမ်ဆောင်း၏ Galaxy A စီးရီးစ်စမတ်ဖုန်းသစ်များ မြန်မာနိုင်ငံတွင် မိတ်ဆက်




**ရန်ကုန် ဇန်နဝါရီ ၆**

သပ်ရပ်လှပသော ဒီဇိုင်းနှင့် မြင့်မားသောစွမ်းဆောင်ရည်များပါဝင်ကာ အသုံးပြုရလွယ်ကူစေရန် ပြန်လည်ဆန်းသစ်ဖန်တီးထားသော နောက်ဆုံးပေါ် မျိုးဆက်သစ်စမတ်ဖုန်းများဖြစ်သည့် Galaxy A စီးရီးစ် စမတ်ဖုန်းမော်ဒယ်နှစ်မျိုးကို ဆမ်ဆောင်း မြန်မာက မြန်မာနိုင်ငံဈေးကွက်တွင် ဇန်နဝါရီ ၅ ရက်က စတင်မိတ်ဆက်ခဲ့သည်။

ဖုန်းမော်ဒယ်သစ်နှစ်မျိုးမှာ မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မအရွယ်အစားရှိ A7 စမတ်ဖုန်းနှင့် ၅ ဒသမ ၂ လက်မ အရွယ်အစားရှိ A5 စမတ်ဖုန်းသစ်များဖြစ်ပြီး အန်းဒရွိုက်ဗားရှင်းအနေဖြင့် Android 6.0.16 (Marshmallow) ပါဝင်သည်။ Galaxy A စမတ်ဖုန်း နှစ်မျိုးလုံးတွင် အရည်အသွေးမြင့် သတ္တုဘောင်နှင့် 3D ဖန်သားပြင်များကို ထည့်သွင်းအသုံးပြုထားပြီး အသုံးပြုရလွယ်ကူသော ကင်မရာနှင့် Home Key ခလုတ်များ ပါဝင်သောကြောင့် အသုံးပြုရာတွင် သာမန်ထက်ပို၍ လွယ်ကူစွာ ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဖုန်းများတွင် အဓိက ထူးခြားချက်မှာ ရှေ့ကင်မရာနှင့် နောက်ကင်မရာနှစ်ခုစလုံးကို ၁၆ မဂ္ဂါပစ်ဇယ် ကင်မရာများ တပ်ဆင်ပေးထားခြင်းဖြစ်သည်။ တိကျသေချာသည့် autofocus လုပ်ဆောင်ချက်နှင့်အတူ အခြား ဓာတ်ပုံဆိုင်ရာ လုပ်ဆောင်ချက်များ ပါဝင်သောကြောင့် ပိုမိုကြည်လင်ပြတ်သားတည်ငြိမ်ပြီး အလင်းရောင်အားနည်းသည့် အခြေအနေများတွင်ပင် ကြည်လင်ပြတ်သားသည့် ဓာတ်ပုံများနှင့် ဆယ်လ်ဖီပုံများကို ရိုက်ကူးနိုင်မည်ဖြစ်ကာ ဆယ်လ်ဖီရိုက်ရာတွင် ပိုမိုကြည်လင်တောက်ပသော ဓာတ်ပုံများရရှိနိုင်ရန်အတွက် ဖုန်းမျက်နှာပြင်ကို front flash အနေဖြင့် အသုံးပြုနိုင်မည့် လုပ်ဆောင်ချက်လည်း ပါဝင်သည်။

အခြားထူးခြားချက်အနေဖြင့် Galaxy A ဖုန်းများကို မည်သည့်နေရာ အခြေအနေတွင်မဆို သုံးစွဲနိုင်ပြီး မိုး၊ ချွေး၊ သဲနှင့် ဖုန်ဒဏ်များကို ခံနိုင်ရည်ရှိစေရန်လည်း ဆောင်ရွက်ပေးထားသည်။ Galaxy A တွင် ဖုန်း၏ RAM နှင့် မင်မိုရီပိုင်းကိုလည်း ထပ်မံတိုးမြှင့်ပေးထားရာ RAM 3GB နှင့် အင်တာနယ်မင်မိုရီ 32GB အထိ ပါဝင်ပြီး Micro SD ကတ်ကို အသုံးပြုပါက 256 GB အထိ ထပ်မံတိုးမြှင့်အသုံးပြုနိုင်ရန် ပံ့ပိုးပေးထားသည်။ ဘက်ထရီပိုင်းတွင်လည်း သက်တမ်းပိုမိုကြာရှည်စွာ အသုံးပြုနိုင်မည့် စွမ်းရည်များတိုးမြှင့်ပေးထားပြီး အချိန်တိုအတွင်းလျင်မြန်စွာအားပြန်ပြည့်နိုင်သည့် Fast Charge အားသွင်းစနစ်ကိုလည်း ထည့်သွင်းထားသည်။

Galaxy A series စမတ်ဖုန်းများကို သုံးစွဲသူများအနေဖြင့် အချက်အလက်များနှင့် ဓာတ်ပုံများအား Samsung Cloud တွင် လွယ်ကူစွာသိမ်းဆည်းထားနိုင်ခွင့်ကိုလည်း ရရှိမည်ဖြစ်သည်။ ထို့အတူ ဖုန်းတွင်းမှ ကိုယ်ရေးအချက်အလက်များ လုံခြုံစိတ်ချရမှုအတွက် biometric authentication လက်ဗွေရာလုံခြုံရေးစနစ်ကို ထည့်သွင်းပေးထားပြီး Secure Folder အတွင်း လုံခြုံစိတ်ချစွာ အချက်အလက်များအား သိမ်းဆည်းထားနိုင်မည့် လုပ်ဆောင်ချက်လည်း ပါဝင်သည်။

Galaxy A Series စမတ်ဖုန်းနှစ်မျိုးစလုံးကို ကိုယ်ထည်အရောင်အနေဖြင့် အနက်ရောင်၊ ရွှေရောင်၊ အပြာရောင်နှင့် ပန်းရောင် စသဖြင့် အရောင်လေးမျိုး ရရှိနိုင်မည်ဖြစ်ကာ ဈေးနှုန်းအနေဖြင့် Galaxy A5 မှာ ကျပ် ၅၂၅၀၀၀ ဖြစ်ကာ A7 မှာ ကျပ် ၆၂၅၀၀၀ ဖြစ်သည်။ Galaxy A Series စမတ်ဖုန်းများကို ဇန်နဝါရီ ၈ ရက်မှ ၂၂ ရက်အတွင်း ကြိုတင်မှာယူစနစ်ဖြင့် ဝယ်ယူသူများအနေဖြင့် 64GB micro SD card နှင့် Type C Adapter တို့အပါအဝင် လက်ဆောင်များ ရရှိမည်ဖြစ်ကာ ဖုန်းများကို တယ်လီနောဆင်းကတ်များဖြင့် တွဲဖက်၍ အသုံးပြုမည့်သူများအနေဖြင့် လစဉ် ၃၀၀၀ ကျပ် ဖုန်းငွေဖြည့်သွင်းတိုင်း အင်တာနက်ဒေတာ 1GB အခမဲ့အသုံးပြုမှုကို ခြောက်လဆက်တိုက် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# အိုင်စီတီနှင့် မိုဘိုင်းနည်းပညာပြပွဲ ၂၀၁၇ ကျင်းပလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၏ ပထမအကြိမ် နည်းပညာပြပွဲဖြစ်သည့် Yangon ICT Fair 2017(Computer & Mobile)ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၆ ရက်က စတင်ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။




ပြပွဲတွင် ပြည်တွင်းပြည်ပ နည်းပညာကုမ္ပဏီ ၅၀ ကျော်က ပြခန်းပေါင်း ၁၄၀ ဖြင့် ခင်းကျင်းပြသလျက်ရှိပြီး အဆိုပါ ပြခန်းများတွင် နောက်ဆုံးပေါ် ကွန်ပျူတာအမျိုးမျိုးနှင့် လက်ပ်တော့အမျိုးမျိုး၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ပရင်တာအမျိုးမျိုး၊ မိုဘိုင်းဖုန်းများနှင့် မိုဘိုင်းဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာသုံးဆော့ဖ့်ဝဲများနှင့် အင်တီဗိုင်းရပ်စ်ဆော့ဖ်ဝဲများ၊ ပြည်တွင်း ကုမ္ပဏီများမှထုတ်လုပ်သော မိုဘိုင်းအပလီကေးရှင်းများနှင့် ဂိမ်းများ၊ ပြည်တွင်းနည်းပညာ ကုမ္ပဏီများ၏ ဝက်ဘ်ဆိုက်များ၊ နောက်ဆုံးပေါ် ICT နည်းပညာများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို အထူးဈေးနှုန်းများ၊ ကံစမ်းမဲအစီအစဉ်များ စသည့် ပရိုမိုးရှင်းအစီအစဉ်များဖြင့် ပြသရောင်းချလျက်ရှိကာ ကွန်ပျူတာသင်တန်းများနှင့် မိုဘိုင်းနည်းပညာသင်တန်းများကလည်း ပြခန်းများဖွင့်လှစ်၍ အထူးဈေးနှုန်းများဖြင့် သင်တန်းများ လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# ဒေါ်လာဈေးနှင့်အတူ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလည်း ဈေးနှုန်းအမြင့်တွင်ရှိနေ

**ရန်ကုန် ဒီဇင်ဘာ ၆**

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက စံချိန်တင်မြင့်တက်ခဲ့သော ဒေါ်လာဈေးနှုန်းများသည် ဒီဇင်ဘာလကုန်ပိုင်းနှင့် ဇန်နဝါရီလဆန်းတွင် အနည်းငယ် ပြန်လည်ကျဆင်းလျက်ရှိသော်လည်း ဈေးနှုန်းအပြောင်းအလဲရှိနေသဖြင့် ဒေါ်လာဈေးအပေါ်မှုတည်၍ ဈေးအတက်အကျရှိတတ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ဈေးနှုန်းအမြင့်တွင် ရှိနေကြောင်း ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်များမှ သိရသည်။

“ဈေးနှုန်းကတော့ ဒေါ်လာဈေးအပေါ် အခြေခံတာဆိုတော့ ခုရက်ပိုင်းမှာ ဒေါ်လာက ဈေးနည်းနည်းပြန်ကျတော့ ကွန်ပျူတာဈေးနှုန်းတွေလည်း ကျတာပေါ့။ လက်ပ်တော့တွေရော၊ Notebook တွေရော၊ ဒက်စ်တော့ပ်တွေရော ဈေးနည်းနည်းစီကျပါတယ်။ ဒါပေမယ့် ဒီဇင်ဘာမတိုင်ခင် အရင်လတွေနဲ့ယှဉ်ရင် ဈေးနှုန်းက များနေသေးတယ်။ ကွန်ပျူတာနဲ့ လက်ပ်တော့တွေ အရောင်းအဝယ်သွက်တဲ့ ဖေဖော်ဝါရီလကုန်လောက်ဆိုရင်တော့ ဈေးနှုန်းတွေ ပြန်ကျသွားဖို့ မျှော်လင့်တယ်” ဟု ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်ရှင်တစ်ဦးက ပြောသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက စံချိန်တင်မြင့်တက်ခဲ့သော ဒေါ်လာဈေးသည် လလယ်ပိုင်းတွင် တစ် ဒေါ်လာလျှင် ကျပ် ၁၄၃၀ ကျော်အထိ ရှိခဲ့ကာ နောက်ပိုင်းတွင် တဖြည်းဖြည်း ပြန်လည်ကျဆင်းလာရာ လကုန်ပိုင်းတွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၇၀ ဝန်းကျင်ရှိခဲ့သည်။ ထို့နောက် ဇန်နဝါရီလဆန်းတွင် ဈေးဆက်ကျနေရာ ယခု ဇန်နဝါရီ ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၅၂ ကျပ် ရှိနေသည်။

သို့ရာတွင် ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့တွင် ICT နည်းပညာပြပွဲ ရှိနေသဖြင့် ပြပွဲတွင်မူ ပရိုမိုးရှင်းအစီအစဉ်များကြောင့် ဈေးနှုန်းပိုမိုသက်သာလိမ့်မည်ဟု ဝယ်ယူမည့်သူအချို့က မျှော်လင့်နေကြသည်။

“ကျွန်တော်တို့ ကုမ္ပဏီအတွက် Desktop သုံးစုလောက်ဝယ်ဖို့ သွားစုံစမ်းတာ ဈေးတွေက အကုန်တက်နေတယ်။ Core i5, i7 နဲ့ အလယ်အလတ်ထဲက ဆင်မယ်ဆိုရင် UPS အပါအဝင် တစ်လုံးကို အနည်းဆုံး ခုနစ်သိန်းခွဲလောက် ကျနေတယ်။ ပုံမှန်ဆိုရင် ဒီအချိန်က ဈေးသိပ်တက်လေ့ရှိတဲ့ ကာလမဟုတ်ဘူး။ ဒီရက်ထဲမှာ ICT ပြပွဲကလည်း ရှိနေတော့ ပြပွဲကျမှဝယ်ဖို့ စဉ်းစားနေတယ်”ဟု ပြောသည်။

လက်ရှိအချိန်တွင် ဒေါ်လာဈေးမှာ အမြင့်တွင် ရှိနေခြင်းကြောင့် ကွန်ပျူတာဈေးကွက်တွင် အဓိကအားဖြင့် ဈေးနှုန်းကို ဒေါ်လာဖြင့်သတ်မှတ်ကာ ရောင်းချချိန်တွင် မြန်မာငွေပေါက်ဈေးဖြင့်တွက်ရောင်းသည့် လက်ပ်တော့ပ်နှင့် Notebook များက ဈေးအမြင့်ဆုံးတွင် ရှိနေသည်။ ပစ္စည်းတစ်ခုချင်း စိတ်ကြိုက်ဆင်၍ ဝယ်ယူလေ့ရှိသည့် စားပွဲတင်ကွန်ပျူတာ(Desktop)များကလည်း ပစ္စည်းတစ်ခုချင်း ဈေးနှုန်းအပေါ် မူတည်၍ ဈေးအမြင့်ပိုင်းရောက်နေသည်။

**သူရဖြိုး**

## မြေပဲဆန်တင်ပို့ခြင်းလုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**မြဝတီ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းမှ မြေပဲဆန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီများအနေဖြင့် မြေပဲဆန်တင်ပို့ရာတွင်ဆောင်ရွက်ရမည့်လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီများ တွေ့ဆုံဆွေးနွေးပွဲကို မြဝတီမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ထိုင်းနိုင်ငံသို့တင်ပို့သော မြေပဲဆန်များ၌ မှိုအဆိပ်များ မပါရှိစေရန်နှင့်မှိုအဆိပ်ပါဝင်မှု သတ်မှတ်ချက်ထက် မကျော်စေရန်၊ ယင်းသတ်မှတ်ချက်နှင့်အညီ တင်ပို့ကြရန်၊ အဆိုပါ မြေပဲဆန်များကို ရန်ကုန်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးရမည်ဖြစ်ပြီး ဓာတ်ခွဲခန်းတွင် အဖြေရမှသာထုတ်ပြီး တင်ပို့ရမည်ဖြစ်ကြောင်းစသည့်အချက်များအပါအဝင် အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော မြေပဲဆန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်နေကြသည့် ကုမ္ပဏီရှစ်ခုမှ တာဝန်ရှိသူများက ၎င်းတို့၏အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## နှစ်ကျိပ်ရှစ်ဆူ ဆုတောင်းပြည့်ဘုရား လှည့်လည်အပူဇော်ခံ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးပြီး မြို့မရပ်ကွက်ပေါင်းစုံနှင့် ဌာနဆိုင်ရာပေါင်းစုံတို့ ပူးပေါင်းကျင်းပသော မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာနှစ်ကျိပ်ရှစ်ဆူ ဆုတောင်းပြည့်ဘုရား (၁၀၉) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တစ်ပတ်လှည့်လည် အပူဇော်ခံပွဲ ကို ဇန်နဝါရီ ၄ ရက်က ကျင်းပသည်။

လှည့်လည်အပူဇော်ခံရာတွင် ပြည်လုံးချမ်းသာနှစ်ကျိပ်ရှစ်ဆူ အရှေ့ဘက်မျက်နှာစာစုရပ်မှနေပြီး စတင်လှည့်လည် အပူဇော်ခံကြသည်။

အဆိုပါ ဘုရားများသည် ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ မြို့မရပ်ကွက် ပေါင်း ၁၃ ရပ်ကွက်သို့ အပူဇော်ခံခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

**(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က မသန်စွမ်း (ဉာဏ်ရည်မမီ) ဘိုးလင်းအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က တာမွေမြို့နယ် သုဝဏ္ဏကွင်းအတွင်းရှိ Right Track Bowing ၌ ကျင်းပရာ တာမွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေ၊ မြန်မာနိုင်ငံဘိုးလင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ကြစဉ်**
တင်စိုး(မြန်မာ့အလင်း)




## ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်တောင်ရွာ မဟာဗောဓိတစ်ထောင်ဗန္ဓဝတောင်ကုန်းပေါ်၌ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူရုပ်ပွားတော်ကြီး တည်ဆောက်နေမှုမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဘုရားကြီး တည်ဆောက်နေသော မြန်မာမှုပညာရှင် (ရုပ်လုံးဖော်) ဆရာ ဦးမြင့်လေးက ဇန်နဝါရီ ၂ ရက်က ပြောသည်။



မဟာဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ ဦးဆောင်စီစဉ်မှုဖြင့် မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေအတွင်း၌ အလျားပေ ၃၀၀ ရှိ လျောင်းတော်မူတစ်ဆူ၊ ဉာဏ်တော်အမြင့် ၄၂၄ ပေရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး တစ်ဆူကို တည်ဆောက်ခဲ့သည်။

ဆရာတော်ကြီးမှာ မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်က ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ ရည်မှန်းချက်မှာ ဤမဟာဗောဓိတစ်ထောင်သာသနာ့နယ်မြေအတွင်း၌ လျောင်းတော်မူ၊ ကမ္ဘာ့အကြီးဆုံး ရပ်တော်မူနှင့် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးများ တည်ထားလိုခြင်းဖြစ်သည်။

ထို့အတွက် ဆရာတော်ကြီးပျံလွန်တော်မူခဲ့သော်လည်း ကျောင်းတိုက်ပဓာန နာယကဆရာတော်များ၊ ဆရာတော်ကြီး၏ တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ၏ ရည်မှန်းချက်ကို ဖြည့်ဆည်းကြခြင်းဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မဟာဗောဓိတစ်ထောင်နယ်မြေ တောင်ဘက်အရပ်တွင် တည်ထားသကဲ့သို့ ရပ်တော်မူဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ဘယ်ဘက်အရပ် တွင် တည်ထားခြင်းဖြစ်သည်။

ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် တန်ခူးလအတွင်းက ပန္နက်တော်တင်မင်္ဂလာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အလယ်(ရင်ဘတ်တော်)၌ ဌာပနာသွင်း မင်္ဂလာပြုလုပ်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

ဉာဏ်တော်အမြင့်မှာ ၂၃၄ ပေ၊ ဒူးအကျယ် ပေ ၁၆၀၊ ဦးခေါင်းတော်ပေ ၈၀၊ မျက်နှာတော်ပေ ၄၀၊ မျက်လုံးတော် ၁၀ ပေ၊ နှုတ်ခမ်းတော် ၁၃ ပေရှိသည်ဖြစ်ပြီး မျက်လုံးတော်၊ မျက်ခုံးတော်၊ နှာခေါင်းတော်၊ နှုတ်ခမ်းတော်တို့အား ခေတ်မီပညာဖိုင်ဘာများဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် မျက်နှာတော်တစ်ပုံစံ တည်းဖြစ်မည်ဖြစ်ကြောင်း မြန်မာမှု ပညာရှင် (ရုပ်လုံးဖော်) ဆရာ ဦးမြင့်လေး ကပြောပြသည်။ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီး အတွင်းနံရံများ၌ ဗုဒ္ဓရုပ်ပွားဆင်းတုငယ်များဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး ဘုရားကြီးတည်ဆောက်မှုလုပ်ငန်းမှာ နောက်တစ်နှစ်ခန့်ကြာမြင့်နိုင်သေးကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## နှစ် ၁၀၀ ကျော်သက်တမ်းရှိ ကြေးသွန်းခေါင်းလောင်းကြီး သွားရောက်လေ့လာနိုင်



**ရမည်းသင်း ဇန်နဝါရီ ၆**

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က သွန်းလောင်းလှူဒါန်းခဲ့သော ကြေးသွန်းခေါင်းလောင်းကြီးတစ်လုံးကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပန်းသွင်းကျေးရွာနှင့် ပန်းသွင်းကျေးရွာအနီးရှိ ရှေးဟောင်းသမိုင်းဝင် ရွှေခြသေ့်ပျောက် ရွှေယင်ဆိုင်းဘုရားကြီး ပရိဝုဏ်တွင် တွေ့ရှိခဲ့ရသည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ရွှေခြသေ့်ပျောက် ရွှေယင်ဆိုင်းဘုရားကြီးကို သာသနာ့ဒါယကာ သီရိဓမ္မာအသောကမင်းကြီးတည်ထားခဲ့သည်ဟု သိရှိရပြီး ခေါင်းလောင်းကြီးမှာ ဘုရားပရိဝုဏ်၏အနောက်တောင်ထောင့်တွင် တည်ရှိသည်။

ခေါင်းလောင်းကြီး၏ အတိုင်းအတာမှာ လေးပေ (ပုစွန်ကွေးခေါင်းလောင်းထမ်းဂွင်းအပါအဝင်) နီးပါးရှိပြီး ခေါင်းလောင်းကြီး၏အောက်ခြေအဝမှာ နှစ်ပေရှိသည်။ ခေါင်းလောင်းကြီး၏ထိပ်ပိုင်း ပုစွန်ကွေးခေါင်းလောင်းထမ်းကွင်းတွင် ဇာတ်ကြီးဆယ်ဘွဲ့ ဝေဿန္တရာဇာတ်တော်တွင်ပါရှိသော သား သမီး လှူခန်း ၊ သစ်သီးရှာခန်း၊ ခြင်္သေ့၊ ကျားရန်ကြောက်၍ သစ်ပင်ပေါ် သား သမီးများ တက်အိပ်နေကြပုံစသော ဇာတ်တော်ပါပုံများကို လက်ရာမြောက်စွာ ပြုလုပ်ထားသည်ကို တွေ့ရသည်။

အဆိုပါ ခေါင်းလောင်းကြီးကို အောက်ခံအုတ်ခံ အမြင့်သုံးပေအပေါ်တွင် ကိုးပေခန့်ရှိသော အုတ်အင်္ဂတေ လေးထောင့်တိုင်ကြီးနှစ်လုံးတွင် ချိတ်ဆွဲထားသည်။

ယင်းခေါင်းလောင်းကြီးတည်ရှိရာ ရွှေယင်ဆိုင်း ဘုရာကြီးပရဝဏ်တွင် ခေါင်းလောင်းကြီးကဲ့သို့ပင် မြန်မာ့လက်မှုပညာများဖြင့် ပြုလုပ်ထားသော သာသနိကအဆောက်အအုံများစွာ တည်ရှိသည်ဖြစ်၍ မြန်မာမှုလက်မှုပညာသမိုင်းများ လေ့လာနိုင်ပါကြောင်း ဖော်ပြလိုက်ရပေသည်။

**အတ်ကလေး(ရမည်းသင်း)**

## (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**သဲကုန်း ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ အောင်ဆန်းစာကြည့်တိုက်တွင် ကျင်းပသည့် အောင်ဆန်းစာကြည့်တိုက် အဆောင်သစ်ဖွင့်ပွဲနှင့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၂၀ဖြင့် ဆောက်လုပ်ခဲ့သော စာကြည့်တိုက်ဘေးတွဲအဆောင်သစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် စာကြည့်တိုက်ဘေးတွဲဆောင် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ပါဝင်ယှဉ်ပြိုင်သူ ရှစ်ဦး၊ အလယ်တန်းအဆင့် ပါဝင်ယှဉ်ပြိုင်သူ ခုနစ်ဦးနှင့် အထက်တန်းအဆင့်ပါဝင်ယှဉ်ပြိုင်သူခြောက်ဦး စုစုပေါင်း ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇလုံတောင်ဘုရားလမ်း တံတားတည်ဆောက်ရန် ငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော် သုံးစွဲသွားမည်



**ဗန်းမောက် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင် ဘုရားသို့ သွားရာတွင် လမ်းပန်းဆက်သွယ်မှုများခက်ခဲလျက်ရှိသဖြင့် ယခုနှစ် ဘုရားဖူးရာသီတွင် တံတား ၁၀ စင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော်သုံးစွဲကာ ဖေဖော်ဝါရီလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဗန်းမောက်မြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူးဦးညီဆွေက ပြောကြားသည်။

ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ဇလုံတောင်ဘုရားသို့သွားသည့်လမ်းမှာ ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီရန်ပုံငွေဖြင့် တံတားတည်ဆောက်ခြင်း၊ ရေပြွန် ၂၆ ခု ပြုလုပ်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လမ်းပန်းဆက်သွယ်ရေးကတော့ မကောင်းသေးပါဘူး။ အခုလက်ရှိ ဘုရားဖူးတွေအဆင်ပြေအောင် ကားလမ်းသွားလို့ရအောင်တော့ မြေသားတွေကို အမြန်ထိန်းညှိပေးနေပါတယ်။ နောက်ပြီး လမ်းအဆင့်မြှင့်တင်တာ၊ တံတားဆောက်တာတွေကို လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဇလုံတောင်သို့ နှစ်စဉ် ဘုရားဖူးရှစ်သောင်းဝန်းကျင် လာရောက်ဖူးမြော်လေ့ရှိပြီး ယခုနှစ်တွင် ဘုရားဖူးတစ်သိန်းကျော် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း ဇလုံတောင် သာသနာပြု အကျိုးဆောင်ဆရာတော် ဘဒ္ဒန္တဦးဓမ္မက မိန့်ကြားသည်။

"ဒီတောင်ရဲ့ပွဲမှန် ခရီးသွားရာသီက နိုဝင်ဘာလကနေပြီးတော့ မေလလောက်ထိရှိတယ်။ အခါကြီးရက်ကြီးတွေမှာတော့ ပိုပြီးလူစည်ကားတာတွေ့ရတယ်။ မြန်မာပြည်အနှံ့က ဘုရားဖူးတွေအပြင် နိုင်ငံခြားသားတွေလည်း လာရောက်ကြတယ်။ ဒီနှစ်တော့ ခရီးသွားတွေပိုများလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုထက်ပိုပြီး လမ်းပန်းဆက်သွယ်ရေးကောင်းလာရင်တော့ ပိုပြီးစည်ကားလာမှာပါ"ဟု ဆရာတော်က ဆက်လက်မြွက်ကြားသည်။

အဆိုပါ ဘုရားသည် ဗန်းမောက်မြို့ မြောက်ဘက် ၁၄ မိုင်ခန့် အကွာတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၉၀ အမြင့်တွင်တည်ရှိကာ ၂၀၀၄ ခုနှစ်မှစတင်၍ တောင်တက်မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် တောင်တော်အရောက် မြေသားလမ်းကို အပြီးဖောက်လုပ်နိုင်ခဲ့ကြောင်းနှင့် အဆိုပါဣစ္စာသယချမ်းသာကြီးဘုရားပွဲတော်ကို နှစ်စဉ် ဧပြီ ၂၃ ရက်မှ စတင်ကာ ၁၀ ရက် တိုင်တိုင်ကျင်းပလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝါးများကို စနစ်တကျခုတ်ယူခြင်းမရှိပါက ဝါးတောများ ပြုန်းတီးလာမည်



**ပေါင် ဇန်နဝါရီ ၆**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းပေါ်တွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဝါးပင်များကို စနစ်တကျခုတ်ယူခြင်းမရှိပါက ဝါးတောကြီးများ ပြုန်းတီးလာမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသူများထံမှ သိရသည်။

ဝါးများကို အိမ်ဆောက်ခြင်း၊ ထရံရက်ခြင်း၊ အသုံးအဆောင်ပစ္စည်းရက်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် အသုံးပြုခြင်း၊ နေအိမ်ခြံဝင်းကာရံရာတွင် အသုံးပြုခြင်းတို့ကြောင့် ဝါးခုတ်သမားများ၊ ဝါးရက်လုပ်ငန်းများလုပ်ကိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းကို ရရှိစေသော်လည်း ဝါးများကို စနစ်တကျခုတ်ယူခြင်းမရှိပါက ဝါးတောကြီးများ ပြုန်းတီးလာမည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဘက်မှာက ဝါးပိုး၊ ကြိမ်ဝါး၊ နီးဝါး၊ ဝါးနွယ်တွေက အဓိကပေါက်တယ်။ ဝါးကအသုံးဝင်တာတော့မှန်တယ်။ တစ်ဖက်က ပြန်ကြည့်ရင်လည်း ဝါးတောကြီးတွေ ပြုန်းတီးလာတာကို တွေ့ရတယ်လေ။ စိုက်ယူတဲ့ ဝါးပဲဖြစ်ဖြစ်၊ သဘာဝအလျောက်ပေါက်ရောက်တဲ့ ဝါးပဲဖြစ်ဖြစ် ဒီလိုမပြုန်းတီးအောင် ဝါးရုံတစ်ရုံမှာရှိတဲ့ အပင် ၅၀ကို အပြောင်ခုတ်မယ့်အစား တစ်ရုံကို အပင် ၂၀ လောက်ပဲ ရင့်တဲ့ဝါးကို အလှည့်ကျတစ်ရုံပြီးတစ်ရုံ ခုတ်ယူသုံးစွဲမယ်ဆိုရင် ဒီဝါးရုံလည်းမပြုန်းတီးတဲ့အပြင် ဝါးရှားပါးမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်မယ်။ ဒီတော့ဝါးတွေကို စနစ်တကျခုတ်ယူတာတို့၊ ဝါးကိုပြန်တိုးချဲ့စိုက်ပျိုးတာတို့၊ စနစ်တကျထိန်းသိမ်းတာတို့ကို ဒေသခံတွေ သိရှိနားလည်အောင် ကျွန်တော်တို့ဌာနတွေ အနေနဲ့လည်း ဟောပြောပွဲတွေလုပ်တိုင်း ဝါးနဲ့ပတ်သက်တဲ့ ထိန်းသိမ်းရမယ့် နည်းလမ်းကို ထည့်သွင်းဟောပြောနေပါတယ်"ဟု ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းဝင်းက ပြောသည်။

ယခုအခါ ပြည်တွင်း၌ ဝါးများကို အသုံးချမှုများပြားနေခြင်းကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးရိုးမတောင်တန်းများတွင် ဝါးတောကြီးများသည်လည်း တဖြည်းဖြည်း ပြုန်းတီးလျက်ရှိလာသည်။ ဒေသခံများအပါအဝင် ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းတို့ကို မပြုလုပ်နိုင်ပါက သဘာဝဝါးတောကြီးများ ပြုန်းတီးလာကာ ရာသီဥတုပြောင်းလဲမည့်အန္တရာယ်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မည့်အန္တရာယ်များ ကြုံတွေ့လာနိုင်မည်ဟု သိရသည်။ **ကိုဟိန်း(ပေါင်)**

# ယဉ်ကျေးလိမ္မာဓမ္မစကူး သင်တန်းဆင်း

**မိတ္ထီလာ ဇန်နဝါရီ ၆**

မိတ္ထီလာမြို့နယ် အထက (၂)တွင် ဖွင့်လှစ်သင်တန်းပို့ချသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓယဉ်ကျေးမှု ပြန့်ပွားရေးနှင့်လူမှုရေးအဖွဲ့ သစ္စာဝေဒဂူအဖွဲ့ခွဲ အမှတ်(၂)၏ သစ္စာပန်းခိုင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဓမ္မစကူး ဒုတိယအကြိမ် သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ယင်းကျောင်းကွင်းပြင်ရှိ ဆုပေးမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းဆင်းပွဲတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ အရှင်ခေမာစာရ မန္တလေးမြို့ ရေတံခွန်တောင် သစ္စာဝေဒဂူဆရာတော်က သင်တန်းဆင်းသြဝါဒစကား မိန့်ကြားသည်။

ထို့နောက် သင်တန်းတက်ရောက်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းသစ္စာပန်းခိုင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ဓမ္မစကူး ဒုတိယအကြိမ်သင်တန်းကို ဇွန် ၅ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၄၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကွန်ပျူတာ၊ အင်တာနက်နည်းပညာသင်တန်းဖွင့်

**မောင်တော ဇန်နဝါရီ ၆**

မောင်တောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်လူငယ်လူရွယ်များ၏ အသိအမြင်တိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာ၊ အင်တာနက်အခြေခံ(အခမဲ့)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ခရိုင်ကျေး/လက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား/သူ ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ (၃-၁-၂၀၁၇) မှ (၁၇-၂-၂၀၁၇) အထိဖြစ်ပြီး ပထမအကြိမ်ဖွင့်လှစ်ပေးခြင်းဖြစ် ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# အာလူးစိုက်ပျိုးရာတွင် ပိုက်များသွယ်တန်း၍ ရေဖျန်းသည့်စနစ်အသုံးပြုလာ

**တပ်ကုန်း ဇန်နဝါရီ ၆**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံဖြစ်သည့် ကြက်သွန်၊ အာလူးစိုက်ပျိုးခင်းများတွင် ယခင်က ရေသွင်း၊ ရေလောင်းစနစ်အစား PVC ပိုက်များသွယ်တန်း၍ ရေမွှားခေါင်းများတပ်ဆင်ပြီး ရေဖျန်းသည့်စနစ်ကို စတင်ပြောင်းလဲအသုံးပြုစိုက်ပျိုးလာကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"အရင်က ရေသွင်းမြောင်း၊ ရေဖျန်းလမ်းများပြုလုပ်ရတော့ မြေအလေအလွင့်ရှိတယ်။ အခုစနစ်က နေရာလပ်မရှိစိုက်ပျိုးနိုင်တော့ အပင်စိုက်ကွက်တိုးတယ်။ ရေမွှားစနစ်ကြောင့် မြေပွလွယ်ပြီး တူးဖော်ချိန်မှာလည်း ဥများအလေအလွင့်နည်းပါတယ်"ဟု ရှားတောကျေးရွာမှ အာလူးစိုက်တောင်သူ မခင်ချိုက ပြောပြသည်။

ရာသီဥတုပေါ်မူတည်၍ ယခုနှစ်တွင် နတ်တော်လဆန်းပိုင်းမှ စတင်ကာ ယာမြေများတွင် အာလူးခင်းများ စတင်စိုက်ပျိုးနေကြပြီး ရေသွင်းခြင်း၊ ရေထမ်းလောင်းခြင်းစနစ်မှ ပိုက်သွယ်ရေဖျန်းစနစ်ကို တောင်သူအချို့ပြောင်းလဲစိုက်ပျိုးလာကြောင်း၊ အဆိုပါစနစ်အသုံးပြုရာတွင် ယာမြေနှင့်လယ်မြေများ၌ စိုက်ပျိုးသော ကြက်သွန်ခင်း၊ အာလူးခင်းများတွင်သာ အသုံးပြုကြကြောင်း၊ သဲချောင်းမြေများ၌ အသုံးပြု၍ အဆင်မပြေကြောင်း၊ အလုပ်သမားအင်အားလျှော့ချနိုင်သည့် ပိုက်သွယ်ရေဖျန်းစနစ်ကို အသုံးများလာကြောင်း၊ ကြက်သွန်၊ အာလူးစိုက်ပျိုးခြင်းသည် တပ်ကုန်းနယ်မှ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် နှစ်စဉ် ဆောင်းသီးနှံဖြစ်စိုက်ပျိုးကြောင်း သိရသည်။ **တင်စိုးလွင်**



# အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်း အခြေခံသင်တန်းဖွင့်

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကြီးမှူးဖွင့်လှစ်သော အထည်ပန်းပုံရိုက်နှင့်ဆေးရေးနည်းအခြေခံသင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အဆိုပါသင်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၅ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်/မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြသိန်းက အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်မဇ္ဇူဝင်း၊ ဦးစီးနည်းပြအဖွဲ့ဝင်များ၊ သင်တန်းသူ ၃၀ တို့ကို နှစ်ပတ်တာကာလအတွင်း ဘောင်ကြပ်နည်း၊ ဒီဇိုင်းလုပ်နည်း၊ ရိုက်နည်း၊ ဆီရေဖျော်စပ်နည်း၊ ဆေးရေးနည်း၊ စုတ်တံကိုင်နည်း၊ ဂျက်ဖောက်နည်း၊ ဆေးစပ်နည်း၊ ဒီဇိုင်းရိုက်နည်း၊ ရွှေကြောလိုက်နည်း၊ ကျောက်စီနည်း၊ ရွှေပါတိပ်ဆေးဖျော်နည်း ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**


STI
MYANMAR
UNIVERSITY
University of Bedfordshire
University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့်
MSc
Public Health
January Intake!
သင်တန်းပြီးဆုံးပါက အင်္ဂလန်နိုင်ငံ တော်ဝင် ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းကြီး ဖြစ်သည့် UK Royal Society for Public Health ၏ အသိအမှတ်ပြုအဖွဲ့ဝင်တစ်ဦး အဖြစ် ရပ်တည်နိုင်ပြီး နိုင်ငံတကာတွင် ပြည်သူ့ကျန်းမာရေးပညာရှင်အဖြစ် အသက်မွေးနိုင်ပါသည်။
Queen's Award ချီးမြှင့်ထားခြင်းခံရသော University of Bedfordshire ( UK ) မှ တိုက်ရိုက် ချီးမြှင့်ပါသည်။
Entry Requirements
- တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားပြီး IELTS 6.0 or Equivalent ရရှိထားသူများ
Education Loan Program ရှိပြီး သင်တန်းကာလမှာ (၂)နှစ်ကြာမြင့်ပါမည်။
Scholarship Available
Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451
www.stiedu.net
https://www.facebook.com/STIMyanmarUni

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်

ဂုဏ်ထူး ဦးအောင်ခိုင်

2017 English Question 5 Sets

၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

MOONSTAR

ENGLISH LANGUAGE CENTRE

Certificate in Business Executive English

GENERAL ENGLISH (4 SKILLS) & ENGLISH FOR MUMS & TAXI BOSSES

KET; PET; FCE; CAE; CIE; IELTS; TOEFL; NEW SAT

Inquiries are welcome. Classes will start soon.

No. 173, 1st fl (R), 40th Street (Mid Block), Kyauktada Township, Yangon.

Ph : 01-254860, 09-421153244, 09-250026081, 09-965129358

f : www.fb.com/moonstar

တာဝန်ခံ ဦးချမ်း၊ ဆရာ


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဦး၊ ကသာ၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့နယ်များရှိ လယ်မဲ့ယာမဲ့များအတွက် မြေလွတ်မြေရိုင်းများကို လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၆-၁-၂၀၁၇ရက်မှ ၁၇-၁-၂၀၁၇ ရက်အထိ

(ခ) **တင်ဒါပိတ်ရက်** - ၁၉-၁-၂၀၁၇ ရက် ညနေ ၄ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၁-၁-၂၀၁၇ ရက်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနရုံး၊ ဖုန်း-၀၇၁-၂၃၇၇၁၊ ၀၇၁-၂၄၉၅၂၊ ၀၉-၂၁၃၀၅၀၁ တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**


ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉

အင်္ဂလိပ်စာ

လေ့လာနေသူများအတွက်

ဆရာဦးမိုးမြင့်မောင် (Top English)(a) Saya William၊ ဆရာအောင်အောင်

- General English 4-Skills
- Grammar+Writing
- Phonetics အသံထွက်နည်းသင်တန်း
- အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်ပြီ။

EVER TOP

ဘာသာစကားသင်တန်းကျောင်း

Ph:09254903604, 09799656514

ကြိုတင်မှာပါ

မှာသူများလို့ ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့

09 5095 095, ☎ 01-682844

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

ဗိတိုရိယ ဆေးရုံ

Victoria Hospital

Quality Care

High Tech ENT Head & Neck Surgery ONE STOP SOLUTION

မလေးရှားနိုင်ငံမှ

နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုပါမောက္ခဆရာဝန်ကြီးက

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများအား ကမ္ဘာ့အဆင့်မြင့်နည်းပညာဖြင့် အမေရိကန်နိုင်ငံလုပ် အကြမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြောနှီးဆွစက် Cochlear Implant ကို ဝါရင့် ကမ္ဘာကျော်မလေးရှားမှခွဲစိတ်ဆရာဝန်ကြီးဖြင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ပေးခြင်း၊ ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကာစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလိုခွဲစိတ်ကုသပေးခြင်း။

Hot Lines: +95 9 783666 141 ~ 144 Hunt Line: +95 1 9666 141

ဇန်နဝါရီလ (၁၃)ရက်နေ့ တွင် ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီလ (၁၄ နှင့် ၁၅)ရက်နေ့တွင် ခွဲစိတ်ကုသပေးမည်။

ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသဖြင့် ဇန်နဝါရီလ (၁၂)ရက်နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက - - - ၀၉၇၈၃၆၆၆၁၄၁ ~ ၁၄၄ - Extension: ၇၀၆၅ သို့ဆက်သွယ်နိုင်ပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Hot Lines: +95 9 783666 141 ~ 144 Hunt Line: +95 1 9666 141 Fax: 01- 9666 135

Website : www.victoriahospitalmyanmar.com Email: info@witoriyahospital.com Facebook : www.facebook.com/WictoriyaGeneralHospital



# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ မောင်တောဒေသသို့ ဒုတိယအကြိမ် မြေပြင်ကွင်းဆင်း စစ်ဆေးမှုများ စတင်ဆောင်ရွက်



**မောင်တော ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ဒုတိယအကြိမ် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ကြသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်၊ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးသုံးသပ်ပြီး အကြံပြုချက်များအဖြစ် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ အပြည့်အစုံကို နိုင်ငံတော်သမ္မတထံ သတ်မှတ်ချိန်အမီ တင်ပြနိုင်ရေးအတွက် မောင်တောဒေသသို့ ဒုတိယအကြိမ်အဖြစ် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✪

**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ကော်မရှင်အဖွဲ့ဝင်များ မောင်တောမြို့နယ် မြို့သူကြီးကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာ၏ လုံခြုံရေးနှင့် လူမှုစီးပွားအခြေအနေများကို မေးမြန်းပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးစဉ်** (သတင်းစဉ်)

## ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အသိုင်းအဝိုင်းတစ်ခုအား ထောက်ပံ့ရန် မလေးရှားနိုင်ငံ NGOs များ၏ ထောက်ပံ့ရေး ရေယာဉ်များ စေလွှတ်မည့် သတင်းနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အသိုင်းအဝိုင်းတစ်ခုအား ထောက်ပံ့ရန် မလေးရှားနိုင်ငံ NGOs များ၏ အထောက်အပံ့ရေယာဉ်များ စေလွှတ်မည့်သတင်းများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်နေ့စွဲဖြင့် မြန်မာနိုင်ငံရှိ မလေးရှားသံရုံးသို့ အကြောင်းကြားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်လိုက်သည်။

ထိုသို့ အကြောင်းကြားရာတွင် ရန်ကုန်မြို့ရှိ မလေးရှားသံရုံးအနေဖြင့် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အသိုင်းအဝိုင်းတစ်ခုအားကူညီရန် အထောက်အပံ့ရေယာဉ်များ စေလွှတ်ရန် စီစဉ်နေသော မလေးရှား NGOs များ၏ သတင်းများနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေး အလေးပေးဆောင်ရွက်နေခြင်းအပေါ် ဝမ်းမြောက်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအစိုးရများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အသိုင်းအဝိုင်း နှစ်ခုလုံးအတွက် ခွဲခြားမှုမရှိဘဲ ပေးပို့လာမည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို မြန်မာနိုင်ငံက ကြိုဆိုဝမ်းမြောက်ပါကြောင်း ဖော်ပြထားသည်။

ထိုသို့ ထောက်ပံ့ကူညီလိုသည့် အာဆီယံနိုင်ငံများအနေဖြင့် လျော်ကန်သင့်မြတ်သည့် သံတမန်လမ်းကြောင်းများမှတစ်ဆင့် အဆိုပြုချက်များ တင်ပြဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်သို့ လှူဒါန်းလိုသည့် လူသားချင်းစာနာထောက်ထားမှု

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## မုံရွာခရိုင်အတွင်း ယခုနှစ်ဆောင်းခိုငှက်ဝင်ရောက်မှု သိသိသာသာနည်းပါး



**မျိုးဝင်းထွန်း(မုံရွာ)**

မုံရွာ ဇန်နဝါရီ ၆

**ရာသီဥတုအေးသည့်အပေါ် မူတည်၍ ငှက်များဝင်ရောက်လေ့ရှိရာ မုံရွာခရိုင်အတွင်းရှိ အင်းများနှင့် ငှက်များကျက်စားတတ်သည့် နေရာများ၏ ပြောင်းလဲသွားသောပုံစံများကြောင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကဝင်သော ဆောင်းခိုငှက်အများစုသည် ယခုနှစ် ဇန်နဝါရီလအထိ ဝင်ရောက်မှု အလွန်နည်းနေကြောင်း ငှက်ကြည့်ကာ သုတေသနပြုရင်းစာသင်ကြားပြသနေသူ မုံရွာတက္ကသိုလ် သတ္တဗေဒကထိက ဒေါ်ခင်သန်းဆွေထံမှ သိရသည်။**

*စာမျက်နှာ ၇ ကော်လံ ၁* ❍